# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက် | ၂၀၂၂ ခုနှစ်၊ မေ ၁၂ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၁)၊ အမှတ် (၁၉၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# သွင်းကုန်လိုင်စင်၊ ပါမစ်တို့ ခွင့်ပြုချက်မရမီ ဆိပ်ကမ်းသို့ ကြိုတင်ရောက်ရှိလာသည့် ကုန်ပစ္စည်းများအား အရေးယူသည့် အစီအစဉ် မေ ၂၀ ရက်တွင် စတင်



သီလဝါစက်မှုဆိပ်ကမ်း။

နေပြည်တော် မေ ၁၁

ပြည်ပမှတစ်ဆင့် ကုန်ပစ္စည်းများ တင်သွင်းရာတွင် သွင်းကုန်လိုင်စင်၊ သွင်းကုန်ပါမစ် ခွင့်ပြုချက်မရှိဘဲ သင်္ဘောတင်လာခဲ့ပြီး ဆိပ်ကမ်းသို့ ကုန်ပစ္စည်းများ ကြိုတင်ရောက်ရှိနေကြောင်း စိစစ်တွေ့ရှိရပါက ယနေ့ မေ ၂၀ ရက်မှစတင်၍ ပို့ကုန်၊ သွင်းကုန်ဥပဒေဖြင့် အရေးယူသွားမည်ဖြစ်ကြောင်း သိရှိရသည်။

သွင်းကုန်လိုင်စင် လျှောက်ထားရန်လိုအပ်သည့် ကုန်စည်များ တင်သွင်းမှုနှင့် ပတ်သက်သည့် စည်းကမ်းသတ်မှတ်ချက် အမိန့်ကြော်ငြာစာအမှတ် ၅၀/၂၀၂၀ ကို ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ကြရန်အတွက် မေ ၅ ရက်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် သတင်းထုတ်ပြန်ထားခဲ့သည်။

အဆိုပါ ပို့ကုန်၊ သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာအတွင်း လုပ်ငန်းရှင်အချို့သည် အဆိုပါ အမိန့်ကြော်ငြာစာ ၅၀/ ၂၀၂၀ ကို လိုက်နာ ဆောင်ရွက်ခြင်းမရှိဘဲ ဆိပ်ကမ်းသို့ ကုန်ပစ္စည်းများ ရောက်ရှိမှုသာ စာမျက်နှာ ၅ ကော်လံ ၁ ❑

# ခြောက်လတာကာလအတွင်း ကော့သောင်းမြို့မှ ရနောင်းမြို့သို့ ရေထွက်ကုန်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၁၆၀ ကျော် ရရှိ



ရေထွက်ကုန်ပစ္စည်းများ တင်ပို့သည့် ရေယာဉ်တစ်စင်းကို တွေ့ရစဉ်။

ကော့သောင်း မေ ၁၀

တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ နယ်စပ်ဂိတ်များအနက် ကော့သောင်း - ရနောင်းနယ်စပ်ဂိတ်မှ ရေထွက်ကုန်ပစ္စည်း အများဆုံး တင်ပို့နိုင်ခဲ့ကြောင်း ကော့သောင်းခရိုင် ငါးလုပ်ငန်း ဦးစီးဌာနမှ သိရသည်။

မြန်မာ - ထိုင်းနယ်စပ် ကုန်သွယ်ရေးဂိတ်ဖြစ်သည့် မြန်မာနိုင်ငံ ကော့သောင်းမြို့မှ ထိုင်းနိုင်ငံ ရနောင်းမြို့သို့ ၂၀၂၁ ခုနှစ် အောက်တိုဘာမှ ၂၀၂၂ ခုနှစ် စာမျက်နှာ ၅ ကော်လံ ၁ ❄


**ယနေ့ ဖတ်စရာ**

နိုင်ငံတကာလေကြောင်းခရီးစဉ်များဖြင့် မြန်မာနိုင်ငံသို့ ဝင်ရောက်မည့် မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသား ခရီးသွားများအတွက် ပြည်သူ့ကျန်းမာရေးဆိုင်ရာ သတ်မှတ်ချက်များနှင့် ပတ်သက်၍ အမေးအဖြေအစီအစဉ် — တွေ့ဆုံမေးမြန်း — စာ - ၆

အမေရိကန်နိုင်ငံမှာ ကိုဗစ်-၁၉ မျိုးကွဲအသစ်တစ်မျိုး အရှိန်အဟုန်နဲ့ ခြေကုပ်ယူဖြစ်ပွားနေချိန်မှာ ဆေးရုံတက်ရတဲ့ ကလေးအရေအတွက်လည်း မြင့်တက်လျက်ရှိ — နိုင်ငံတကာရေးရာ — စာ - ၁၄

# ကျောင်းပိတ်ရက်မှာ အကျိုးရှိစွာ

မြန်မာနိုင်ငံတွင် လူငယ်ဦးရေ အချိုးအစားမြင့်မားသည့်အတွက် "လူဦးရေဆုလာဘ်"ကို ရရှိနေသည်ဟုပင် ဆိုသည်။ လူငယ်ဟု ဆိုရာတွင် အသက်အားဖြင့် ၁၆ နှစ်မှ ၃၅ နှစ်အရွယ်။ ငယ်ရွယ်သူများဖြစ်သောကြောင့် ရုပ်အဆင်းအားဖြင့် နုပျိုသည်။ ခွန်အားကောင်းသည်။ စိတ်အားတက်ကြွသူများဖြစ်သလို စိတ်ကစားသည့် အရွယ်။ အတုမြင်အတတ်သင်သည့် အရွယ်လည်းဖြစ်သည်။ စင်စစ်လူငယ်ဘဝသည် ၎င်း၏ ဘဝတစ်သက်တာလုံးအတွက် အရေးကြီးသည့်အချိန်အခါ အပိုင်းအခြားတစ်ခုဖြစ်သည်။ လူငယ်ဘဝ၏ ကောင်းမှု ဆိုးမှုတို့က ဘဝတစ်ခုလုံးအတွက် အဆုံးအဖြတ်ဖြစ်သွားနိုင်သည်ဟူ၍လည်း ယေဘုယျအားဖြင့် ဆိုနိုင်သည်။

လူငယ်ဘဝ၏ ရှေ့ပိုင်းကာလများမှာ ပညာသင်ကြားရမည့် အရွယ်ဖြစ်သည့်အတွက် ကျောင်းပညာ သို့မဟုတ် သက်မွေးဝမ်းကျောင်းပညာတစ်ခုခုကို သင်ယူကြရသည်။ ယင်းနှင့် တစ်ပြိုင်တည်းမှာပင် ၎င်းရှင်သန်နေသည့် ကာလ၏ ပတ်ဝန်းကျင်ကိုလည်း စူးစမ်းလေ့လာကာ ပတ်ဝန်းကျင်၏ အရောင်အသွေး၊ ခေလ့စရိုက်အတိုင်း အတုယူ၊ အတုခိုးကာ လိုက်ပါနေထိုင်တတ်ကြသည်။ တစ်နည်းအားဖြင့် ပတ်ဝန်းကျင်မှ သင်ယူကြခြင်းပင်ဖြစ်သည်။ သို့ဖြစ်ရာ လူငယ်ဘဝ သင်ယူကြရာတွင် ကျောင်းသင်ပညာ၊ သက်မွေးဝမ်းကျောင်းပညာများသာမက ပတ်ဝန်းကျင်မှ အရာများကို သင်ယူမှုများလည်း ရှိနေကြောင်း သတိထားကြရန် လိုအပ်မည်ဖြစ်သည်။ ယခုကဲ့သို့ နည်းပညာများ တိုးတက်မြင့်မားလာသည့် ခေတ်ကာလတွင် လူငယ်များ၏ ပတ်ဝန်းကျင်၌ ၎င်းတို့စိတ်ဝင်စားသည့်နည်းပညာများ၊ နည်းပညာဆိုင်ရာ ပစ္စည်းများက လူငယ်များအတွက် ကောင်းကျိုးရော ဆိုးကျိုးပါ ပေးနိုင်သည်ကို မိဘအုပ်ထိန်းသူများက သိနားလည်ကာ မျက်ခြည်မပြတ်ရှိကြရန် လိုသည်။

ပညာသင်ယူခြင်းဟူသည် အမှန်နှင့်အမှား၊ အကောင်းနှင့်အဆိုး၊ အကျိုးနှင့်အပြစ်တို့ကို ခွဲခြားဆန်းစစ်နိုင်ရန်၊ ဝေဖန်သိမြင်နိုင်စွမ်းရှိရန်အတွက် ဖြစ်သည်။ အသက်မွေးမှု တစ်ခုပညာဆိုသည့်အတိုင်း အသက်မွေးဝမ်းကျောင်းနိုင်ရန်အတွက် အတတ်ပညာတစ်ခုခုကို သင်ယူခြင်းလည်းဖြစ်သည်။ လူငယ်တို့၏ ပညာသင်ကြားမှု ခရီးစဉ်တစ်လျှောက်တွင် မူးယစ်ဆေးဝါးနှင့် အရက်သေစာ၊ လောင်းကစား၊ အချစ်ကိစ္စ လိင်ကိစ္စ စသည်တို့အပြင် အတွေးအခေါ်အမှားများ၊ စာကောင်းပေမွန်မဟုတ်သည့် စာများ၊ အကျင့်စာရိတ္တပျက်ယွင်းမှုများ၊ စရိုက်ဆိုးများ စသည်တို့ကလည်း အနှောင့်အယှက် အဖျက်အဆီးများအဖြစ် ပေါ်ပေါက်လာလေ့ရှိသည်ကိုလည်း သတိမြဲမြဲဖြင့် စောင့်ကြည့်ကြရန် လိုသည်။

ယခုကာလသည် နွေရာသီကျောင်းပိတ်ရက်ကာလ ကျောင်းသူ ကျောင်းသားလူငယ်များနှင့် အမိ၊ အဖ၊ အုပ်ထိန်းသူတို့ အချိန်ပိုမိုထိတွေ့ခွင့်ရသည့် ကာလဖြစ်သည့်အလျောက် လူငယ်တို့အတွက် အင်္ဂလိပ်စာ၊ ကွန်ပျူတာ၊ အားကစား စသည့် ကျွမ်းကျင်မှုနှင့် ကျန်းမာကြံ့ခိုင်ရေး လေ့ကျင့်သင်ကြားပေးမှုများ ပြုလုပ်သလို လူငယ်များ၏ ကိုယ်ကျင့်တရားနှင့် စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်မြင့်မားရေး၊ ကိုယ်အမူအရာ နှုတ်အမူအရာ ယဉ်ကျေးလိမ္မာရေးတို့အပါအဝင် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ တည်းဟူသော ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်ကြားပြသပေးရန်၊ လမ်းညွှန်ဆုံးမမှုပြုရန် အချိန်အခါပင်ဖြစ်သည်။

လူငယ်များနှင့် နိစ္စဓူဝ ထိတွေ့မှုများပြားနေသည့် လူမှုကွန်ရက်များ၊ နာမည်ကျော်ကြားသူများ၊ အရှိန်အဝါကြီးသူများမှ တစ်ဆင့် လူငယ်များရရှိနေသည့်အရာများတွင် ဆဲရေးတိုင်းထွာမှုများ၊ အပြာဆန်သည့် လိင်မှုကိစ္စများ၊ လွဲမှားနေသည့် အတွေးအခေါ်များအပါအဝင် လူငယ်များ၏ ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ ရုပ်ပိုင်းစိတ်ပိုင်းတို့ကို ထိခိုက်နိမ့်ကျစေနိုင်သည်များ အများအပြားပါဝင်နေပေရာ ကျောင်းသင်ခန်းစာများမှ အနားယူနေသည့် ကျောင်းပိတ်ရက်ကာလအတွင်း လူငယ်များ၏ စာရိတ္တဗလနှင့် မိတ္တဗလတို့ ဖွံ့ဖြိုးရေးအတွက်ပါ ဝိုင်းဝန်းဆောင်ရွက်ရန် အချိန်အခါသင့်ချိန်ဟု နှိုးဆော်တိုက်တွန်းအပ်ပါကြောင်း။ ။

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင် နေပြည်တော်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အပ်နှံတာဝန်ပေးအပ်ပွဲ တက်ရောက်

နေပြည်တော် မေ ၂၀

ပြည်ထောင်စုနယ်မြေ နေပြည်တော်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် နှစ်စဉ်စီမံကိန်း ရည်မှန်းချက်များနှင့် နေပြည်တော်ကောင်စီငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အပ်နှံတာဝန်ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က နေပြည်တော်အနေဖြင့် ဘတ်ဂျက်များလျာထားခဲ့ရာတွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ပြည်သူလူထု၏ အကျိုးစီးပွား လိုအပ်ချက်များကို တိုက်ရိုက်ဖြည့်ဆည်းပေးနိုင်မည့် လုပ်ငန်းများ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်အထောက်အကူ ပြုစေသည့် လုပ်ငန်းများကို ဦးစားပေးသတ်မှတ်ခဲ့ပါကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်သည် နေပြည်တော်၏ စီးပွားရေး ပြန်လည်ဦးမော့လာစေရန် အားပေး ဆောင်ရွက်ရမည့် နှစ်တစ်နှစ်ဖြစ်သကဲ့သို့ GDP တိုးတက်စေမည့် ကုန်ထုတ်လုပ်မှုအကျိုးပြု အသုံးစရိတ်များနှင့် ဒေသဖွံ့ဖြိုးရေးအသုံးစရိတ်များကို ဦးစားပေးရွေးချယ်ပါကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒများနှင့်အညီ ကဏ္ဍအလိုက် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဘဏ္ဍာငွေ သုံးစွဲကြရာတွင် တည်ဆဲဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ သုံးစွဲရန် လိုအပ်ပါကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ နှစ်စဉ်စီမံကိန်းကို ဧပြီလမှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ရာ သက်ဆိုင်ရာဌာနများ အနေဖြင့် လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ပြည်သူများ၏ အကျိုးကို ရှေးရှုပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး၊ ပြည်သူ့ဘဏ္ဍာငွေများ အလေအလွင့်မရှိစေရေးတို့ကို အလေးထားကြပ်မတ်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင်က ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၊ နေပြည်တော်ကောင်စီ၏ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြပြီး နေပြည်တော်စီမံကိန်းဦးစီးရုံး ညွှန်ကြားရေးမှူး ဦးဝင်းကြည်က ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ နှစ်စဉ်စီမံကိန်း ရည်မှန်းချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် နေပြည်တော် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းသို့လည်းကောင်း၊ လယ်ယာကဏ္ဍကြီးစီမံကိန်း ရည်မှန်းချက်များကို သက်ဆိုင်ရာဌာနများ၏ ကိုယ်စားလှယ် နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာနသို့ လည်းကောင်း နှစ်စဉ်စီမံကိန်း ရည်မှန်းချက်များနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တာဝန်ပေးအပ်သည်။ **(အပေါ်ပုံ)**

ထို့နောက် နေပြည်တော်ကောင်စီ အဖွဲ့ဝင်များက သက်ဆိုင်ရာ ဌာနဆိုင်ရာများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များကို နှစ်စဉ်စီမံကိန်း ရည်မှန်းချက်များနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တာဝန်ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် မေ ၂၀**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများ အတွင်းရှိ ပြည်သူများ၊ အသက်(၁၂)နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ဒေသခံပြည်သူ ၃၉၀၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၃၂၅ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၂၁၉၅၈ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်ကိုးမြို့နယ်၌ ဒေသခံပြည်သူ ၃၉၄၁ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုမှ ဒေသခံပြည်သူ ၃၄၁၀၀ နှင့် ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ဒေသခံပြည်သူ ၅၆၄ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကျုံပျော်မြို့နယ်၌ နေကြာစိုက်ပျိုးထုတ်လုပ်မှုအောင်မြင်ရေး ကွင်းဆင်းဆွေးနွေး

**ကျုံပျော် မေ ၂၀**

ပြည်သူများစားသုံးဆီဖူလုံရေး၊ တောင်သူများ ဝင်ငွေပိုမိုတိုးတက်ရရှိရေးအတွက် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ဆီထွက်သီးနှံ(နေကြာ) စိုက်ပျိုးထုတ်လုပ်မှုများ ဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးမှုအောင်မြင်ရေးအတွက် ကျေးရွာများသို့ ကွင်းဆင်းဆွေးနွေးမှုများကို ဧပြီလ ဒုတိယပတ်အတွင်းက စတင်ဆောင်ရွက်လျက်ရှိသည်။ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေယျမင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်နှင့် ဝန်ထမ်းများ၊ တာဝန်ရှိသူများက သရက်ချောင်း၊ မျက်နီကွင်း၊ ဆောက်ဝိုင်း၊ ဒိုက်ပျက်၊ သက္ကယ်ပြင် စသည့်ကျေးရွာအုပ်စုများရှိ တောင်သူများနှင့် တွေ့ဆုံကာ နေကြာ စိုက်ပျိုးထုတ်လုပ်မှု အောင်မြင်ရေး ဆွေးနွေးကြသည်။ နေကြာသည် သီးသန့်စိုက်ပျိုးခြင်းသာမက သီးထပ်၊ သီးညှပ်ပါ စိုက်ပျိုးနိုင်သည့် အတွက် စိုက်ပျိုးရန် အထူး သင့်လျော်သည့် ဆီထွက်သီးနှံဖြစ်ကြောင်းနှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျုံပျော်မြို့နယ်၌ နေကြာ ၁၁၁၀၆ ဧက စိုက်ပျိုးရန်လျာထားကြောင်း သိရသည်။

**လပြည့်ဦး(ပြန်/ဆက်)**

# အထူးစီးပွားရေးဇုန်များ၏ ပို့ကုန်/ သွင်းကုန်လုပ်ငန်းများ လျင်မြန်ချောမွေ့စေရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများ လျင်မြန်ချောမွေ့စေရေး နိုင်ငံခြားငွေကြေးအသုံးပြုခြင်းနှင့်စပ်လျဉ်းသည့် အစည်းအဝေးများကျင်းပ

နေပြည်တော် မေ ၂၀

အထူးစီးပွားရေးဇုန်များ၏ ပို့ကုန်/ သွင်းကုန်လုပ်ငန်းများ လျင်မြန်ချောမွေ့စေရေး နိုင်ငံခြားငွေကြေးအသုံးပြုခြင်းနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၉ နာရီခွဲက Virtual စနစ်ဖြင့် ကျင်းပသည်။ (ယာပုံ)



### ဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်

အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၂၂ ထုတ်ပြန်ခဲ့ကြောင်း၊ ယင်း၏ အပိုဒ် ၃ အရ ဗဟိုဘဏ်မှ ကင်းလွတ်ခွင့်များနှင့်စပ်လျဉ်းပြီး မကြာမီထုတ်ပြန်သွားမည်ဖြစ်ကြောင်း၊ ပြည်တွင်းဈေးကွက်အတွင်း စီးပွားရေးလုပ်ငန်းများဆောင်ရွက်ပါက ပြည်တွင်းဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီများ၊ စက်မှုလုပ်ငန်းရှင်များနှင့် ဘဏ်များအကြား ချိတ်ဆက်၍ လုပ်ငန်းများ လျင်မြန်ချောမွေ့စေရန် အတွက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် ကုန်ထုတ်လုပ်မှု စာရင်းများကို ပြုစုထားရန်လိုအပ်ကြောင်း၊ နိုင်ငံခြားသုံးငွေနှင့် ပြည်တွင်းငွေကြေးကို ဥပဒေနှင့်အညီ သုံးစွဲသွားရမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းက မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာ အမှတ် ၁၂/၂၀၂၂ နှင့်ပတ်သက်၍ အထူးစီးပွားရေးဇုန်များတွင်ရှိသည့် လုပ်ငန်းရှင်များအနေဖြင့် စိုးရိမ်ပူပန်မှုများရှိခဲ့သော်လည်း အထူးစီးပွားရေးဇုန် ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံခြားငွေနှင့် ပတ်သက်၍ လက်ရှိဆောင်ရွက်နေသည့်အတိုင်း ဆက်လက်ဆောင်ရွက်နိုင်ပါကြောင်း၊ အခက်အခဲများ ရှိပါက နိုင်ငံခြားသုံးငွေ ကြီးကြပ်မှုကော်မတီနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့လည်း တင်ပြနိုင်ပါကြောင်း ပြောကြားသည်။

### ဝိုင်းဝန်းဆွေးနွေးတင်ပြ

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက နိုင်ငံခြားငွေမရှိသည့်ကုမ္ပဏီများ အနေဖြင့် မြန်မာကျပ်ငွေမှ နိုင်ငံခြားငွေသို့ ပြောင်းလဲ၍ ပြည်ပရှိ Supplier သို့ ပေးချေနိုင်ပြီး အဆိုပါငွေပေးချေမှုအတွက် Standard Operating Procedure (SOP) ကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက မူကြမ်းပြုစုနေပြီး မကြာမီ ထုတ်ပြန်သွားမည်ဖြစ်ကြောင်း၊ အထူးစီးပွားရေးဇုန်များရှိ ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီများ၏ နိုင်ငံခြားငွေကြေး အသုံးပြုခြင်းကိစ္စများ လျင်မြန်ချောမွေ့စေရေးအတွက် နိုင်ငံခြားသုံးငွေ ကြီးကြပ်မှု ကော်မတီ၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို အထူးစီးပွားရေးဇုန်တွင်ရှိသော လုပ်ငန်းရှင်များသိရှိနိုင်ရန်အတွက် ဆွေးနွေးခြင်း ဖြစ်ပါကြောင်း ပြောကြားပြီး အစည်းအဝေးသို့ တက်ရောက်လာကြသည့် အထူးစီးပွားရေးဇုန် စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌများနှင့် သီလဝါအထူး စီးပွားရေးဇုန်အတွင်း ရင်းနှီးမြှုပ်နှံထားသည့် ကုမ္ပဏီများက ဝိုင်းဝန်းဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများ၊ ဗဟိုဘဏ်ဥက္ကဋ္ဌတို့က ညှိနှိုင်းဖြေရှင်းပေးသည်။

### အချိန်နှင့်တစ်ပြေးညီ ပူးပေါင်းဆောင်ရွက်

ဆက်လက်၍ နံနက် ၁၁ နာရီတွင် ကျင်းပသည့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှု လက်မှု လုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများ၏ ကုန်သွယ်မှုလုပ်ငန်းများ လျင်မြန်ချောမွေ့စေရေးအတွက် နိုင်ငံခြားငွေကြေး အသုံးပြုခြင်းနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက ပို့ကုန်သွင်းကုန်လုပ်ငန်းများ လုပ်ကိုင်လျက်ရှိသော ကုမ္ပဏီများ ကုန်သွယ်မှုပြုရန်အလို့ငှာ ကုန်ပစ္စည်းများ တင်ပို့/တင်သွင်းခြင်း လုပ်ငန်းများ လုပ်ကိုင်နိုင်ရန် အတွက် ပို့ကုန် / သွင်းကုန်လိုင်စင်များကို ခွင့်ပြုထုတ်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံခြားသုံးငွေ ကြီးကြပ်မှုကော်မတီမှ ဆောင်ရွက်နေသည့် ကိစ္စရပ်များကို နားလည်သိရှိနိုင်ရန်အတွက် ရှင်းလင်းပေးခြင်းဖြစ်ကြောင်း၊ အချက်အလက်များပေါ် မူတည်၍ ဗဟိုဘဏ်နှင့် သက်ဆိုင်သည့် ငွေပေးချေမှုများ၊ ငွေထုတ်ယူရာတွင် အခက်အခဲဖြစ်သည့် ကိစ္စရပ်များကို ဖြေရှင်းပေးမည်ဖြစ်ကြောင်း၊ ထိုသို့ ဖြေရှင်းပေးရာတွင် ဦးစားပေးအုပ်စုအလိုက် အုပ်စု (၅) စုခွဲ၍ ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ပို့ကုန်/ သွင်းကုန်စီမံခန့်ခွဲမှု ကိစ္စရပ်များနှင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု ကိစ္စရပ်များ ဆောင်ရွက်ရာတွင် ကောင်းသောရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း ဝန်ကြီးဌာနများ၏ ဆောင်ရွက်မှုဖြစ်သော်လည်း Private Sector ၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုတို့နှင့်ဆိုင်သည့် ပုဂ္ဂိုလ်များအပါအဝင် သက်ဆိုင်သည့်သူများအနေဖြင့် အချိန်နှင့်တစ်ပြေးညီ ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ညီနောင်အသင်းများက ဝိုင်းဝန်းဆွေးနွေးတင်ပြခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးများ၊ ဗဟိုဘဏ် ဥက္ကဋ္ဌတို့က ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# AHA Centre မှတစ်ဆင့် လှူဒါန်းမည့် လူသားချင်းစာနာထောက်ထားမှုအကူအညီ စီမံခန့်ခွဲရေးဆိုင်ရာ မြန်မာလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များ ကမ္ဘောဒီးယားနိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်ရုံး အဖွဲ့ခေါင်းဆောင် H.E. Dr. KUNG Phoak ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၀

**“AHA Centre မှ တစ်ဆင့် လှူဒါန်းမည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီစီမံခန့်ခွဲရေးဆိုင်ရာ မြန်မာလုပ်ငန်းအဖွဲ့ (Task Force)” အဖွဲ့ဝင်များ ဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်တို့သည် ကမ္ဘောဒီးယားနိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်ရုံးအဖွဲ့ခေါင်းဆောင် H.E. Dr. KUNG Phoak ဦးဆောင်သည့် ကမ္ဘောဒီးယား ကိုယ်စားလှယ်အဖွဲ့နှင့် ယနေ့တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံဆွေးနွေးသည်။**



အစည်းအဝေးသို့ လုပ်ငန်းအဖွဲ့၊ အဖွဲ့ဝင်ဖြစ်သည့် နိုင်ငံခြားရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးချမ်းအေး၊ အတွင်းရေးမှူးများဖြစ်ကြသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာ ကိုကိုနိုင်၊ ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိန်ဝင်းနှင့် လုပ်ငန်းအဖွဲ့၊ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေး၌ မြန်မာနိုင်ငံသို့ AHA Centre မှတစ်ဆင့် လူသားချင်းစာနာထောက် ထားမှု အကူအညီများ ပထမအဆင့် အကောင်အထည် ဖော်ဆောင်မှု အပေါ် ပြန်လည်သုံးသပ် ဆွေးနွေးကြသည်။ အစည်းအဝေး၌ ကျန်းမာရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံ အနှံ့အပြားသို့ လူသားချင်း စာနာထောက်ထားမှု အကူအညီများ ပံ့ပိုးပေးခြင်းနှင့် ပတ်သက်၍ ဖြစ်ပေါ်တိုးတက်မှုများကို ဆွေးနွေးသည်။ လုပ်ငန်းအဖွဲ့၊ အဖွဲ့ဝင်များသည် လက်ဝယ်ရရှိပြီးဖြစ်သည့် လူသားချင်း စာနာထောက်ထားမှု အကူအညီများကို အမှန်တကယ် လိုအပ်နေသည့် ပြည်သူများထံသို့ ထိရောက်စွာပေးပို့နိုင်ရေး ကူညီ ဆောင်ရွက်ပေးရန် ထပ်လောင်း အတည်ပြုကြသည်။

ထို့ပြင် ကမ္ဘောဒီးယားနိုင်ငံမှ အဆိုပြုသည့် အချက်များအပါအဝင် ဒုတိယအဆင့် လူသားချင်း စာနာထောက်ထားမှု အကူအညီ များအတွက် ပြင်ဆင်မှုများအပေါ် နှစ်ဖက် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနမှ ဒုတိယ အဆင့်အတွက် မြန်မာအစိုးရ၏ အစီအစဉ်များနှင့် လုပ်ငန်း အကောင်အထည် ဖော်ဆောင် ရန်အတွက် သတ်မှတ်လုပ်ထုံး လုပ်နည်းများအပေါ် ဆွေးနွေးခဲ့ သည်။ အစည်းအဝေး၌ ဒုတိယ အဆင့် လုပ်ငန်းအကောင်အထည် ဖော်ဆောင်ရန်အတွက် နည်းလမ်း များအပေါ် ဆွေးနွေးခဲ့ကြပြီး မြန်မာဘက်လုပ်ငန်းအဖွဲ့၊ အဖွဲ့ဝင် များမှ လူသားချင်းစာနာထောက် ထားမှု အကူအညီများကို အမှန် တကယ် လိုအပ်နေသူများထံသို့ ဖြန့်ဝေရာတွင် မြန်မာနိုင်ငံ၏ ပြည်တွင်းမူဝါဒ လုပ်ထုံးလုပ်နည်း များနှင့်အညီ အကူအညီလိုအပ်နေ သူများအား ခွဲခြားမှုမရှိဘဲ မျှတစွာ ဖြန့်ဝေရန် မြန်မာနိုင်ငံ၏ ခိုင်မာ သောဆန္ဒနှင့် အဆင်သင့်ဖြစ်မှု တို့ကို ထပ်လောင်းပြောကြားခဲ့ သည်။

ညပိုင်းတွင် နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ် သည် မြန်မာ နိုင်ငံသို့ ရောက်ရှိနေသည့် ကမ္ဘော ဒီးယားနိုင်ငံ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အာဆီယံဥက္ကဋ္ဌ ၏ အထူးကိုယ်စားလှယ်ရုံးအဖွဲ့ ခေါင်းဆောင် H.E. Dr. KUNG Phoak ဦးဆောင်သော ကိုယ်စား လှယ်အဖွဲ့အား နေပြည်တော်ရှိ M-Gallery ဟိုတယ်၌ ညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**သတင်းစဉ်**

# အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် မေ ၂၀

မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (National Skills Standards Authority–NSSA) ၏ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက အလုပ်သမားဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပသည်။ **(ယာပုံ)**





ရှေးဦးစွာ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က မတ် ၁၅ ရက်တွင် နေပြည်တော်၌ ကျင်းပခဲ့သည့် အမျိုးသားစီမံကိန်းကော်မရှင် အစည်းအဝေးအမှတ် (၁/၂၀၂၂) တွင် အမျိုးသားစီမံကိန်းကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်မှ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် စီးပွားရေးသာမက လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း အရေးကြီးပါကြောင်း၊ သက်မွေးပညာသင်တန်းများမှတစ်ဆင့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်နိုင်ရေး အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အဆိုပါ အစီအမံများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနက အလေးထား အကောင်အထည်ဖော်ပေးရန် လိုအပ်ပါကြောင်း အဓိကထည့်သွင်း ပြောကြားပြီး လမ်းညွှန်မှုပြုထားပါကြောင်း။

### ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်

NSSA အနေဖြင့် ၂၀၁၄ ခုနှစ်မှစတင်၍ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ခဲ့ရာ ယနေ့အထိ အလုပ်အကိုင် အမျိုးအစား ၃၀ အတွက် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ခဲ့ပြီး အရည်အသွေးပြည့်မီသူ ကျွမ်းကျင်လုပ်သား ၁၇,၁၀၃ ဦးထိ ရရှိလာပြီဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ကျွမ်းကျင်လုပ်သား မွေးထုတ်ပေးနိုင်ရေး၊ စက်ရုံများ မှတ်ပုံတင်ရေးနှင့် SME လုပ်ငန်းများ စနစ်တကျရှိစေရေး လုပ်ငန်းစီမံချက်အရ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်အတွင်း အထည်ချုပ်လုပ်သား၊ လျှပ်စစ်လုပ်သား၊ ဂဟေဆက်လုပ်သားနှင့် အုတ်စီလုပ်သား ကျွမ်းကျင်မှု အဆင့် (၁) အလုပ်အကိုင် လေးမျိုးအတွက် လုပ်သား ၄၈၃ ဦး စစ်ဆေးအကဲဖြတ်ခဲ့ရာ အောင်မြင်သူလုပ်သား ၄၆၇ ဦးကို အသိအမှတ်ပြုပေးနိုင်ခဲ့ကြောင်း၊ အလုပ်အကိုင် လေးမျိုးအနက် အထည်ချုပ်လုပ်သား ကျွမ်းကျင်မှုအဆင့် (၁) အလုပ်အကိုင်တွင် ဝင်ရောက်ဖြေဆိုသူ ၄၀၀ ရှိပြီး အောင်မြင်သူလုပ်သား ၃၈၇ ဦးရှိသဖြင့် လုပ်သားအများဆုံး ဖြေဆိုအောင်မြင်သည့် အလုပ်အကိုင်ဖြစ်သည်ကို တွေ့ရှိရကြောင်း။

ထို့ပြင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း အလုပ်အကိုင် ၃၃ မျိုးအတွက် ကျွမ်းကျင်လုပ်သား ၅၀၀၀ ကို စစ်ဆေးအကဲဖြတ်မှု ဆောင်ရွက်သွားမည်ဖြစ်ပြီး NSSA ၏ စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းစဉ်အတွက် အထောက်အပံ့ဖြစ်စေရန် ကျွမ်းကျင်မှု "စံ" ရေးဆွဲ နည်းသင်တန်းများနှင့် စစ်ဆေးအကဲဖြတ်နည်းသင်တန်းများ ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း၊ NSSA ၏ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ခြင်းနှင့် အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခြင်း လုပ်ငန်းစဉ်တွင် မြန်မာလုပ်သားထု ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်ပေးနေသည့် လုပ်ငန်းစဉ်ဖြစ်ပြီး နိုင်ငံ၏လုပ်သားဈေးကွက် လိုအပ်ချက်အရ ကျွမ်းကျင်လုပ်သား လိုအပ်ချက်ကို ဖြည့်ဆည်းပံ့ပိုးပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း။

### ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ် ပေးအပ်

ယနေ့ကျင်းပသည့် အခမ်းအနားတွင် NSSA ၏ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေး လုပ်ငန်းစဉ်တွင် ဖြေဆိုအောင်မြင်ခဲ့သည့် အလုပ်အကိုင် သုံးမျိုးအတွက် ကျွမ်းကျင်လုပ်သား ၅၀၄ ဦး၊ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာန သုံးခုနှင့် အလုပ်အကိုင် သုံးမျိုးအတွက် စစ်ဆေးအကဲဖြတ်သူ ၁၂ ဦးတို့ကို အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များကို ပေးအပ်သွားမည်ကြောင်း၊ NSSA အနေဖြင့် ၂၀၁၄ ခုနှစ်မှစတင်၍ ၂၀၂၂ ခုနှစ် မတ်လအထိ အလုပ်အကိုင်အမျိုးအစား ၃၀ အတွက် အရည်အချင်းပြည့်မီသူ လုပ်သား ၁၆,၉၇၇ ဦးကို အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြု လက်မှတ်များ ပေးအပ်နိုင်ခဲ့ပြီး ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာန ၁၉၇ ခုကို အသိအမှတ်ပြုနိုင်ခဲ့ကြောင်း ပြောကြားသည်။

### ကျွမ်းကျင်လုပ်သားများနှင့် ကိုယ်စားလှယ်များထံ ပေးအပ်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေးကော်မတီ ဥက္ကဋ္ဌ စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်း၊ အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု လေ့ကျင့်ရေးကော်မတီ ဥက္ကဋ္ဌ နည်းပညာ၊သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စိုင်းကျော်နိုင်ဦး၊ ကျန်းမာရေးလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေးကော်မတီ ဥက္ကဋ္ဌ ကျန်းမာရေးနှင့်လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်း၊ လျှပ်စစ်အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေးကော်မတီ ဥက္ကဋ္ဌ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း အင်ဂျင်နီယာချုပ် ဦးသိမ်းသူရနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ် တို့က NSSA ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေး လုပ်ငန်းစဉ်တွင် ဖြေဆိုအောင်မြင်ခဲ့သည့် အလုပ်အကိုင် သုံးမျိုးအတွက် ကျွမ်းကျင်လုပ်သား ၅၀၄ ဦး၊ ကျွမ်းကျင်မှု စစ်ဆေး အကဲဖြတ်ရေးဌာန သုံးခုနှင့် အလုပ်အကိုင် သုံးမျိုးအတွက် စစ်ဆေးအကဲဖြတ်သူ ၁၂ ဦးတို့အား အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များကို ကျွမ်းကျင်လုပ်သားများနှင့် ကိုယ်စားလှယ်များထံ ပေးအပ်ခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာသည့် အလုပ်ရှင်များကိုယ်စား Maple Win Co.,Ltd. Managing Director ဒေါက်တာအောင်ဝင်းနှင့် အလုပ်သမားကိုယ်စားလှယ် အထည်ချုပ် ကျွမ်းကျင်လုပ်သား ဦးပြည့်စုံဖြိုး တို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ NSSA နည်းပညာအထောက်အကူပြု ရုံးများမှတစ်ဆင့် သက်ဆိုင်ရာ Assessment Center များသို့ ပေးအပ်မည်ဖြစ်ကြောင်း၊ ကျွမ်းကျင်လုပ်သားများအနေဖြင့် အသိအမှတ်ပြု လက်မှတ်များကို မိမိတို့ဖြေဆိုခဲ့သော Assessment Center များသို့ သွားရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) အရာထမ်းလောင်း အခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်း အမှတ်စဉ် (၉) ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် မေ ၂၀

**ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တွင် အရာထမ်းလောင်းအခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာ သင်တန်းအမှတ်စဉ် (၉) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ရတနာခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)

သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်၊ အဖွဲ့ဝင် သူရဦးဘိုနီ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုး၊ ဒုတိယ ပါမောက္ခချုပ်များ၊ တက္ကသိုလ်သင်ကြား၊ စီမံဌာနများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်က ယနေ့ဖွင့်လှစ်သည့် သင်တန်းသည် ပြည်ထောင်စု ရာထူးဝန်အဖွဲ့က ကျင်းပသော ပြန်တမ်းဝင်အရာရှိ စတင်ခန့် ရာထူးစာမေးပွဲများကို အောင်မြင်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်း အရာထမ်းလောင်းများနှင့် ပြင်ပမှ အရာထမ်းလောင်းများကို နိုင်ငံ့ဝန်ထမ်းများ သိရှိလိုက်နာရမည့် ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို နားလည်စေရန်၊ ရုံးလုပ်ငန်းနှင့် အဖွဲ့အစည်းဆိုင်ရာ ပြည်သူ့ရေးရာ စီမံခန့်ခွဲအုပ်ချုပ်မှု ပညာများ ကျွမ်းကျင်တတ်မြောက်စေရန်၊ ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် ခေါင်းဆောင်မှု သဘောတရားများနှင့် အဆင့်ဆင့်ကွပ်ကဲ အုပ်ချုပ်မှုလုပ်ငန်းစဉ်များ တတ်သိနားလည်စေရန်၊ ပြည်တွင်း၊ ပြည်ပ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး အခြေအနေများကို လေ့လာ ဆည်းပူးနိုင်စေရန်၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်မှု၊ ညှိနှိုင်းဆောင်ရွက်တတ်မှု၊ ပူးပေါင်းဆောင်ရွက်တတ်မှု၊ ချစ်ခင်ရင်းနှီးမှုများ ပိုမိုရရှိစေရန်နှင့် စိတ်ဓာတ်၊ စည်းကမ်း၊ ခံယူချက်၊ ယုံကြည်ချက်၊ စိတ်နေသဘောထား ကောင်းမွန်သည့် ဝန်ထမ်းကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း။





သင်တန်းသား သင်တန်းသူများသည် ပြန်တမ်းဝင်အဆင့် စတင်ခန့် ရာထူးစာမေးပွဲ အောင်မြင်ပြီး သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသူများဖြစ်သော်လည်း သင်တန်းအောင်မြင်ပြီးမှသာ ပြန်တမ်းဝင်အရာရှိများအဖြစ် စတင်တာဝန်ထမ်းဆောင်ခွင့်ရမည်ဖြစ်သည့်အတွက် ဤသင်တန်းသည် အရေးကြီးဆုံးသော ကနဦးသင်တန်းဖြစ်သည်ကို သတိပြု ကြိုးစားကြရန်နှင့် မည်သည့်နယ်ပယ်က လာသည်ဖြစ်စေ ပြန်တမ်းဝင်အရာရှိဘဝဖြင့် နိုင်ငံတော်က အားထားရသော အရာရှိများအဖြစ် နိုင်ငံ့တာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရန် တိုက်တွန်းမှာကြားသည်။

သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၃၂၉ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ မေ ၂၀ ရက်မှ ဩဂုတ် ၅ ရက်အထိ ရက်သတ္တ ၁၆ ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင် ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်၏ ရုံးအဖွဲ့အကြီးအကဲဖြစ်သူ H.E.Dr.KUNG Phoak ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် မေ ၂၀

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်သည် ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်၏ ရုံးအဖွဲ့အကြီးအကဲဖြစ်သူ H.E.Dr.KUNG Phoak ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန၌ လက်ခံတွေ့ဆုံသည်။ (ဝဲပုံ)

တွေ့ဆုံစဉ် ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူးက ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုအခြေအနေ၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးနှင့် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်၏ ရုံးအဖွဲ့အကြီးအကဲဖြစ်သူ H.E.Dr.KUNG Phoak က မြန်မာနိုင်ငံအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာကိစ္စ၊ မြန်မာနိုင်ငံ၏ လက်ရှိငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပေါ် ပံ့ပိုးဆောင်ရွက်ပေးနိုင်ရေးကိစ္စ၊ မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေကို ဖြေရှင်းနိုင်ရန် စေ့စပ်ညှိနှိုင်းရေးဆွေးနွေးပွဲများ ကျင်းပနိုင်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် နှစ်ဖက်သိရှိလိုသည်များကို အပြန်အလှန် ရင်းရင်းနှီးနှီး အမြင်ချင်းဖလှယ် ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

---

❑ *ရှေ့ဖုံးမှ*

သွင်းကုန်လိုင်စင် လျှောက်ထားမှုများရှိနေပြီး ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များနှင့် ဆန့်ကျင်လျက်ရှိနေကြောင်း သိရှိရသည်။ ထို့ကြောင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများ မဖြစ်ပေါ်စေရေးအတွက် သွင်းကုန်လိုင်စင်နှင့် သွင်းကုန်ပါမစ်များ ခွင့်ပြုချက်ရမှသာ သဘောတင်ခြင်းများ ပြုလုပ်သင့်ကြောင်း အဆိုပါ သတင်းလွှာအတွင်း ထည့်သွင်းရေးသားထားသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ယခင်က သွင်းကုန်လိုင်စင်၊ သွင်းကုန်ပါမစ် လျှောက်ထားရာတွင် လွယ်ကူလျင်မြန်စေရေးအတွက် သွင်းကုန်လိုင်စင်၊ ပါမစ် ခွင့်ပြုချက်မရမီ ကြိုတင်သဘောတင်ခြင်းကို ခွင့်ပြုခဲ့ပြီး ယင်းတင်သွင်းပစ္စည်း များသည် ရန်ကုန်ဆိပ်ကမ်း၊ လေဆိပ်သို့ ဆိုက်ရောက်သည့် နေ့တွင် သွင်းကုန် လိုင်စင်၊ သွင်းကုန်ပါမစ် ခွင့်ပြုချက် နောက်ဆုံးရရှိထားရမည်ဖြစ်ပြီး ယင်းနေ့အထိ လိုင်စင်၊ ပါမစ်များ ခွင့်ပြုချက် မရရှိသေးပါက ကြိုတင်သဘောတင်သွင်း ရောက်ရှိခြင်းအဖြစ် သတ်မှတ်ခွင့်ပြုပေးခဲ့သည်။

သို့သော် ယင်းဖြေလျှော့ဆောင်ရွက်ပေးခြင်းကို အခွင့်ကောင်းယူကာ အချို့လုပ်ငန်းရှင်များက ရန်ကုန်ဆိပ်ကမ်းသို့ ပစ္စည်းများ ရောက်ရှိမှသာ သွင်းကုန်လိုင်စင် လျှောက်ထားမှုများရှိလာသဖြင့် ၂၀၁၅ ခုနှစ် အောက်တိုဘာလ အတွင်းက အမိန့်ကြော်ငြာစာတစ်စောင်ကို ထုတ်ပြန်ခဲ့သည်။ မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ၂၀၁၅ တွင် သွင်းကုန်လိုင်စင်ရယူ တင်သွင်းရမည့် ပစ္စည်းများအတွက် ခွင့်ပြုချက်မရမီ ဆိပ်ကမ်းသို့ ကုန်ပစ္စည်းများ ကြိုတင်မရောက်ရှိစေရဟု ကြေညာခဲ့သည်။

ထို့အတူ ဝန်ကြီးဌာနသည် ၂၀၂၀ ပြည့်နှစ် ဇူလိုင်လအတွင်း သွင်းကုန်လိုင်စင် ရယူတင်သွင်းရမည့် ကုန်ပစ္စည်းများအတွက် အကောက်ခွန် ကုန်သိုလှောင်ရုံသို့ ထည့်သွင်းရန် တင်သွင်းလာသည့် ကုန်စည်များမှအပ ကျန်ကုန်စည်များအား ခွင့်ပြုချက်မရမီ ဆိပ်ကမ်းသို့ကြိုတင်ရောက်ရှိခြင်း မရှိစေရဟု ပြင်ဆင်သတ်မှတ်ခဲ့သည်ကိုလည်း မြင်တွေ့ရသည်။ ယင်းအမိန့်စာတွင်မူ အကောက်ခွန် ကုန်သိုလှောင်ရုံတွင် ထည့်သွင်းရန်အတွက် မဟုတ်ဘဲ ပြည်တွင်းသို့ တိုက်ရိုက်တင်သွင်းမှုနှင့်ပတ်သက်၍ လိုင်စင်လျှောက်ထားရန် လိုအပ်သောကုန်စည်များအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန၏ ခွင့်ပြုချက်လိုင်စင် မရရှိဘဲ တင်သွင်းပြီး ဆိပ်ကမ်းသို့ ကြိုတင်ရောက်ရှိပါက အဆိုပါတင်သွင်းသော ကုမ္ပဏီကို ပို့ကုန်၊ သွင်းကုန်ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း ပါရှိပြီးဖြစ်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပြည်ပမှတင်သွင်းသည့် ကုန်စည်များနှင့် စပ်လျဉ်း၍လည်း သွင်းကုန်လိုင်စင်လျှောက်ထားရန် လိုအပ်သော ကုန်စည်လိုင်းများအဖြစ် ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့် စသည်တို့ သတ်မှတ်ထုတ်ပြန်ခြင်းတို့ကို ယမန်နှစ်နှင့် ယခုနှစ်ဆန်းပိုင်းတို့တွင် ထုတ်ပြန်ထားခဲ့ပြီး လိုင်စင်လျှောက်ထားရန် လိုအပ်သော ကုန်စည်လိုင်းများအနက် မည်သည့်ကုန်စည်ကိုမဆို ပြည်ပမှ ပင်လယ်ရေကြောင်း၊ လေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းများမှ တင်သွင်းရာတွင် ယခုနှစ် မေ ၁ ရက်မှစတင်၍ လုပ်ထုံးလုပ်နည်းများနှင့် အညီ သွင်းကုန်လိုင်စင် လျှောက်ထားရယူပြီးမှသာ တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း မတ် ၂၉ ရက်တွင် သတင်းထုတ်ပြန်ထားခဲ့သည်ကိုလည်း မြင်တွေ့ရသည်။

**ခင်ရတနာ**

## ၂၀၂၂-၂၀၂၃ ပညာသင်နှစ် သင်ရိုးသစ် (Grade-5) ဗဟိုအဆင့် နည်းပြ (TOT) Online သင်တန်းဖွင့်လှစ်

**ဘူးသီးတောင်**

ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် သင်ရိုးသစ် (Grade-5) ဗဟိုအဆင့်နည်းပြ (TOT) Online သင်တန်းကို ယနေ့နံနက် ၉ နာရီမှစတင်၍ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း မေယုရတနာခန်းမ၌ Online စနစ်ဖြင့် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဦးမောင်တင်အောင်က ဆရာ ဆရာမတို့အနေဖြင့် သင်ကြား၊ သင်ယူမှုတို့နှင့်ပတ်သက်၍ သင်ရိုးသစ် (Grade-5) သင်တန်းကို ပညာရေးသုတေသနစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ Online စနစ်ဖြင့် သင်ကြားပို့ချမှုတို့ကို အလေးထားသင်ယူ လေ့ကျင့်ပေးကြရန် ရှင်းလင်းပြောကြားပြီး သင်တန်းတွင် မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ သိပ္ပံ၊ လူမှုရေး၊ စာရိတ္တ၊ ပြည်သူ့နီတိနှင့် ကာယပညာရပ်များကို ခေါင်းစဉ်များအလိုက် သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ သင်ရိုးသစ် (Grade-5) ဗဟိုအဆင့် နည်းပြ (TOT) Online သင်တန်းကို မေ ၂၀ ရက်မှ ၂၅ ရက်အထိ ငါးရက်ကြာ သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းတွင် ဆရာ ဆရာမ ၅၈ ဦး တက်ရောက်သင်ယူလျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **လှကျော်(ပြန်/ဆက်)**

---

**ရွှေတောင်**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် (အထက) ရွှေတောင် ရတနာခန်းမတွင် ယနေ့နံနက် ၉ နာရီက ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် သင်ရိုးသစ် Grade-5 ဗဟိုအဆင့်နည်းပြ (TOT) Online သင်တန်း ဖွင့်လှစ်သင်ကြားပို့ခဲ့ကြောင်း သိရသည်။

ရွှေတောင်မြို့နယ်အတွင်းရှိ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် သင်ရိုးသစ် Grade -5 ဗဟိုအဆင့်နည်းပြ (TOT) Online သင်တန်းကို မြို့နယ် ပညာရေးမှူး ဦးကျော်ဦး၏ကြီးကြပ်မှုဖြင့် မေ ၂၀ ရက်မှ ၂၅ ရက်အထိ ခြောက်ရက်တာ သင်ကြားပို့ချသွားမည်ဖြစ်ပြီး အဆိုပါသင်တန်းသို့ ရွှေတောင်မြို့နယ်အတွင်းရှိ မူလတန်းကျောင်းအုပ် ဆရာ ဆရာမ ၄၆ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ကိုကိုမင်း (ပြန်/ဆက်)**

---

❈ *ရှေ့ဖုံးမှ*

မတ်လအကုန်အထိ ခြောက်လတာကာလအတွင်း ရေထွက်ကုန်ပစ္စည်း တင်ပို့မှုမှ အမေရိကန် ဒေါ်လာသန်း ၁၆၀ ကျော် ရရှိခဲ့ကြောင်း သိရသည်။

ကော့သောင်းမြို့မှ ရနောင်းမြို့သို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့ရာတွင် ရေလမ်းခရီးတစ်ခုတည်းဖြင့်သာ အဓိက တင်ပို့နိုင်ပြီး လှိုင်းဖြူငါးသယ်ရေယာဉ်များဖြင့် နေ့စဉ် တင်ပို့ပေးနေရကြောင်း သိရသည်။

"ငါး၊ ပုစွန်ရေထွက်ပစ္စည်း စုစုပေါင်း တန်ချိန်က ၁၆၁၂၈၃ တန်၊ ပို့ကုန်တန်ဖိုးက အမေရိကန်ဒေါ်လာ ၁၆၀ ဒသမ ၃၄၇၉ သန်း ရရှိခဲ့ပါတယ်။ ဒါက ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၂၂ ခုနှစ် မတ်လအထိ တင်ပို့ပေးထားတဲ့ ကိန်းဂဏန်း ဖြစ်ပါတယ်။ ကော့သောင်းနယ်စပ်ဂိတ်အနေနဲ့ တနင်္သာရီတိုင်းဒေသကြီးက ရေထွက်ပစ္စည်းတွေ ပို့တာရှိသလို ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနဲ့ မွန်ပြည်နယ်ဘက်က ငါးဖမ်းလှေတွေ ဆီကနေ သွားရောက်ယူဆောင်ပြီး တင်ပို့တာတွေလည်း ရှိပါတယ်" ဟု ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးမှူး ဦးတင်ထွဋ်က ပြောကြားသည်။

ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားပြီးနောက်ပိုင်းတွင် ရေထွက်ကုန်ပစ္စည်း တင်ပို့ရန်အတွက် ကော့သောင်းနယ်စပ်ဂိတ်ဘက်သို့ ဝင်ရောက်မှု များလာသော်လည်း ယခုနှစ် တင်ပို့နိုင်မှုနှုန်းထားမှာ ယခင်နှစ်ကထက် အနည်းငယ် လျော့နည်းမှုရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့နှစ် ခြောက်လအတွင်းမှာ တင်ပို့နိုင်မှု နှိုင်းယှဉ်မယ်ဆိုရင် ကုန်ချိန်က ၁၈၀၀၀ ကျော်လောက် လျော့သွားတယ်။ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၄၅ သန်းလောက်တော့ လျော့သွားပါတယ်" ဟု ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူးက ဆက်လက်ပြောကြားသည်။

မြန်မာ့ပင်လယ်ပြင်အတွင်း ငါးသားပေါက်ရာသီသုံးလဖြစ်သည့် ဧပြီလ၊ မေလနှင့် ဇွန်လများတွင် ငါးတင်ပို့မှုနှုန်း လျော့နည်းသွားနိုင်သော်လည်း ကော့သောင်းခရိုင်မှာ ကမ်းနီးရေလုပ်ငန်းကို အဓိက မှီခိုလုပ်ကိုင်သည့် ဒေသတစ်ခုဖြစ်ကြောင်း သိရသည်။ ကော့သောင်းခရိုင်တွင် လိုင်စင်ရှိသည့် ကမ်းနီးငါးဖမ်းလှေအစင်းရေ ၂၀၀၀ ခန့်ရှိကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# နိုင်ငံတကာလေကြောင်းခရီးစဉ်များဖြင့် မြန်မာနိုင်ငံသို့ ဝင်ရောက်မည့် မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသားခရီးသွားများအတွက် ပြည်သူ့ကျန်းမာရေးဆိုင်ရာ သတ်မှတ်ချက်များနှင့် ပတ်သက်၍ အမေးအဖြေအစီအစဉ်

## ထက်လျှံ

နိုင်ငံတကာလေကြောင်းခရီးစဉ်များကို ဧပြီ ၁၇ ရက်မှ စတင်ကာ ပြန်လည်ဖွင့်လှစ်ပေးခဲ့သည့်အတွက် နိုင်ငံတကာလေကြောင်းခရီးစဉ်များဖြင့် မြန်မာနိုင်ငံသို့ ဝင်ရောက်လာမည့် မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသားခရီးသွားများအတွက် ပြည်သူ့ကျန်းမာရေးဆိုင်ရာ သတ်မှတ်ချက်များကို ကျန်းမာရေးဝန်ကြီးဌာနက ဧပြီ ၇ ရက်တွင် ထုတ်ပြန်ခဲ့သည်။

နိုင်ငံတကာလေကြောင်းခရီးစဉ်ဖြင့် လာရောက်မည့် မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသား ခရီးသွားများပါရှိရမည့် စာရွက်စာတမ်းများ အထောက်အထားများ၊ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံခြင်း ရှိ/မရှိ၊ မြန်မာနိုင်ငံသို့ ဆိုက်ရောက်သည့် အချိန်မတိုင်မီ အများဆုံး (၇၂) နာရီအတွင်းကိုဗစ်-၁၉ ရောဂါကင်းရှင်းကြောင်း RT-PCR နည်းဖြင့် စစ်ဆေးထုတ်ပေးထားသည့် ဓာတ်ခွဲအဖြေ ရှိ/မရှိ၊ နိုင်ငံခြားသားခရီးသွားများအတွက် မြန်မာ့အာမခံလုပ်ငန်းထံမှ ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အာမခံဝယ်ယူထားကြောင်း အထောက်အထား စသည်...တို့ အပါအဝင် အခြားသောသိရှိထားရမည့်အချက်များကို ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေး အသိပညာမြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်စိုးက ယခုလို ပြောကြားခဲ့သည် -

**ဒေါက်တာသန်းနိုင်စိုး ။** ။ မြန်မာနှစ်ဆန်း ၁ ရက် ဧပြီ ၁၇ ရက်မှ စတင်ပြီး မြန်မာနိုင်ငံကို ဝင်ရောက်မည့် နိုင်ငံတကာခရီးသွားများကို ပြန်လည်ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါတယ်။

### လမ်းကြောင်း နှစ်ခု

မြန်မာနိုင်ငံကို လေကြောင်းခရီးလမ်းကနေ လာဖို့အတွက် လမ်းကြောင်း နှစ်ခုရှိပါတယ်။ အရင်ကတည်းက ကယ်ဆယ်ရေး လေကြောင်းလိုင်း (Relief Flight) တွေ ဖွင့်လှစ်ထားပြီး ယခုမြန်မာနှစ်ဆန်း၁ရက်နေ့က စတင်ကာနိုင်ငံတကာခရီးသည်တင်လေကြောင်း လိုင်း (Commercial Flight) တွေကို တိုးချဲ့ဖွင့်လှစ်ပေးတဲ့အတွက် လေကြောင်းခရီးစဉ်နှစ်မျိုးနဲ့ ဝင်ရောက်နိုင်မှာ ဖြစ်ပါတယ်။

ဒီလိုလမ်းကြောင်း နှစ်ခုအနက် တစ်ခုကို ရွေးချယ်ဝင်ရောက်ရမယ့် မြန်မာနိုင်ငံသား သို့မဟုတ် နိုင်ငံခြားသားခရီးသည်အနေနဲ့ သက်ဆိုင်ရာ လေယာဉ်ခရီးစဉ်အလိုက် မတူညီတဲ့ လိုအပ်ချက်တွေကို ပြည့်စုံစေအောင် ကြိုတင်စီစဉ်ရပါမယ်။

ယခုခရီးသည်တင်လေကြောင်းလိုင်းတွေ ဖွင့်လှစ်ထားချိန်ဖြစ်လို့ နိုင်ငံခြားသားခရီးသည်တွေအနေနဲ့ ခရီးသည်တင်လေကြောင်းလိုင်း (Commercial Flight) တွေနဲ့ ဧပြီ ၂၁ ရက်ကစလို့ လိုက်ပါရမှာ ဖြစ်ပါတယ်။

ခရီးသည်တွေအနေနဲ့ လေယာဉ်လက်မှတ်ဝယ်ယူတဲ့အခါမှာ မိမိလိုက်ပါစီးနင်းမယ့် လေယာဉ်က ကယ်ဆယ်ရေးလေယာဉ် (Relief Flight) သို့မဟုတ် ခရီးသည်တင်လေကြောင်းလိုင်း (Commercial Flight) ဖြစ်တယ်ဆိုတာကို သိရှိထားရမှာဖြစ်ပြီး လက်မှတ်ဝယ်ယူတဲ့အခါမှာလည်း လွဲမှားမဝယ်ယူမိစေဖို့နဲ့ ခရီးစဉ်အလိုက် မတူညီတဲ့ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်တွေကို အထူးသတိပြု ဆောင်ရွက်ထားရမှာဖြစ်ပါတယ်။ လေယာဉ်လက်မှတ်ရောင်း Agent တွေအနေနဲ့ လက်မှတ်ဝယ်ယူသူတွေကို ကယ်ဆယ်ရေးလေယာဉ် သို့မဟုတ် ခရီးသည်တင်လေယာဉ်ခရီးစဉ်နဲ့ ပတ်သက်ပြီး ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်တွေကို သဘောပေါက်နားလည်သည်အထိ ရှင်းပြရပါမယ်။ လေယာဉ်လက်မှတ် ရောင်းသူတွေနဲ့ လေကြောင်းလိုင်း တာဝန်ခံတွေက သတ်မှတ်ထားတဲ့ လုပ်ငန်းလမ်းညွှန်အတိုင်း ကိုယ်တိုင်သိရှိနားလည်ပြီး တာဝန်ခံမှု၊ တာဝန်ယူမှုရှိစွာနဲ့ စနစ်တကျလိုက်နာ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

အခြေခံအနေနဲ့ Commercial Flight နဲ့ ဝင်ရောက်မယ်ဆိုရင် ကျန်းမာရေးအရ လိုအပ်တဲ့ စာရွက်စာတမ်းတွေ ပိုမိုစုံလင်ရမှာဖြစ်ပြီး လတ်တလောအနေနဲ့ ဟိုတယ်မှာ တစ်ရက်နေထိုင်ပြီး RT PCR တစ်ကြိမ် စစ်ဆေးရမှာဖြစ်ပါတယ်။ Relief Flight နဲ့ ဝင်ရောက်မယ်ဆိုရင် ကျန်းမာရေးဆိုင်ရာ စာရွက်စာတမ်းတွေ အများကြီးပြသစရာ မလိုပေမယ့် လေယာဉ်ပေါ်မှာတင် ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်ခံရနိုင်တဲ့အတွက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးသူတွေအနေနဲ့ ၅ ရက်၊ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု မရရှိသူတွေအနေနဲ့ ၇ ရက် ကွာရန်တင်း ဝင်ရောက်ရမှာ ဖြစ်ပါတယ်။





ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသည့် ပြည်တွင်းပြည်ပခရီးသွားများအား တွေ့ရစဉ်။

### ကြိုတင်သိရှိထားရမည့်အချက်များ

နိုင်ငံခြားသားခရီးသွားတွေအနေနဲ့ မြန်မာနိုင်ငံကို ဝင်ရောက်မယ်ဆိုရင် အရင်ဆုံးပြည်ဝင်ခွင့် ဗီဇာရရှိအောင် လျှောက်ထားရမှာဖြစ်ပါတယ်။ ပြည်ဝင်ခွင့်ဗီဇာအတွက် ဘယ်လိုလိုအပ်ချက်တွေ ရှိတယ်၊ Business Visa, E-visa လျှောက်ထားမှုတွေနဲ့ ပတ်သက်လို့ ဘယ်လိုဆောင်ရွက်နိုင်လဲ စတဲ့ဗီဇာဆိုင်ရာကိစ္စရပ်တွေကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန ဝက်ဘ်ဆိုက် https://evisa.moip.gov.mm/ မှာ ဝင်ရောက်ကြည့်ရှု လျှောက်ထားနိုင်မှာ ဖြစ်ပါတယ်။

### ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီး သက်သေခံလက်မှတ်လိုအပ်

ပြည်သူ့ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်တွေအနေနဲ့ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသားခရီးသွားတွေ အားလုံးအတွက် မရှိမဖြစ်ပါရမယ့် စာရွက်စာတမ်းတွေထဲမှာ အမှတ်စဉ် (က) အနေနဲ့ ကျန်းမာရေးဝန်ကြီးဌာနက အသိအမှတ်ပြုထားတဲ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတွေထဲက တစ်မျိုးမျိုးကို မြန်မာနိုင်ငံသို့ ဆိုက်ရောက်သည့်နေ့ရက် မတိုင်မီလွန်ခဲ့သော (၁၄) ရက်ကျော်က အကြိမ်ပြည့် ထိုးနှံပြီးကြောင်း သက်သေခံလက်မှတ် လိုအပ်ပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနက အသိအမှတ်ပြုထားတဲ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတွေက CoronaVac (Sinovac)၊ AstraZeneca သို့မဟုတ် Covishield, Pfizer-BioNTech, Janssen သို့မဟုတ် Johnson & Johnson, Moderna, Sinopharm, Sputnik V, Sputnik Light, Covaxin တို့အပြင် မြန်မာနိုင်ငံ၊ စက်မှုဝန်ကြီးဌာနက ပြန်လည်ထုပ်ပိုးထုတ်လုပ်တဲ့ Myancopharm ဖြစ်ပါတယ်။

ကာကွယ်ဆေးထိုးနှံပြီးကြောင်း လက်မှတ်ပါရှိရမယ်ဆိုတဲ့အချက်မှာ ကင်းလွတ်ခွင့်အနေနဲ့ အသက် ၆ နှစ်အောက် ကလေးတွေအနေနဲ့ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားတဲ့ မိဘ(သို့မဟုတ်)အုပ်ထိန်းသူနဲ့အတူ ခရီးသွားခြင်းဖြစ်ပါက သတ်မှတ်ချက်မှ ကင်းလွတ်ခွင့်ပြုပါတယ်။ နိုင်ငံတကာမှာ အသက် ၆ နှစ်အောက်ကို ကာကွယ်ဆေး ထိုးနှံတာက နည်းပါသေးတယ်။ သူတို့ကို ကာကွယ်ဆေးမထိုးနှံရသေးပေမယ့် မိဘအုပ်ထိန်းသူနဲ့အတူဆိုရင် ဒီသတ်မှတ်ချက်က ကင်းလွတ်ခွင့်ပြုတာ ဖြစ်ပါတယ်။ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးကြောင်း သက်သေခံလက်မှတ်မှာ ထိုးနှံတဲ့ကာကွယ်ဆေးအမည်၊ ထိုးနှံတဲ့နိုင်ငံနဲ့ ရက်စွဲတွေကို ခရီးသွားရဲ့ နိုင်ငံကူးလက်မှတ်ပါ အချက်အလက်တွေနဲ့ အတူ အင်္ဂလိပ်ဘာသာ သို့မဟုတ် မြန်မာဘာသာနဲ့ဖြစ်စေ၊ နှစ်မျိုးစလုံးနဲ့ဖြစ်စေ ရှင်းလင်းတိကျစွာ ဖော်ပြရမှာဖြစ်ပါတယ်။ ကာကွယ်ဆေးထိုးတဲ့နိုင်ငံက ထုတ်ပေးတဲ့လက်မှတ်ကို သူ့နိုင်ငံရဲ့ ဘာသာစကားနဲ့ ရေးထားတာဖြစ်တဲ့အတွက် တာဝန်ရှိသူတွေအနေနဲ့ စစ်ဆေးရတာ ခက်ပါတယ်။ အင်္ဂလိပ်ဘာသာနဲ့ဆိုရင် ပြန်လည်စစ်ဆေးရတာ လွယ်ပါတယ်။

### RT PCR နည်းနဲ့ (၇၂)နာရီအတွင်း စစ်ဆေးထားတဲ့ ဓာတ်ခွဲအဖြေလိုအပ်

အမှတ်စဉ် (ခ)အနေနဲ့ မြန်မာနိုင်ငံသားနဲ့ နိုင်ငံခြားသားခရီးသွားတွေအားလုံးအနေနဲ့ မြန်မာနိုင်ငံကို ဆိုက်ရောက်တဲ့ အချိန်မတိုင်မီ အများဆုံး (၇၂)နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကင်းရှင်းကြောင်း RT PCR နည်းနဲ့ စစ်ဆေးထုတ်ပေးထားတဲ့ ဓာတ်ခွဲအဖြေပါရပါမယ်။ ဒီအချက်မှာလည်း အသက်(၆)နှစ်အောက် ကလေးတွေကို ဒီသတ်မှတ်ချက်က ကင်းလွတ်ခွင့်ပြုပါတယ်။ ကိုဗစ်-၁၉ ရောဂါ ကင်းရှင်းကြောင်း RT PCR နည်းနဲ့ စစ်ဆေးထုတ်ပေးထားတဲ့ ဓာတ်ခွဲအဖြေနဲ့ စစ်ဆေးတဲ့ နေ့ရက်ကို ခရီးသွားရဲ့ နိုင်ငံကူးလက်မှတ်ပါ အချက်အလက်တွေနဲ့အတူ အင်္ဂလိပ်သာသာနဲ့ ရှင်းလင်းတိကျစွာ ဖော်ပြထားရပါမယ်။

### ကျန်းမာရေး အာမခံလိုအပ်

အမှတ်စဉ်(ဂ)အနေနဲ့က နိုင်ငံခြားသားခရီးသွားတွေအနေနဲ့ မြန်မာ့အာမခံလုပ်ငန်းက ရောင်းချတဲ့ ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး ကိစ္စတွေ အကျုံးဝင်တဲ့ ကျန်းမာရေးအာမခံ ဝယ်ယူထားကြောင်း အထောက်အထားပါရမှာဖြစ်ပါတယ်။ ကျန်းမာရေးအာမခံ ဝယ်ယူခြင်းနဲ့ ပတ်သက်တဲ့ အသေးစိတ်အချက်အလက်တွေကို မြန်မာ့အာမခံလုပ်ငန်းရဲ့ အင်တာနက်ဝက်ဘ်ဆိုက်မှာ ကြည့်ရှုလေ့လာနိုင်ပါတယ်။

### ကျန်းမာရေးကြေညာချက် (Health Declaration Form) ဖြည့်သွင်းရန် လိုအပ်

ဒီလို မရှိမဖြစ်ပါရမယ့် အထောက်အထားတွေကို နိုင်ငံတကာခရီးသည်တင် လေကြောင်းခရီးစဉ်တွေနဲ့လိုက်ပါမယ့် ခရီးသည်တွေအနေနဲ့ လေယာဉ်မစီးခင် တစ်ဖက်နိုင်ငံ လေဆိပ်ကောင်တာက လေကြောင်းလိုင်းဝန်ထမ်းတွေကို သေသေချာချာ ပြည့်ပြည့်စုံစုံ ပြသ၍ စစ်ဆေးမှုခံယူရမှာဖြစ်ပါတယ်။ ဒီလိုပြထားလိုက်လို့ အဆင်ပြေရင် မြန်မာပြည်ရောက်တဲ့အခါမှာ ထပ်စစ်ရင်လည်း သိပ်ပြီး လွဲစရာမရှိတော့ပါဘူး။ ဒီဘက်ရောက်ပြီးတော့မှ အထောက်အထားတွေကို စစ်တာတွေ မစုံလင်ရင် အခက်အခဲတွေဖြစ်မှာစိုးတဲ့အတွက် ဟိုဘက်မှာကတည်းက တစ်ခါတည်းပြသပြီး အစစ်အဆေးခံခဲ့ရမှာ ဖြစ်ပါတယ်။

လေယာဉ်ပေါ်မှာဖြစ်စေ၊ တစ်ဖက်နိုင်ငံက လေဆိပ်မှာ စောင့်ဆိုင်းနေစဉ်မှာဖြစ်စေ ကျန်းမာရေးကြေညာချက် (Health Declaration Form) ကို ကြိုတင်ဖြည့်သွင်းထားရမှာဖြစ်ပြီး မြန်မာနိုင်ငံကို ဆိုက်ရောက်တဲ့အချိန်မှာ လိုအပ်တဲ့ အထောက်အထားတွေနဲ့အတူ ကျန်းမာရေးကြေညာချက်ကို သက်ဆိုင်ရာလေဆိပ်မှာရှိတဲ့ ကျန်းမာရေး အရာရှိတွေကို ပြသစစ်ဆေးခံရမှာဖြစ်ပါတယ်။ အထောက်အထား စာရွက်စာတမ်းတွေမှာပါတဲ့ အချက်အလက်တွေကို မှန်မှန်ကန်ကန် ဖြည့်သွင်းရမှာ ဖြစ်ပါတယ်။ မှန်မှန်ကန်ကန်ဖြည့်သွင်းခြင်းမရှိရင် ဥပဒေကြောင်းအရ အရေးယူခြင်းခံရမှာ ဖြစ်ပါတယ်။

### လေဆိပ်တွင် ကျန်းမာရေးစစ်ဆေးမှုခံယူရန်လိုအပ်

ခရီးသွားတွေအနေနဲ့ မြန်မာနိုင်ငံသို့ဆိုက်ရောက်ချိန်မှာ အရင်ဆုံးအနေနဲ့ သက်ဆိုင်ရာလေဆိပ် ကျန်းမာရေးအရာရှိတွေက ဆောင်ရွက်တဲ့ ကိုယ်အပူချိန်တိုင်းတာခြင်းနဲ့ လိုအပ်တဲ့ ကျန်းမာရေးစစ်ဆေးခြင်း၊ ပြည်သူ့ကျန်းမာရေးဆိုင်ရာ လိုအပ်တဲ့ စာရွက်စာတမ်းစစ်ဆေးမှုတွေကို ခံယူရမှာဖြစ်ပြီး လူဝင်မှုကြီးကြပ်ရေး၊ အကောက်ခွန်စတဲ့ ကောင်တာတွေမှာ လိုအပ်တဲ့ စစ်ဆေးအတည်ပြုမှုတွေ ခံယူရမှာ ဖြစ်ပါတယ်။

*စာမျက်နှာ ၇ သို့*







*စာမျက်နှာ ၆ မှ*

### သီးသန့်မော်တော်ယာဉ်ဖြင့် သတ်မှတ်ဟိုတယ်သို့ ပို့ဆောင်ပေးမည်

ပြည်သူ့ကျန်းမာရေးဆိုင်ရာလုပ်ငန်းစဉ်အနေနဲ့ ခရီးသွားတွေကို လေဆိပ်ကနေပြီး သီးသန့်မော်တော်ယာဉ်နဲ့ သတ်မှတ်ထားတဲ့ ဟိုတယ်ကို ပို့ဆောင်ပေးမှာဖြစ်ပါတယ်။ အဲဒီဟိုတယ်မှာ တစ်ရက်နေထိုင်စောင့်ဆိုင်းပြီး RT PCR နည်းနဲ့ ကိုဗစ်-၁၉ ရောဂါပိုး ရှိ/မရှိ စစ်ဆေးလို့အဖြေက Negative ဖြစ်တော့မှ သက်ဆိုင်ရာဟိုတယ်ကနေ မိမိအလိုရှိရာကို ထွက်ခွာရမှာဖြစ်ပါတယ်။ လေဆိပ်ကနေဟိုတယ်ကို သတ်မှတ်ထားတဲ့ သီးသန့်မော်တော်ယာဉ်နဲ့ ပို့ရမှာဖြစ်ပြီး ကိုယ်ပိုင် မော်တော်ယာဉ်တွေနဲ့ ပို့ဆောင်လို့မရပါဘူး။

ဒီနေရာမှာ လေဆိပ်ကနေ ဟိုတယ်ကို သီးသန့်မော်တော်ယာဉ်နဲ့ ပို့ရတဲ့အတွက် သယ်ယူပို့ဆောင်စရိတ်၊ ဟိုတယ်မှာ RT PCR နည်းနဲ့ စစ်ဆေးရင် အဖြေရတဲ့အထိ တစ်ရက် စောင့်ဆိုင်းရင်းနေရတဲ့စရိတ်နဲ့ ကိုဗစ် – ၁၉ ရောဂါပိုး ရှိ/မရှိကို RT PCR နည်းနဲ့ စစ်ဆေးတဲ့အခါ ကုန်ကျစရိတ်တွေကို ခရီးသွားတွေက ကျခံရမှာဖြစ်ပါတယ်။ ဟိုတယ်တွေနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တွေကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနရဲ့ အင်တာနက်စာမျက်နှာကနေ ရရှိနိုင်ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှာလည်း ခရီးသွားတွေ အဆင်ပြေစေဖို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနရဲ့ ကောင်တာ ဖွင့်လှစ်ထားပါတယ်။ ခရီးသည်တင်လေကြောင်းလိုင်းတွေမှာ လိုက်ပါလာတဲ့ နိုင်ငံ့ဝန်ထမ်းတွေအနေနဲ့ စစ်ဆေးမှုအတွက် ကုန်ကျစရိတ်ကို သီးသန့်အစီအစဉ်နဲ့ ဆောင်ရွက်ပေးမှာဖြစ်တဲ့အတွက် ကင်းလွတ်ခွင့်ရမှာဖြစ်ကြောင်း သိရှိရပါတယ်။

### ဓာတ်ခွဲအဖြေကို ၂၄ နာရီအတွင်း ရရှိရေး စီစဉ်ဆောင်ရွက်ထား

သက်ဆိုင်ရာ ပုဂ္ဂလိကဓာတ်ခွဲမှုဆိုင်ရာဌာနတွေ၊ အမျိုးသား ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနနဲ့ Swab ယူမယ့်အဖွဲ့တွေ ကြိုတင်ညှိနှိုင်းထားရှိ၍ ဓာတ်ခွဲအဖြေကို ၂၄ နာရီအတွင်း ရရှိအောင် စီစဉ်ဆောင်ရွက်ထားတာဖြစ်ပါတယ်။ ခရီးသွားတွေအနေနဲ့ ဟိုတယ်မှာ အဖြေရရှိရေးစောင့်ဆိုင်းရာမှာ တစ်ရက်ထက်ပိုပြီး မကြာစေဖို့အတွက် Swab ယူမယ့် အဖွဲ့တွေက နေ့စဉ် ညနေ ၅ နာရီအထိ ဟိုတယ်တွေမှာ Swab ယူနိုင်ဖို့ တာဝန်ခွဲဝေချထားပေးပြီး ညနေ ၅ နာရီထက် နောက်ကျပြီးမှ ဝင်ရောက်လာတဲ့ လေယာဉ်တွေအတွက် သတ်မှတ်ဟိုတယ်တွေမှာ ညတွင်းချင်း Swab ယူနိုင်ဖို့ စီစဉ်ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။

သက်ဆိုင်ရာ လေကြောင်းလိုင်းတာဝန်ရှိသူတွေအနေနဲ့ ခရီးသည်တွေ ဟိုတယ်မှာ Swab အဖြေစောင့်ဆိုင်းရက် တစ်ရက်ထက် မပိုစေရေး လေဆိပ်ကျန်းမာရေးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနနဲ့ ညှိပြီး Swab ယူပေးမယ့် အဖွဲ့တွေနဲ့ ကြိုတင်စီစဉ်ချိတ်ဆက်ထားရမှာ ဖြစ်ပါတယ်။ ပုဂ္ဂလိကဓာတ်ခွဲစစ်ဆေးမှုဆိုင်ရာ ဌာနတွေအနေနဲ့ ဓာတ်ခွဲအဖြေတွေကို ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ထံပို့ပေးမှာဖြစ်ပြီး အဲဒီကတစ်ဆင့် ခရီးသည်စောင့်ဆိုင်းနေထိုင်ရာ ဟိုတယ်သို့ ကိုဗစ် – ၁၉ ကင်းရှင်းကြောင်း ထောက်ခံချက်ပို့ပေးမှာ ဖြစ်ပါတယ်။ ကိုဗစ် – ၁၉ ရောဂါ ကင်းရှင်းကြောင်း ထောက်ခံချက်ရပြီဆိုရင် ခရီးသည်အနေနဲ့ ဟိုတယ်ကနေ ထွက်ခွာနိုင်ပြီဖြစ်ပါတယ်။

ဒီလိုထွက်ခွာသွားချိန်မှာ ခရီးသွားတွေအနေနဲ့ မြန်မာနိုင်ငံမှာ နေထိုင်စဉ် ကိုဗစ် – ၁၉ ရောဂါ လက္ခဏာတွေ ပေါ်ပေါက်လာရင် နီးစပ်ရာကျန်းမာရေးဌာနကို သတင်းပေးပို့ရမှာ ဖြစ်ပါတယ်။ ဆက်သွယ်ရမယ့် ဖုန်းနံပါတ်တွေကို ဟိုတယ်တွေမှာ တောင်းယူရရှိနိုင်ပါတယ်။ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး (Rapid Response Team) တွေ၊ ကိုဗစ်-၁၉နဲ့ ပတ်သက်လို့ အွန်လိုင်းကနေ ဆက်သွယ်ဆွေးနွေးနိုင်မယ့် Tele-Consultation Program တွေရဲ့ ဖုန်းနံပါတ်တွေက အခုထိဖွင့်ထားတုန်းဖြစ်လို့ ၂၄ နာရီ ပိတ်ရက်မရှိ ဆက်သွယ်နိုင်ပါတယ်။

### ဟိုတယ်တွင် စောင့်ဆိုင်းနေစဉ် ကိုဗစ်-၁၉ တွေ့ရှိပါက ဆောင်ရွက်နိုင်သည့်အစီအစဉ်

ဟိုတယ်မှာ စောင့်ဆိုင်းနေစဉ်ကာလမှာ ကိုဗစ်-၁၉ ရောဂါ လက္ခဏာတစ်ခုခု ပေါ်လာတယ်။ သို့မဟုတ် RT PCR နည်းနဲ့စစ်ဆေးပြီး အဖြေက ပိုးရှိတယ်လို့ သိရတယ်ဆိုရင် ကျန်းမာရေးအစီအမံတွေနဲ့အညီ ချက်ချင်းသီးခြားခွဲပြီးထားရှိပါမယ်။ ရောဂါပိုးရှိသူရဲ့ သဘောထား၊ ရောဂါရဲ့ပြင်းထန်နိုင်မှုအခြေအနေတွေကို တွက်ဆပြီး သတ်မှတ်ထားတဲ့ဆေးရုံ သို့မဟုတ် ကုသရေးစင်တာ သို့မဟုတ် ကိုဗစ် – ၁၉ အတည်ပြုလူနာတွေထားတဲ့ ဟိုတယ်တွေမှာ ထားရှိမလားဆိုတာကို ကာယကံရှင်ပုဂ္ဂိုလ်နဲ့တိုင်ပင်ပြီး သူ့ရဲ့ရောဂါ အခြေအနေအရ လိုအပ်သလို လွှဲပြောင်းပို့ဆောင်ကုသပေးမှာဖြစ်ပါတယ်။ ဒီနေရာမှာ ကျန်းမာရေးအာမခံ ဝယ်ယူထားသူတွေအနေနဲ့ မိမိ ဝယ်ထားတဲ့ အာမခံအမျိုးအစားအလိုက် အကျုံးဝင်မှုရှိရင် ကုန်ကျစရိတ်ကို ပြန်လည်တောင်းခံနိုင်မှာဖြစ်ပါတယ်။

### မြန်မာနိုင်ငံမှထွက်ခွာမည့်သူများအတွက် ဆောင်ရွက်ပေးလျက်ရှိသည့်လုပ်ငန်းများ

မြန်မာနိုင်ငံမှာ ဆောင်ရွက်စရာရှိတဲ့ကိစ္စတွေကို ဆောင်ရွက်ပြီး နိုင်ငံတကာခရီးသည်တင် လေကြောင်းခရီးစဉ်တွေနဲ့ ပြန်ထွက်မယ့် လူတွေအတွက် ဆောင်ရွက်ပေးလျက်ရှိရာမှာ ပြန်ထွက်မယ့်နိုင်ငံ၊ ခရီးတစ်ထောက်နား (Transit) ဝင်မယ့်နိုင်ငံ လိုအပ်ချက်နဲ့အညီ ကိုဗစ် – ၁၉ ရောဂါ ဓာတ်ခွဲစစ်ဆေးမှုတွေ ကြိုတင်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဥပမာ – စင်ကာပူနိုင်ငံဆိုရင် ၄၈ နာရီအတွင်း ကိုဗစ်-၁၉ မရှိကြောင်း RT PCR နဲ့ စစ်ဆေးတဲ့ အဖြေလိုတယ်ဆိုရင် ကျန်းမာရေးဝန်ကြီးဌာနက အသိအမှတ်ပြုထားတဲ့ ဓာတ်ခွဲခန်းတွေမှာ မိမိစရိတ်နဲ့ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

ဒါ့အပြင် နိုင်ငံရပ်ခြားသို့သွားရောက်မယ့် မြန်မာနိုင်ငံသားတွေအနေနဲ့ ပြည်တွင်းမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးပါက ထိုးနှံပြီးကြောင်း အင်္ဂလိပ်ဘာသာနဲ့ QR code ပါတဲ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုး Electronic မှတ်တမ်းကို ကျန်းမာရေးဝန်ကြီးဌာနရဲ့ အင်တာနက်စာမျက်နှာဖြစ်တဲ့ c19vc.moh.gov.mm တွင် လျှောက်ထားရယူလို့ရပါတယ်။

### မြန်မာနိုင်ငံသို့ ကယ်ဆယ်ရေးလေယာဉ်ခရီးစဉ် (Relief Flight) များနှင့် ဝင်ရောက်ရာတွင် ကြိုတင်သိရှိထားရမည့်အချက်များ

အထူးသဖြင့် မြန်မာနိုင်ငံသားတွေအနေနဲ့ ကာကွယ်ဆေးထိုးသက်သေခံလက်မှတ် မပြနိုင်တဲ့သူတွေ၊ ၇၂ နာရီအတွင်း RT PCR နည်းနဲ့ စစ်ဆေးထားတဲ့ Negative အဖြေ မပြနိုင်သူတွေအနေနဲ့ နိုင်ငံတကာခရီးသည်တင် လေကြောင်းလိုင်းတွေကနေတစ်ဆင့် ဝင်ရောက်ခြင်းကို လုံးဝခွင့်ပြုမှာမဟုတ်ဘဲ ကယ်ဆယ်ရေးလေယာဉ် Relief Flight ခရီးစဉ်တွေနဲ့ ဝင်ရောက်နိုင်မှာဖြစ်ပါတယ်။

မြန်မာနိုင်ငံသားတွေအနေနဲ့ သတ်မှတ်ထားတဲ့ ကျန်းမာရေးဆိုင်ရာ အချက်အလက်တွေမပြည့်စုံဘူးဆိုရင် နိုင်ငံတကာခရီးသည်တင် လေကြောင်းလိုင်းတွေနဲ့ မလာဘဲ Relief Flight တွေနဲ့ ဝင်ရောက်သင့်ပါတယ်။ Relief Flight နဲ့ ဝင်ရောက်မယ်ဆိုရင် နိုင်ငံ့ဝန်ထမ်းတွေအပါအဝင် မြန်မာနိုင်ငံသားတွေ အားလုံးအတွက် RT PCR နည်းနဲ့ စစ်ဆေးတဲ့ ကုန်ကျစရိတ်ကို နိုင်ငံတော်က ကျခံပေးလျက်ရှိပါတယ်။

### ကယ်ဆယ်ရေးလေယာဉ်ခရီးစဉ်များနှင့် ဝင်ရောက်လျှင် ကွာရန်တင်း မဖြစ်မနေလိုအပ်

ဒီနေရာမှာ ကယ်ဆယ်ရေးလေယာဉ်ခရီးစဉ် Relief Flight နဲ့ဆိုရင် ကွာရန်တင်းက မဖြစ်မနေ လိုအပ်ချက်အနေနဲ့ဝင်ရမှာ ဖြစ်ပါတယ်။ အဲဒီ Relief Flight ပေါ်မှာ ကာကွယ်ဆေး ထိုးမထားသူလည်း ပါနိုင်တယ်။ ၇၂ နာရီအတွင်း RT PCR နည်းနဲ့ စစ်ဆေးမှု ခံယူမထားသူတွေကလည်း အများစုဖြစ်တယ်ဆိုတော့ ပိုးရှိသူပါလာရင် လေယာဉ်ပေါ်မှာတင်ပဲ ပိုးက ကူးသွားနိုင်တာဖြစ်ပါတယ်။ Relief Flight နဲ့ ဝင်လာတယ်ဆိုရင်လည်း ကွာရန်တင်းနဲ့ ပတ်သက်တဲ့ သတ်မှတ်ချက်တွေကို ယခင်တုန်းကနဲ့ နှိုင်းယှဉ်ရင် ဖြေလျှော့ပေးထားပြီး ဖြစ်ပါတယ်။

အရင်တုန်းက ကာကွယ်ဆေးမထိုးထားရင် ၁၀ ရက်၊ ဆေးထိုးထားရင် ခုနစ်ရက်ဖြစ်ပြီး အခု ကာကွယ်ဆေးအကြိမ်ပြည့် ထိုးထားရင် ငါးရက်၊ အကြိမ်ပြည့်မထိုးထားဘူးဆိုရင် ခုနစ်ရက် နေရမှာဖြစ်ပါတယ်။ ငါးရက် ကွာရန်တင်းနေရမယ့်သူဆိုရင် တစ်ရက်မြောက်နေ့မှာ RDT နဲ့ လေးရက်မြောက်နေ့မှာ RT PCR သုံးပြီး ပိုးရှိ/ မရှိ စစ်ပါမယ်။ ကာကွယ်ဆေးအကြိမ်ပြည့် မထိုးထားသူအနေနဲ့ ကွာရန်တင်း ခုနစ်ရက်နေရမယ်ဆိုရင် တစ်ရက်မြောက်နေ့မှာ RDT နဲ့ ခြောက်ရက်မြောက်နေ့မှာ RT PCR နဲ့ ပိုးရှိ/မရှိ နှစ်ကြိမ်စစ်မှာ ဖြစ်ပါတယ်။ အဲဒီလို ပိုးနှစ်ကြိမ်စစ်ပြီး ပိုးမရှိရင် ကွာရန်တင်းကထွက်ပြီး အလိုရှိရာ ခရီးဆက်နိုင်ပြီ ဖြစ်ပါတယ်။

ကွာရန်တင်းဝင်ရောက်နေစဉ်မှာ ဓာတ်ခွဲစစ်ဆေးမှုတွေအရ ကိုဗစ်-၁၉ ရောဂါပိုးရှိတယ်လို့ သိရတယ်ဆိုရင် ရောဂါရဲ့ ပြင်းထန်နိုင်မှု အခြေအနေတွေကို တွက်ဆပြီး အထက်မှာတင်ပြခဲ့တဲ့အတိုင်း သတ်မှတ်ထားတဲ့ဆေးရုံ သို့မဟုတ် ကုသရေးစင်တာ၊ သို့မဟုတ် ကိုဗစ် – ၁၉ အတည်ပြုလူနာတွေထားတဲ့ ဟိုတယ်တွေမှာ ထားရှိမလားဆိုတာကို ကာယကံရှင်ပုဂ္ဂိုလ်နဲ့တိုင်ပင်ပြီး လိုအပ်သလို လွှဲပြောင်းပို့ဆောင်ကုသပေးမှာ ဖြစ်ပါတယ်။

### နိုင်ငံတကာခရီးသည်များ Transit ခရီးတစ်ထောက် ရပ်နားခြင်းကို ခွင့်ပြုခြင်းမရှိသေး

ကနဦးအနေနဲ့ နိုင်ငံတကာခရီးသည်တင် လေကြောင်းခရီးစဉ်တွေ Commercial Flight တွေအနေနဲ့ မြန်မာနိုင်ငံကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကသာ ဝင်ရောက်ရဦးမှာ ဖြစ်ပါတယ်။ နိုင်ငံတကာခရီးသွားတွေကို မြန်မာနိုင်ငံမှာ Transit ခရီးတစ်ထောက်

*စာမျက်နှာ ၈ သို့*

## အသိပေးကြေညာချက်

ပြည်တွင်း၊ ပြည်ပ ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် ရွှေနှင့်ငွေကြေးဈေးကွက် တည်ငြိမ်မှုသည် များစွာအရေးပါသည့်အတွက် ပြည်တွင်း ရွှေနှင့်ငွေကြေးဈေးနှုန်းများ တည်ငြိမ်မှုရှိအောင် ထိန်းကျောင်း ကြပ်မတ်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် **ရွှေနှင့်ငွေကြေးဈေးကွက် စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီကို** ဖွဲ့စည်းခဲ့ပါသည်။ လုပ်ငန်းကော်မတီသည် ပြည်တွင်းငွေကြေးဈေးနှုန်းများ တည်ငြိမ်မှုရှိအောင် ထိန်းကျောင်းကြပ်မတ်ရာတွင် အထောက်အကူဖြစ်စေရန် တိုင်ကြားစာစိစစ်ရေးအဖွဲ့အား ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်၍ ငွေကြေးဈေးကွက်တည်ငြိမ်မှုကို ထိခိုက်စေနိုင်သော ဆောင်ရွက်မှုများဖြစ်သည့် နိုင်ငံခြားငွေကြေးများအား တရားမဝင်ကိုင်ဆောင်ခြင်း၊ ဥပဒေမဲ့အရောင်းအဝယ်ပြုလုပ်ခြင်း၊ ဈေးကစားခြင်းပြုလုပ်သူများ၊ အိမ်ခြံမြေနှင့် မော်တော်ယာဉ်ကဲ့သို့ အခြေပစ္စည်းများအား ရောင်းဝယ်ပြီး ပိုင်ဆိုင်မှုလွှဲပြောင်းရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေပေးချေမှု ကန့်သတ်ချက်များအတိုင်း လိုက်နာမှုမရှိသူများ၊ ဘဏ်များတွင်အပ်နှံထားသည့် ငွေသားထုတ်ယူရာ၌ ရာခိုင်နှုန်းယူ၍ ငွေသားထုတ်ပေးခြင်း၊ ဘဏ်ပြင်ပတွင် ငွေသားလက်ဝယ်ထိန်းသိမ်းထားသူများက ဘဏ်အကောင့်တွင် အပ်နှံထားသည့် ကျပ်ငွေများကို ရာခိုင်နှုန်းယူ၍ ငွေသားဖြင့်လဲလှယ်ထုတ်ပေးခြင်းတွင် ပါဝင်ပတ်သက်သူများကို သိရှိပါက **ရွှေနှင့်ငွေကြေးဈေးကွက် စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီ၏** တိုင်ကြားစာစိစစ်ရေးအဖွဲ့ တယ်လီဖုန်းနံပါတ် ၀၆၇-၃၄၀၉၄၆၃၊ လက်ကိုင်ဖုန်းနံပါတ် ၀၉-၄၃၀၀၆၈၃၃ နှင့် Email လိပ်စာ gmm.complaint@cbm.gov.mm သို့ လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ရွှေနှင့်ငွေကြေးဈေးကွက် စောင့်ကြည့်၊**
**ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီ**

# မသန်စွမ်းကလေးများ လေ့ကျင့်သင်ကြားပေးသော ဆရာ ဆရာမများ စွမ်းဆောင်ရည်မြှင့်သင်တန်းဖွင့်ပွဲ ကျင်းပ

နေပြည်တော်   မေ ၂၀

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း ရန်ကုန်တွင် ဖွင့်လှစ်ပို့ချသည့် နွေရာသီကျောင်းပိတ်ရက် တစ်လသင်တန်းဖြစ်သည့် မသန်စွမ်းကလေးများ လေ့ကျင့်သင်ကြားပေးသော ဆရာ ဆရာမများ စွမ်းဆောင်ရည်မြှင့် သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက အဆိုပါဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပသည်။**

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူးများ၊ မသန်စွမ်းသင်တန်းကျောင်းများမှ ကျောင်းအုပ်များ၊ သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများက အွန်လိုင်းမှတစ်ဆင့် တက်ရောက်ခဲ့ကြသည်။




### ကျွမ်းကျင်မှုနှင့် အရည်အသွေးရှိရန်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် အထူးလိုအပ်ချက်ရှိသော ကလေးများကို လေ့ကျင့်သင်ကြားပေးရန် ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် မသန်စွမ်းသက်ငယ် သင်တန်းကျောင်းနှစ်ကျောင်းကို ဖွင့်လှစ်ထားပါကြောင်း၊ အထူးသဖြင့် ဉာဏ်ရည်မသန်စွမ်းကလေးများ၏ ဖွံ့ဖြိုးမှုနယ်ပယ်ငါးရပ်ဖြစ်သော ရုပ်ပိုင်း၊ ဉာဏ်ရည်ဉာဏ်သွေးပိုင်း၊ ဘာသာစကားနှင့် ဆက်သွယ်မှုပိုင်း၊ စိတ်ခံစားမှုပိုင်း၊ လူမှုဆက်ဆံရေးပိုင်းများကို လေ့ကျင့်သင်ကြားပေးသည့်အပြင် နေ့စဉ်လုပ်ငန်းဆောင်တာများကို ကလေးများကိုယ်တိုင်လုပ်ကိုင်တတ်စေရန် သင်ကြားပေးလျက်ရှိပါကြောင်း၊ အထူးလိုအပ်ချက်ရှိသော ကလေးများကို လေ့ကျင့်သင်ကြားပေးနေသော ဝန်ထမ်းများ၏ အခန်းကဏ္ဍနှင့် အရည်အသွေးများသည် အမှန်တကယ် အရေးကြီးပါကြောင်း၊ ဝန်ထမ်းများ၏ ကျွမ်းကျင်မှုနှင့် အရည်အသွေးများရရှိစေရန်၊ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်အတွက် ယနေ့ဖွင့်လှစ်သော သင်တန်းသည် အမှန်တကယ် အကျိုးရှိပါကြောင်း၊ ယခု နွေရာသီကျောင်းပိတ်ရက် တစ်လသင်တန်းသည် မိမိတို့ ဝန်ကြီးဌာန၏ ရည်ရွယ်ချက်များကို အောင်မြင်စေရန် ဆောင်ရွက်သင့်သည့် သင်တန်းတစ်ခုဖြစ်ပါကြောင်း၊ မသန်စွမ်းကလေးများ၏ ဖွံ့ဖြိုးတိုးတက်မှုများကို တာဝန်ယူဆောင်ရွက်ပေးနေကြသော ဆရာ ဆရာမ၊ ဝန်ထမ်းများအနေဖြင့် ယခုသင်တန်းကို အခွင့်အရေးတစ်ရပ်ကဲ့သို့ တန်ဖိုးထားမှတ်ယူပြီး ကြိုးစားလေ့လာသင်ယူကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို မေ ၂၀ ရက်မှ မေ ၁၃ ရက်အထိ တစ်လတာ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းတွင် မသန်စွမ်းသင်တန်းကျောင်းများနှင့် မူလတန်းကြိုကျောင်းများမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၀ ပါဝင်တက်ရောက်ကြမည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ရာနှုန်းပြည့် ထိုးနှံနိုင်ရေးအတွက် ကျန်ရှိဒေသများတွင် အစုအဖွဲ့များဖြင့် ဆောင်ရွက်သွားမည့် အစီအစဉ်နှင့်ပတ်သက်၍ စေတနာ့ဝန်ထမ်းများနှင့် ညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဖိတ်ကြားထားသော တိုင်းဒေသကြီးလေးခုမှ တိုင်းဦးစီးမှူးများနှင့် စေတနာ့ဝန်ထမ်း ၄၀ တို့က Virtual ဖြင့် တက်ရောက်ကြသည်။

### ရာနှုန်းပြည့်ဆေးထိုးနှံနိုင်ရေး

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းစဉ်များကို တစ်နိုင်ငံလုံးရှိ သတ်မှတ်အသက်အရွယ် ဦးတည်အုပ်စုများအလိုက် သတ်မှတ်အကြိမ်ပြည့် ဆေးထိုးနှံနိုင်ရေးလုပ်ငန်းစဉ်များကို ၂၀၂၂ ခုနှစ် ဧပြီလကုန်တွင် တစ်နိုင်ငံလုံး ရာနှုန်းပြည့်ထိုးနှံနိုင်ရေး ရည်မှန်းချက်ထားဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ခဲ့ရာ တစ်နိုင်ငံလုံးရှိ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီး၌ ပူးပေါင်းပါဝင်ကူညီခဲ့ကြသည့် စေတနာ့ဝန်ထမ်းများ အားလုံးကိုလည်း နိုင်ငံတော်အစိုးရနှင့် ပြည်သူများကိုယ်စား အထူးပင် အသိအမှတ်ပြုကျေးဇူးတင်ရှိပါကြောင်း၊ မိမိဒေသများရှိ မိဘညီအစ်ကိုမောင်နှမများ၊ ပြည်သူများ အသက်ရှင်သန်ရေးနှင့် ကပ်ရောဂါဆိုးမှ ခံနိုင်ရည်ရှိစွာ ကျော်လွှားနိုင်ရေးအတွက်ဆိုသည့် စိတ်ထားဖြင့် ရာနှုန်းပြည့် ဆေးထိုးနှံနိုင်ရေးအတွက် ဝိုင်းဝန်းကူညီ အားဖြည့်ပါဝင်ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးလေးခုမှ လူမှုဝန်ထမ်းဦးစီးမှူးများ၊ စေတနာ့ဝန်ထမ်းများ၊ ပရဟိတအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက မိမိတို့လုပ်ဆောင်နေသော နယ်ပယ်ကဏ္ဍအသီးသီးတွင် လုပ်ဆောင်နေမှု၊ အားသာချက်/ အားနည်းချက်များနှင့် လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၇ မှ*

ရပ်နားခြင်းကို လတ်တလောအနေနဲ့ ခွင့်ပြုခြင်း မရှိသေးပါဘူး။

မြန်မာနိုင်ငံမှာ ခရီးတစ်ထောက်ရပ်နားရန်လိုအပ်တဲ့ နိုင်ငံခြားလေယာဉ်အမှုထမ်းတွေ ခရီးတစ်ထောက်ရပ်နားမယ်။ Crew လဲမယ်စသည်ဖြင့် ရှိမယ်ဆိုရင်လည်း ၎င်းတို့၏ နောက်တစ်ကြိမ် လေယာဉ်ခရီးစဉ် မတိုင်မီအထိ သတ်မှတ်ထားတဲ့ ဟိုတယ်မှာသာ အခြားသူတွေနဲ့ ထိတွေ့မှုမရှိဘဲ သက်ဆိုင်ရာကျန်းမာရေး အစီအမံတွေနဲ့အညီ သီးခြားနေထိုင်ရမှာဖြစ်ပါတယ်။

### သတ်မှတ်ချက်များမှ ကင်းလွတ်ခွင့်တင်ပြတောင်းခံနိုင်မည့်အခြေအနေ

နိုင်ငံတကာက လေကြောင်းခရီးနဲ့ဝင်ရောက်ရာမှာ အထက်မှာတင်ပြခဲ့တဲ့ သတ်မှတ်ချက်တွေကို ကင်းလွတ်ခွင့်တောင်းခံနိုင်တဲ့ အခြေအနေတစ်ရပ်ရှိပါတယ်။ ဒါကတော့ မြန်မာနိုင်ငံကို နိုင်ငံတော်အဆင့်လေယာဉ်ခရီးစဉ် (state flight)တွေ လာရောက်တာ၊ သို့မဟုတ် သီးသန့်လေယာဉ်ခရီးစဉ်နဲ့ လာရောက်တဲ့ နိုင်ငံတော်အဆင့်ဧည့်သည်တော်တွေ၊ နိုင်ငံခြားကိုယ်စားလှယ်တော်တွေအနေနဲ့ ဆိုက်ရောက်မယ့် နေ့ရက်မတိုင်မီ အလုပ်လုပ်ရက် အနည်းဆုံး ငါးရက်ကြိုတင်ပြီး ကိုဗစ် - ၁၉ ရောဂါ ထိန်းချုပ်ကုသရေး ဗဟိုကော်မတီ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ ကျန်းမာရေးဝန်ကြီးဌာနကို တင်ပြ၍ ကင်းလွတ်ခွင့်တောင်းခံနိုင်ပါတယ်။

### သတ်မှတ်ချက်များကို ထပ်မံဖြေလျှော့ပေးရန် စောင့်ကြည့်လျက်ရှိ

အခုလို နိုင်ငံတကာခရီးသည်တင်လေကြောင်းလိုင်းတွေနဲ့ ဟိုတယ်မှာ တစ်ရက်ထားပြီး RT PCR နည်းနဲ့ စစ်ဆေးဖို့ ဆောင်ရွက်ထားတဲ့ကိစ္စတွေက လတ်တလော ကမ္ဘာတစ်ဝန်း ရောဂါကူးစက်မှုအခြေအနေ၊ ဒေသတွင်းနဲ့ အိမ်နီးချင်းနိုင်ငံအချို့မှာ ရောဂါကူးစက်မှု မြင့်မားနေတဲ့ နိုင်ငံတွေရှိနေတဲ့အခြေအနေတွေအရ ဆောင်ရွက်ထားခြင်းဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုနှုန်းတွေ ကျဆင်းလာခြင်း၊ နိုင်ငံတကာလေကြောင်းလိုင်းတွေနဲ့ ဝင်ရောက်လာတဲ့ ခရီးသည်တွေမှာ ၇၂ နာရီအတွင်း RT PCR နည်းနဲ့ စစ်ဆေးထားတဲ့ အဖြေကလည်း ပါလာပြီးဖြစ်တဲ့အတွက် ထပ်မံစစ်ဆေးတဲ့အခါမှာ ရောဂါပိုးတွေ့ရှိရမှု အလွန်နည်းပါးခြင်းနဲ့ ပြည်တွင်းကာကွယ်ဆေးလွှမ်းခြုံမှု မြင့်မားလာခြင်းစတဲ့ အချက်တွေပေါ်မူတည်ပြီး ထပ်မံဖြေလျှော့မှုတွေ ရှိလာမှာဖြစ်ပါတယ်။

ရောဂါဖြစ်ပွားမှု အခြေအနေ၊ ရောဂါဝင်ရောက်ကူးစက်မှုကို ထိရောက်စွာတားဆီးနိုင်မှု၊ နိုင်ငံတကာ ခရီးသည်တင် လေကြောင်းလိုင်းတွေ၊ လေယာဉ်စီးခရီးသည်တွေ၊ ဟိုတယ်တွေ၊ ခရီးသည်သယ်ယူပို့ဆောင်ပေးသူတွေ၊ ပုဂ္ဂလိကခာတ်ခွဲမှုဆိုင်ရာဌာနတွေ၊ သက်ဆိုင်ရာဌာနဆိုင်ရာအဖွဲ့အစည်းတွေစတဲ့ ပါဝင်ပတ်သက်သူတွေအားလုံးက သတ်မှတ် ထားတဲ့ စည်းမျဉ်းစည်းကမ်းများနှင်အညီ ဟန်ချက်ညီညီပူးပေါင်းဆောင်ရွက်နိုင်မှုနဲ့ လုပ်ငန်းစဉ်ကြီးတစ်ခုလုံးကို အောင်မြင်စွာ စနစ်တကျစီမံခန့်ခွဲဆောင်ရွက်နိုင်မှုအပေါ် မူတည်၍ အခုသတ်မှတ်ချက်တွေကို ထပ်မံဖြေလျှော့ပေးသွားမယ့် အစီအစဉ်တွေကို စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း အသိပေးတင်ပြအပ်ပါတယ်။

ကျေးဇူးတင်ပါတယ်။ ။

# ကယားပြည်နယ်အစိုးရအဖွဲ့ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းများအတွက် တာဝန်ပေးအပ်

**လွိုင်ကော် မေ ၂၀**
ကယားပြည်နယ် အစိုးရအဖွဲ့၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းများ တာဝန်ပေးအပ်ပွဲကို ယမန်နေ့က လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ပြည်နယ်၏ လူမှုစီးပွားရေးနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူဗဟိုပြု၍ အားလုံး ပါဝင်နိုင်သော ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ရရှိစေရန် စီမံကိန်းများအကောင်အထည်ဖော်ရာတွင် ပြည်သူများအတွက် လက်ငင်းအကျိုးရှိစေသည့် စီမံကိန်းလုပ်ငန်းများကို လက်တွေ့ကျကျ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုမရှိရန်နှင့် ပေးချေရမည့် တန်ဖိုးနှင့်ညီမျှသည့် ရလဒ်ကောင်းများ ရရှိရန်လိုကြောင်း၊ ပြည်နယ်အတွက် အဓိကကျသော လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး၊ စက်မှုကဏ္ဍအတွက် လျှပ်စစ်ဓာတ်အား တိုးတက်ရရှိရေး၊ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရေး၊ ငွေကြေးဝန်ဆောင်မှု အမျိုးအစားအသစ်များ ဖြစ်ထွန်းလာရေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်များကိုပါ ထည့်သွင်းစဉ်းစား၍ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ကယားပြည်နယ် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၏ ဒေသန္တရစီမံကိန်းများ ရေးဆွဲထားမှုများကို ပြည်နယ်စီမံကိန်းဦးစီးမှူး ဦးမောင်မောင်လွင်က ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၏ ဒေသန္တရစီမံကိန်းများဖြစ်သည့် လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီးနှင့် ခရိုင်များအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများအား တာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)




ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင် ဒေသန္တရစီမံကိန်းဆောင်ရွက်ရန် သက်ဆိုင်ရာဌာနများထံ တာဝန်ပေးအပ်စဉ်။

## ပွင့်ဖြူမြို့နယ်၌ နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်

**ပွင့်ဖြူ မေ ၂၀**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ရေပုတ်ကြီးကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းတွင် နွေရာသီကျောင်းပိတ်ရက်ကာလ ကျောင်းသားကျောင်းသူများ ကိုယ်၊ စိတ်၊ နှလုံး ယဉ်ကျေးလိမ္မာစေရန်နှင့် ဗုဒ္ဓ၏အဆုံးအမ တရားတော်များနှင့် အညီ ကျင့်ကြံနေထိုင်တတ်စေရန် ရည်ရွယ်၍ ဆရာတော် ဦးသုဝဏ္ဏနှင့် ဆရာတော်ဦးဇေယျသီရိတို့က ဦးဆောင်ကာ နွေရာသီယဉ်ကျေးလိမ္မာသင်တန်း အခမဲ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။



သင်တန်းတွင် ပို့ချသင်ကြားပေးသည့် သင်ခန်းစာများကို ကျောင်းသား ကျောင်းသူများ လက်တွေ့အကျိုးရှိရှိ အသုံးချနိုင်ရေးအတွက် အရည်အချင်းစစ်ဆေးခြင်းဆိုင်ရာ စာမေးပွဲအား ထည့်သွင်းကျင်းပ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ ယင်းသင်တန်းကို မတ် ၂၅ ရက်မှ မေ ၂၅ ရက်အထိ တစ်လကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)

## အိမ်မဲမြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြော

**အိမ်မဲ မေ ၂၀**
ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမတွင် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိဒေါ်ဌေးဌေးလှိုင်က လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပသည့် ရည်ရွယ်ချက်များကိုပြောကြားသည်။ ယင်းနောက် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒေါ်အိအိမျိုးက လူငယ်နှင့်ကျန်းမာရေး၊ စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးလေးလွင်က စားသုံးရန်မသင့်သော အစားအစာများ ခေါင်းစဉ် များဖြင့် ဟောပြောခဲ့ကြကြောင်းသိရသည်။

ချစ်သက်လယ်(အိမ်မဲ)

## မုဒုံမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ မြန်မာ့သိုင်းသင်တန်းဖွင့်လှစ်

**မုဒုံ မေ ၂၀**
မွန်ပြည်နယ် မုဒုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ မေ ၁၈ ရက်က မြန်မာ့သိုင်းသင်တန်းကို ဖွင့်လှစ်သည်။

အဆိုပါသင်တန်းကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကာ နွေရာသီကျောင်းပိတ်ရက်များတွင် ကျောင်းသား ကျောင်းသူများ ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်စေရန်၊ မြန်မာ့သိုင်းပညာကို စိတ်ပါဝင် စားလာစေရန်နှင့် ဘက်စုံထူးချွန်ထက်မြက်သော အားကစားသမားလူငယ်များ ပေါ်ထွက်စေရန် ရည်ရွယ်၍ သင်တန်းကို ဖွင့်လှစ်ပေးခြင်း ဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် ကိုးမောင်းအားလက်ရေး ၆၃ ကွက်ကို အခြေပြု၍ ဗန်ဒိုသိုင်း၊ တုတ်၊ ဓားသိုင်း အစရှိသည်တို့ကို သင်တန်းသားသင်တန်းသူ ၁၁ ဦးတို့အား လေးရက်ကြာ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

အောင်မျိုးသူ(ပြန်/ဆက်)

## ဆီဆိုင်မြို့နယ်၌ လေဘေးသင့် အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေများပေးအပ်

**ဆီဆိုင် မေ ၂၀**
ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်၌ မေ ၁၄ ရက်က မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် အမိုးလန်ပျက်စီးဆုံးရှုံးခဲ့သော နေအိမ်များမှ အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေများကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ပေးအပ်ခဲ့သည်။

အဆိုပါ ထောက်ပံ့ခြင်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးနိုင်ကျော်ဇင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနရုံးမှ တာဝန်ရှိသူများသည် လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် နောင်ကျောကျေးရွာအုပ်စု နောင်ထော်(ဈေးပိုင်း)ကျေးရွာနှင့် နောင်ထော်(ဒုံကုံး)ကျေးရွာတို့ရှိ နေအိမ် ၁၉ လုံးအတွက် အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် ၁၆၇၄၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မျိုးမြတ်(ဆီဆိုင်)

## လှိုင်းဘွဲ့-ကမ်းနီ-ရွှေဂွန်းလမ်း ကတ္တရာလမ်းချဲ့ခြင်းနှင့် ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**လှိုင်းဘွဲ့ မေ ၂၀**
ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ လှိုင်းဘွဲ့-ကမ်းနီ-ရွှေဂွန်းလမ်းပိုင်းအား ၂၀၂၁-၂၀၂၂ ခုနှစ် မီနီဘတ်ဂျက်၌ ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် စုစုပေါင်းလမ်းအရှည် ၂ မိုင်၊ ၆ ဖာလုံရှိသည့် လမ်းပိုင်းကို ယခင်ကတ္တရာလမ်း ၁၂ ပေအကျယ်မှ ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်းနှင့် ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

အဆိုပါ ကတ္တရာလမ်းချဲ့ခြင်းနှင့် ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို လှိုင်းဘွဲ့မြို့နယ်လမ်းဦးစီးဌာနက ပြည်နယ်ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၃၄၆ ဒသမ ၅သန်းဖြင့် လမ်းအရှည် ၁ မိုင်နှင့် ၂ဖာလုံကို ဆောင်ရွက်ခဲ့ပြီး ပြည်နယ်ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၄၀၄ ဒသမ ၈၅သန်းဖြင့် လမ်းအရှည် ၁ မိုင်နှင့် ၄ ဖာလုံကို ဝေပုံမြကုမ္ပဏီမှ ဆောင်ရွက်ခဲ့ရာ စုစုပေါင်းလမ်းအရှည် ၂ မိုင်နှင့် ၆ ဖာလုံကို ဆောင်ရွက်ပြီးစီးခဲ့သည်။

လှိုင်းဘွဲ့မြို့မှ ကမ်းနီကျေးရွာနှင့်ရွှေဂွန်းစံပြကျေးရွာကို ဆက်သွယ်ပေးထားသည့် ကတ္တရာလမ်း အရှည် ၁၅ မိုင်ရှိပြီး မြို့အထွက်မိုင်တိုင်အမှတ် ၂ ကီလိုမီတာမှ ၆ ဒသမ ၄ ကီလိုမီတာအထိ ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေများဖြင့် လမ်းချဲ့ခြင်းနှင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လင်းသန့်
(ပြန်/ဆက်)



လှိုင်းဘွဲ့-ကမ်းနီ-ရွှေဂွန်းလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။

# ကမ္ဘာ့နိုင်ငံများတွင် ကျင့်သုံးလျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းဥပဒေကျင့်ဝတ်စည်းကမ်းများတွင် နိုင်ငံရေးဆိုင်ရာဘက်လိုက်မှုမရှိရေးနှင့် ပါတီနိုင်ငံရေးကင်းရှင်းရေးတို့နှင့်စပ်လျဉ်း၍ လေ့လာဆန်းစစ်ခြင်း

o—— အငြိမ်းစားဝန်ထမ်းဟောင်းတစ်ဦး (UCSB) ——o

**နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံရေးနှင့် စီးပွားရေးစနစ်များ၊ အစိုးရအဖွဲ့များ မည်သို့ပြောင်းလဲစေကာမူ နိုင်ငံတော်ယန္တရားတစ်ခုလုံး စဉ်ဆက်မပြတ် ကောင်းမွန်စွာ သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်ကြရသူများ ဖြစ်ကြပါသည်။**

**တာဝန်နှင့်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်**

သို့ဖြစ်ရာ ကမ္ဘာ့နိုင်ငံအသီးသီးတွင် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပေးအပ်သောတာဝန်နှင့်ဝတ္တရားများကို စနစ်တကျ ကျေပွန်စွာထမ်းဆောင်နိုင်ရန်အတွက် ဝန်ထမ်းများလိုက်နာရမည့် ဥပဒေများ၊ ကျင့်ဝတ်စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ပြဋ္ဌာန်းထားရှိကြပါသည်။ ယင်းသို့ သတ်မှတ်ပြဋ္ဌာန်းထားရှိသည့် နိုင်ငံ့ဝန်ထမ်းဥပဒေများကို ပြည်သူ့ဝန်ထမ်းဥပဒေ (Public Service Act/Law) နှင့် နိုင်ငံ့ဝန်ထမ်းဥပဒေ (Civil Service Personnel Act/Law)ဟူ၍ လည်းကောင်း၊ ကျင့်ဝတ်စည်းကမ်းများကို (Code of Conduct / Code of Ethics / Civil Service Code) ဟူ၍လည်းကောင်း နိုင်ငံအလိုက် အမည်ခေါ်ဝေါ်သုံးစွဲမှုကွဲပြားကြသော်လည်း အနှစ်သာရအားဖြင့်မူ နိုင်ငံ့ဝန်ထမ်းများစောင့်ထိန်းရမည့် ကျင့်ဝတ်နှင့် လိုက်နာရမည့် စည်းကမ်းတို့ကို သတ်မှတ်ပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။

ဥရောပတိုက်၊ အာဖရိကတိုက်နှင့် တောင်အမေရိကတိုက်ရှိ နိုင်ငံအများစုတွင် နိုင်ငံ့ဝန်ထမ်းဥပဒေကဲ့သို့ ဥပဒေဆိုင်ရာပြဋ္ဌာန်းချက်နှင့် အမိန့်ညွှန်ကြားချက်များကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားပြုစုခြင်းမျိုး နည်းပါးပြီး သက်ဆိုင်ရာမိခင်ဘာသာစကားဖြင့်သာ ပြုစုထားရှိကြပါသည်။ သို့ရာတွင် Organisation for Economic Co-operation and Development (OECD)၊ Inter-American Development Bank (IDB) နှင့် Asian Development Bank (ADB) တို့ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများမှ အင်္ဂလိပ်ဘာသာဖြင့် ရေးသားပြုစုထားရှိသည့် ဒေသအလိုက် သို့မဟုတ် တိုက်ကြီးများအလိုက် ပြုစုထားသော နိုင်ငံ့ဝန်ထမ်းစနစ်နှင့် အုပ်ချုပ်ရေးဆိုင်ရာ ဆန်းစစ်မှု အစီရင်ခံစာများမှတစ်ဆင့် ဝန်ထမ်းစနစ်၊ ဥပဒေပြဋ္ဌာန်းချက်များနှင့် အုပ်ချုပ်ရေးယန္တရားလည်ပတ်မှုပုံစံတို့ကို လေ့လာတွေ့ရှိရပါသည်။

**အဂတိတရားကင်းရှင်းရေးဆောင်ရွက်**

ယင်းအစီရင်ခံစာများတွင် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံရေးနှင့်ပတ်သက်သော ဆောင်ရွက်ခွင့်ကို အခြေခံသတ်မှတ်ချက်တစ်ရပ်အနေဖြင့် နှိုင်းယှဉ်ပြုစုထားသည်ကို လေ့လာတွေ့ရှိနိုင်ပါသည်။ ကမ္ဘာ့နိုင်ငံအများစုတွင် နိုင်ငံ့ဝန်ထမ်းများ တာဝန်ထမ်းဆောင်ရာ၌ နိုင်ငံရေး၊ ဘာသာရေးနှင့် လူမျိုးရေးဆိုင်ရာ ဘက်လိုက်ခြင်းနှင့် ခွဲခြားခြင်းတို့ကို အခြေခံအားဖြင့် တားမြစ်ထားရှိပါသည်။ ဘက်လိုက်ခြင်းနှင့် ခွဲခြားပြုမူခြင်းသည် စင်စစ်အားဖြင့် အဂတိတရားလေးပါး၌ တစ်ပါးအပါအဝင်ဖြစ်ရာ ယင်းကိုတားမြစ်ခြင်းသည် အဂတိတရားကင်းရှင်းရေး ဆောင်ရွက်ခြင်းပင်ဖြစ်ပါသည်။

အဆိုပါပြဋ္ဌာန်းချက်များနှင့် ဥပဒေဆိုင်ရာကျင့်ထုံးများသည် နိုင်ငံအလိုက်ကျင့်သုံးသော အမျိုးသားရေးမူဝါဒများနှင့် ကျင့်သုံးသောအုပ်ချုပ်မှုစနစ်များအရ နိုင်ငံ့ဝန်ထမ်းများ၏ နိုင်ငံရေး၌ ပါဝင်ဆောင်ရွက်ခွင့် အတိုင်းအတာခြားနားမှုရှိပါသည်။ အမျိုးသားရေးမူဝါဒဆိုသည်မှာ အမျိုးသားအကျိုးစီးပွားဖြစ်ထွန်းစေရေးအတွက် ဦးတည်၍ သွားရမည့် လမ်းပြမြေပုံအသွင် ဖော်ဆောင်သည့်စနစ်ပင်ဖြစ်ရာ နိုင်ငံများအနေဖြင့် နိုင်ငံအလိုက် ထိုနိုင်ငံနှင့် သင့်လျော်သည့်စနစ်ကို ချမှတ်ထားလေ့ရှိပြီး ဥပမာအနေဖြင့် ဒီမိုကရေစီစနစ်၊ ဆိုရှယ်လစ်စနစ်၊ ကွန်မြူနစ်စနစ် စသည်တို့ကို ဆိုလိုခြင်းဖြစ်ပါသည်။ ကျင့်သုံးသော အုပ်ချုပ်မှုစနစ်ဆိုရာ၌ အာဏာရှင်စနစ်၊ တစ်ပါတီစနစ်နှင့် ပါတီစုံဒီမိုကရေစီစနစ် စသည်တို့ကို ဆိုလိုပါသည်။

**အာဏာရှင်စနစ်ဆိုသည်မှာ**

အာဏာရှင်စနစ်ဆိုသည်မှာ သက်ဦးဆံပိုင်ဘုရင်စနစ်ကျင့်သုံးခြင်း သို့မဟုတ် လူတစ်ဦးတစ်ယောက် သို့မဟုတ် ဆွေမျိုးစုအစဉ်အဆက်မှ အုပ်ချုပ်ခြင်းဖြစ်ပြီး ဥပမာအနေဖြင့် မြောက်ကိုရီးယားနိုင်ငံဖြစ်ပါသည်။ ယင်းနိုင်ငံအနေဖြင့် ကိုရီးယားအလုပ်သမားများပါတီ (Workers' Party of Korea – WPK)ကို ၂၄-၆-၁၉၄၉ ရက်နေ့တွင် တရားဝင်စတင်တည်ထောင်ပြီး တစ်ပါတီအာဏာရှင်စနစ်ကို ကျင့်သုံးခဲ့ရာ ယခုအခါ နှစ်ပေါင်း ၇၂ နှစ် သက်တမ်းရှိပြီဖြစ်သည်။ တစ်ပါတီစနစ်ကို ယေဘုယျအားဖြင့် ဆိုရှယ်လစ်ဝါဒ၊ ကွန်မြူနစ်ဝါဒနှင့် မာ့စ်ဝါဒကျင့်သုံးသောနိုင်ငံများတွင် တွေ့ရှိရပြီး ဥပမာပြရမည်ဆိုပါက ကွန်မြူနစ်စနစ်ကျင့်သုံးသော တရုတ်နိုင်ငံနှင့် ဆိုရှယ်လစ်စနစ်ကျင့်သုံးသော ဗီယက်နမ်နိုင်ငံတို့တွင် ကျင့်သုံးကြပါသည်။ ယင်းနိုင်ငံများနည်းတူ ကျူးဘား၊ အီရီထရီယာ၊ လာအိုနှင့် အနောက်ဆာဟာရ စသောနိုင်ငံများတွင် တစ်ပါတီစနစ်ကျင့်သုံးကြပြီး ယင်းနိုင်ငံများ၌ နိုင်ငံ့ဝန်ထမ်းများအား ပါတီနိုင်ငံရေး ဆောင်ရွက်ခွင့်ပြုထားကာ နိုင်ငံ့ဝန်ထမ်းအများစုသည် ပါတီဝင်များဖြစ်ကြပါသည်။ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီမှချမှတ်သော မူဝါဒကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ပါတီ၏မူဝါဒနှင့် မျှော်မှန်းချက်တို့ကို အောင်မြင်ပြီးမြောက်စေရေးဆောင်ရွက်ကြရပါသည်။

ဥပမာပြည့္ဆိုရမည်ဆိုပါက တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် တရုတ်ကွန်မြူနစ်ပါတီ (Communist Party of China – CPC) ကို ၁-၇-၁၉၂၁ ရက်နေ့တွင် တရားဝင်တည်ထောင်ခဲ့ပြီး အဆိုပါ ပါတီသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် အာဏာရတစ်ပါတီနိုင်ငံ (Authoritarian Single-Party State)အဖြစ် ဦးဆောင်ပါဝင်ပါသည်။

ဝန်ထမ်းများ ပါတီနိုင်ငံရေးဆက်နွှယ်မှုနှင့် စပ်လျဉ်း၍ တရုတ်နိုင်ငံ၏ နိုင်ငံ့ဝန်ထမ်းဥပဒေတွင် "နိုင်ငံ့ဝန်ထမ်းစနစ်သည် CPP ပါတီ၏ ဦးဆောင်မှုအောက်တွင်ရှိရန်၊ နိုင်ငံ့ဝန်ထမ်းအဖြစ် ခန့်အပ်ထားခြင်းခံရသူသည် **နိုင်ငံရေးဆိုင်ရာစံသတ်မှတ်ချက်များကို လိုက်နာကြရန်၊** CPP ပါတီ၏ ဦးဆောင်မှုအပေါ် လိုက်နာခြင်းကို တာဝန်တစ်ရပ်အဖြစ် ထမ်းဆောင်ကြရန်၊ နိုင်ငံ့ဝန်ထမ်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အမိန့်အာဏာ၊ **CPP ပါတီ၏ ဂုဏ်သတင်းနှင့် နိုင်ငံတော်၏ဂုဏ်သတင်းတို့အပေါ် ထိခိုက်နစ်နာစေမည့် မည်သည့်ထုတ်ပြန်ချက်ကို မဆို ဝါဒဖြန့်ခြင်း သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံတော်နှင့် CPP ပါတီ၏ ခေါင်းဆောင်မှုတို့အပေါ် ဆန့်ကျင်သည့်ရည်ရွယ်ချက်ဖြင့် ဆန္ဒပြခြင်း၊ စီတန်းလှည့်လည်ခြင်းနှင့် စုဝေးခြင်းတို့ကဲ့သို့သော လှုပ်ရှားမှုများတွင် စည်းရုံးခြင်း သို့မဟုတ် ပါဝင်ခြင်းတို့အား မကျူးလွန်ရန်**" သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

> ❖ **ဒီမိုကရေစီစနစ်ကို နှစ်ပေါင်းရာကျော် အောင်မြင်စွာကျင့်သုံးနေသည့် ယူနိုက်တက်ကင်းဒမ်းတွင် နိုင်ငံ့ဝန်ထမ်းများ နိုင်ငံရေးဆောင်ရွက်မှုနှင့်ပတ်သက်၍ "နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အစိုးရတစ်ရပ်မှ မည်သို့သော နိုင်ငံရေးဆိုင်ရာ စည်းရုံးသိမ်းသွင်းမှုမျိုးပြုလုပ်စေကာမူ ကြားနေသဘောထားဖြင့်သာ တာဝန်ထမ်းဆောင်ကြရန်၊ ဝန်ထမ်းအနေဖြင့် နိုင်ငံရေးယုံကြည်မှု မည်သို့ရှိစေကာမူ ဝန်ထမ်းကျင့်ဝတ်ပါ ပြဋ္ဌာန်းချက်နှင့်အညီ နေထိုင်ကြရန်၊ ပါတီနိုင်ငံရေးဆိုင်ရာ ယူဆချက်များအတိုင်း ပြုမူနေထိုင်ခြင်း(သို့မဟုတ်) ပါတီနိုင်ငံရေးဆိုင်ရာ ရည်ရွယ်ချက်များအတွက် အစိုးရပိုင်ရင်းမြစ်များကို အသုံးပြုခြင်းနှင့် လူပုဂ္ဂိုလ်ဆိုင်ရာ နိုင်ငံရေးဆိုင်ရာ သဘောထားအမြင်အား အကြံဉာဏ်ပေးခြင်းနှင့် ပြုမူဆောင်ရွက်စေခြင်းတို့ကို မပြုလုပ်ရန်" ပြဋ္ဌာန်းထား**

**ဆုံးဖြတ်ချက်နှင့် အမိန့်များအား သစ္စာရှိစွာလိုက်နာ**

အခြားတစ်ပါတီစနစ်ကျင့်သုံးသည့် **လာအိုနိုင်ငံ**၏ နိုင်ငံ့ဝန်ထမ်းဥပဒေ၌ "နိုင်ငံ့ဝန်ထမ်းများသည် အထက်အဖွဲ့အစည်းများ၏ ဆုံးဖြတ်ချက်နှင့် အမိန့်များအား သစ္စာရှိစွာလိုက်နာပြီး ပေးအပ်သော တာဝန်များကို ပြီးမြောက်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် စည်းမျဉ်းများအရ ပြည်သူများကို ရိုးသားစွာနှင့် တရားမျှတမှုရှိစွာဖြင့် ဝန်ဆောင်မှုပေးရမည်ဖြစ်ကြောင်း၊ အဖွဲ့အစည်းများ၏ ပါတီနိုင်ငံရေးနှင့် လူမှုစီးပွားရေးဆိုင်ရာကိစ္စများတွင်လည်း ပါဝင်ရမည်ဖြစ်ကြောင်း" ပြဋ္ဌာန်းထားပါသည်။

**ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံတွင်** ဗီယက်နမ်ကွန်မြူနစ်ပါတီ(Communist Party of Vietnam– CPV) မှ အာဏာရတစ်ပါတီအနေဖြင့် ဦးစီးဆောင်ရွက်လျက်ရှိပြီး ပြည်သူ့ဝန်ထမ်းအများစုသည် ပါတီဝင်များဖြစ်ကြသည့်အလျောက် ပါတီ၏ ဝန်ထမ်းစီမံခန့်ခွဲမှုစနစ်အား အစိုးရလုပ်ငန်းဆောင်ရွက်မှုစနစ်နှင့် တစ်ပြိုင်နက်တည်းဆောင်ရွက်လျက်ရှိရာ စနစ်နှစ်ခုအား အပြိုင်ဆောင်ရွက်လျက်ရှိခြင်းကြောင့် အကျိုးကျေးဇူးရရှိသော်လည်း တစ်ခါတစ်ရံတွင် ပါတီ၏နိုင်ငံရေးလိုအပ်ချက်များနှင့် ဗျူရိုကရေစီစနစ်၏ လိုအပ်ချက်များအကြားအားပြိုင်သည့် ဆိုးကျိုးများလည်းရှိကြောင်း တွေ့ရှိရပါသည်။

ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးသော နိုင်ငံများတွင် နိုင်ငံ့ဝန်ထမ်းများအား ပါတီနိုင်ငံရေး ဆောင်ရွက်ခွင့်နှင့်ပတ်သက်သော ပြဋ္ဌာန်းချက်များကို ထုတ်ပြန်ထားပါသည်။ ယင်းသို့ထုတ်ပြန်ရာတွင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကွဲပြားခြားနားမှုရှိသော်လည်း ယေဘုယျအားဖြင့် ဒီမိုကရေစီစနစ် တိုးတက်ထွန်းကားပြီးသည့် နိုင်ငံအများစုတွင် **နိုင်ငံ့ဝန်ထမ်းများအား ရုံးချိန်အတွင်း နိုင်ငံရေးဆောင်ရွက်ခွင့် ကန့်သတ်တားမြစ်ထားသော်လည်း ရုံးချိန်ပြင်ပ၌ ဆောင်ရွက်ခွင့်ပြုထားပြီး ဒီမိုကရေစီစနစ်ဖွံ့ဖြိုးဆဲနိုင်ငံအများတွင် နိုင်ငံ့ဝန်ထမ်းများအား ရုံးချိန်နှင့် ရုံးချိန်ပြင်ပတို့တွင်ပါ ပါတီနိုင်ငံရေးဆောင်ရွက်ခွင့်ကို တားမြစ်ထားသည်ကို တွေ့ရှိရပါသည်။** အချို့သောနိုင်ငံများတွင် နိုင်ငံရေးဘက်လိုက်မှုမရှိခြင်းအား သီးသန့်ပြဋ္ဌာန်းချက်တစ်ရပ်အနေဖြင့် သတ်မှတ်ထားရှိပြီး ယင်းပြဋ္ဌာန်းချက်အောက်တွင် ပုဒ်မနှင့်ပုဒ်မခွဲများကို အသေးစိတ်သတ်မှတ်ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

ဒီမိုကရေစီဖခင်နိုင်ငံဟု တင်စားခေါ်ဝေါ်ရသည့် **အမေရိကန်ပြည်ထောင်စုတွင် "ပြည်နယ်နှင့်ဒေသန္တရအစိုးရဌာနတို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် သတ်မှတ်ထားသော ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာ၍ နိုင်ငံရေးလှုပ်ရှားမှုများမှ ကင်းရှင်းရန်"** သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

**ကြားနေသဘောထားဖြင့်သာ ထမ်းဆောင်**

ဒီမိုကရေစီစနစ်ကို နှစ်ပေါင်းရာကျော် အောင်မြင်စွာကျင့်သုံးနေသည့် **ယူနိုက်တက်ကင်းဒမ်း**တွင် နိုင်ငံ့ဝန်ထမ်းများ နိုင်ငံရေးဆောင်ရွက်မှုနှင့်ပတ်သက်၍ **"နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အစိုးရတစ်ရပ်မှ မည်သို့သော နိုင်ငံရေးဆိုင်ရာ စည်းရုံးသိမ်းသွင်းမှုမျိုးပြုလုပ်စေကာမူ ကြားနေသဘောထားဖြင့်သာ တာဝန်ထမ်းဆောင်ကြရန်၊ ဝန်ထမ်းအနေဖြင့် နိုင်ငံရေးယုံကြည်မှု မည်သို့ရှိစေကာမူ ဝန်ထမ်းကျင့်ဝတ်ပါ ပြဋ္ဌာန်းချက်နှင့်အညီ နေထိုင်ကြရန်၊ ပါတီနိုင်ငံရေးဆိုင်ရာ ယူဆချက်များအတိုင်း ပြုမူနေထိုင်ခြင်း(သို့မဟုတ်) ပါတီနိုင်ငံရေးဆိုင်ရာ ရည်ရွယ်ချက်များအတွက် အစိုးရပိုင်ရင်းမြစ်များကို အသုံးပြုခြင်းနှင့် လူပုဂ္ဂိုလ်ဆိုင်ရာ နိုင်ငံရေးဆိုင်ရာ သဘောထားအမြင်အား အကြံဉာဏ်ပေးခြင်းနှင့် ပြုမူဆောင်ရွက်စေခြင်းတို့ကို မပြုလုပ်ရန်"** ပြဋ္ဌာန်းထားရှိပါသည်။

ဒီမိုကရေစီစနစ်ကို နှစ်ပေါင်း ၅၀ ကျော် ကျင့်သုံးခဲ့သည့် **အိန္ဒိယနိုင်ငံတွင်မူ "ဝန်ထမ်းများအနေဖြင့် နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများနှင့် အကျိုးစီးပွားဆက်နွှယ်နေသည့် မည်သို့သော အပြုအမူကိုမျှ ဆောင်ရွက်ခြင်းမရှိရသည့်အပြင် ဝန်ထမ်းအပါအဝင် ၎င်း၏ မိသားစုဝင်များအနေဖြင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါတီနိုင်ငံရေးများတွင် ပါဝင်ခွင့်မရှိရန်နှင့် အကယ်၍ မိသားစုဝင်များ၏ နိုင်ငံရေးတွင် ပါဝင်လှုပ်ရှားပတ်သက်နေမှုကို နိုင်ငံ့ဝန်ထမ်းဘက်မှ တားမြစ်နိုင်ခြင်းမရှိပါက**

*စာမျက်နှာ ၁၁ သို့*

# နေပြည်တော် လယ်ဝေးမြို့၌ နွားပွဲဈေးမြေနေရာနှင့် သားသတ်ရုံတည်ဆောက်မည့် မြေနေရာ ကြည့်ရှုစစ်ဆေး






နေပြည်တော် မေ ၂၀

နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက နေပြည်တော် လယ်ဝေးမြို့ နွားပွဲဈေးမြေနေရာနှင့် ခေတ်အေးကျေးရွာအနီး အသား ထုတ်လုပ်ရုံဆောင်ရွက်မည့် မြေနေရာများကို ကြည့်ရှုပြီး လုပ်ငန်းဆောင်ရွက်မည့် အစီအမံများကို စစ်ဆေးသည်။(ဓာတ်ပုံ)

ထိုသို့ကြည့်ရှုစဉ် ဌာနကြီးမှူး ဦးစိုးဟန်က နွားပွဲဈေးတည်ဆောက်နေမှု အခြေအနေများနှင့် ကော်မတီပိုင် အသားထုတ်ရုံ၌ အသားထုတ်လုပ်ရန် အဆောက်အအုံဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ဒုတိယမြို့တော်ဝန်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## “ရွှေမဥ္ဇူအငြိမ့်” ဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် မေ ၂၀**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေး အစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ **“ရွှေမဥ္ဇူအငြိမ့်”** ဖျော်ဖြေပွဲကို ၂၀၂၂ ခုနှစ် မေ ၂၃ ရက် စနေနေ့ ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းဖျော်ဖြေမှုကို ဝင်းဝင်းက စီစဉ်ပြီး ပြည့်စုံအောင် မင်္ဂလာဆိုင်းအဖွဲ့၏ တီးခတ်မှုနှင့်အတူ ခေါင်းဆောင်မင်းသမီး ဆုရတီ၊ ရှေ့ထွက်မင်းသမီး ခရေချစ်၊ လူရွှင်တော်များ ဖြစ်ကြသည့် စံလင်း၊ အောင်ချစ်၊ ဖြိုးကြွယ်နှင့် ရွှေအိုးတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို ၂၀၂၂ ခုနှစ် မေ ၂၄ ရက် (တနင်္ဂနွေနေ့)




မွန်းလွဲပိုင်း National News အင်္ဂလိပ်ဘာသာ သတင်းအစီအစဉ်အပြီးတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့် ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## “မေတ္တာပန်းများ ပွင့်စေမယ်” တေးဂီတ ဖျော်ဖြေပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် မေ ၂၀**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေး အစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ **“မေတ္တာပန်းများ ပွင့်စေမယ်” တေးဂီတ**ဖျော်ဖြေပွဲကို မေ ၂၂ ရက်၊ သောကြာနေ့ ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို **စန္ဒရား တင်ဝင်းလှိုင် တေးဂီတအဖွဲ့၏** တီးခတ်မှုနှင့်အတူ တေးသံရှင်များဖြစ်ကြသည့် ရဲထိုက်၊ ဝိုင်းလမင်းအောင်၊ ဇင်သူဇာထွန်း၊ ဇင်သူသူထွန်း၊ မြတ်နိုးစံ၊ ရွှေယမင်းဦး၊ ချမ်းဟိန်းဝင်းထွန်း၊ ဈာန်ထူးနှင့် ချိုမီမီဇော်တို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို မေ ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ်၊ လူရွှင်တော်အသင်းနှင့် ကိုလူချောအဖွဲ့တို့မှ မိသားစုများ ပါဝင်ယှဉ်ပြိုင်မည်




**နေပြည်တော် မေ ၂၀**

သုတဝေဖြာသီရိဂေဟာမိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ် (၆၂) ကို မေ ၂၂ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာပေး အစီအစဉ်ကို အစီအစဉ်တင်ဆက်သူ စိုးသီဟနှင့် ဂျေနော တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူရွှင်တော်အသင်းနှင့် ကိုလူချောတို့အဖွဲ့မှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို မေ ၂၂၊ ၂၃၊ ၂၄ ရက်နေ့များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV HD မှ ညနေ ၆ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

**အဆိုပါကိစ္စရပ်ကို အစိုးရထံသို့ အစီရင်ခံစာတင်သွင်းရမည်ဖြစ်သည်”** ဟု အတိအလင်းပြဌာန်းထား ပါသည်။

ဖွံ့ဖြိုးတိုးတက်ပြီးနိုင်ငံတစ်နိုင်ငံဖြစ်သည့် **ဂျပန်နိုင်ငံ**တွင် **“နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးလုပ်ဆောင်ချက်အတွက် အကျိုးစီးပွားဆက်နွယ်ဖြစ်ထွန်းစေသည့် မည်သည့်အပြုအမူကိုမှ ဆောင်ရွက်ခွင့်မရှိ** ဟူ၍လည်းကောင်း၊ **ရွေးကောက်ခံပါတီ၏ အကြံပေးနှင့်အဖွဲ့ဝင်လည်း မဖြစ်စေရ** ဟူ၍လည်းကောင်း သို့မဟုတ် **အလားတူ ရာထူးဖြင့် နိုင်ငံရေးပါတီတစ်ခုတွင် အဖွဲ့ဝင်လည်း မဖြစ်စေရ** ဟူ၍လည်းကောင်း”ဟု ပြဌာန်းထားရှိပါသည်။

အလားတူ ဒီမိုကရေစီစနစ် တိုးတက်ထွန်းကားပြီး နိုင်ငံတစ်နိုင်ငံဖြစ်သည့် **ကိုရီးယားသမ္မတနိုင်ငံ**တွင် “နိုင်ငံ့ဝန်ထမ်းတစ်ဦးသည် မိမိအစိုးရနှင့် ပြည်သူအပေါ်သစ္စာရှိခြင်း၊ တရားမျှတခြင်း၊ စည်းစောင့်ခြင်း၊ ကိုယ်ကျင့်သိက္ခာကောင်းမွန်ခြင်း၊ **နိုင်ငံရေးအရာဘက်လိုက်မှုမရှိခြင်း** စသည်တို့ကို လိုက်နာရမည်ဖြစ်ကြောင်း၊ ယင်းအပြင် **နိုင်ငံရေးပါတီ/ အဖွဲ့အစည်းများ၏ အကျိုးစီးပွားအတွက် ပူးပေါင်းပါဝင်ခြင်း၊ တာဝန်ထမ်းဆောင်ခြင်း၊ လက်မှတ်ရေးထိုးသည့် အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခြင်း၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများတွင် နိုင်ငံရေးနှင့်သက်ဆိုင်သော စာရွက်စာတမ်းနှင့် စာစောင်များဖြန့်ဝေခြင်း၊ ပြည်သူ့ဘဏ္ဍာငွေကို ကိုယ်ကျိုးအတွက်အသုံးပြုခြင်း၊ အသုံးပြုရန်အားပေးအားမြှောက်ပြုခြင်းစသည့် ဆောင်ရွက်မှုမပြုရန်ဖြစ်ကြောင်း၊** အကယ်၍ နိုင်ငံ့ဝန်ထမ်းတစ်ဦးအနေဖြင့် ပါတီနိုင်ငံရေးတွင် ပါဝင်မှုမရှိသော်လည်း နိုင်ငံရေးပါတီ/အဖွဲ့အစည်းများမှ ပါဝင်နိုင်ရေး မလျော်ကန်သောနည်းလမ်းများဖြင့် စည်းရုံးသိမ်းသွင်းလာပါက အဆိုပါနိုင်ငံ့ဝန်ထမ်းက ယင်းအဖြစ်အပျက်ကို ၎င်း၏ဌာန/အဖွဲ့အစည်းသို့ အကြောင်းကြားရမည်” ဟူ၍ အတိအလင်း ပြဌာန်းထားသည်။

**ပါတီနိုင်ငံရေးကင်းရှင်းရေးနှင့်ပတ်သက်၍**

ဒီမိုကရေစီစနစ်ဖွံ့ဖြိုးဆဲဖြစ်သည့် အာဆီယံနိုင်ငံများ၊ အာရှနိုင်ငံများ၊ ဥရောပနိုင်ငံများနှင့် အာဖရိကနိုင်ငံများတွင်လည်း ဝန်ထမ်းများ ပါတီနိုင်ငံရေးကင်းရှင်းရေးနှင့်ပတ်သက်၍ အောက်ပါအတိုင်း သတ်မှတ်ပြဌာန်းထားရှိပါသည်။

**ကမ္ဘောဒီးယားနိုင်ငံ**တွင် “နိုင်ငံ့ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာ၌ ကြားနေသဘောတရားဖြင့်သာ ကျင့်သုံးထမ်းဆောင်ကြရန်၊ ပါတီနိုင်ငံရေးဆိုင်ရာ လုပ်ဆောင်ချက်များနှင့်စပ်လျဉ်း၍ **နိုင်ငံရေးပါတီဝင်တစ်ဦးနှင့် ဆက်နွယ်ခြင်း (သို့မဟုတ်) တာဝန်ထမ်းဆောင်ခြင်း၊ နိုင်ငံရေးပါတီတစ်ခုနှင့် ဆက်နွယ်ခြင်း (သို့မဟုတ်) တာဝန်ထမ်းဆောင်ခြင်း**များ၌ပါဝင်ရန် မိမိ၏ရာထူးနှင့် ဌာနမှ အထောက်အပံ့ပြုထားသည့် ပစ္စည်းများအသုံးပြုခြင်းကို တားမြစ်ရန်” ဟူ၍ သတ်မှတ်ပြဌာန်းထားပါသည်။

**အင်ဒိုနီးရှားနိုင်ငံ**တွင် “နိုင်ငံ့ဝန်ထမ်းများသည် **နိုင်ငံရေးအင်အားစုများနှင့် နိုင်ငံရေးပါတီများ၏ လွှမ်းမိုးမှုနှင့် စွက်ဖက်မှုမှ ကင်းရှင်းကြရန်”** သတ်မှတ်ပြဌာန်းထားပါသည်။

**မလေးရှားနိုင်ငံ**တွင် “ထိပ်တန်းစီမံခန့်ခွဲမှုနှင့် ကျွမ်းကျင်ပညာရှင်အဖွဲ့တို့မှ စီမံခန့်ခွဲမှုအရာရှိများအနေဖြင့် **ပါတီနိုင်ငံရေး၌ ပါဝင်ခြင်း၊ နိုင်ငံရေးပါတီများအကြား ပါတီစွဲအမြင်များထုတ်ဖော်ခြင်း၊ နိုင်ငံရေးပါတီ ဆောင်းပါးများထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ဝေခြင်း၊ နိုင်ငံရေးပါတီအတွက် စည်းရုံးရေးဆင်းခြင်း၊ ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦးအဖြစ် မည်သည့်နိုင်ငံရေး ရာထူးအတွက်မဆို ရွေးကောက်တင်မြှောက်ခြင်းနှင့် နိုင်ငံရေးပါတီတွင် ရာထူးရယူခြင်းတို့ကို တားမြစ်ထားပါကြောင်း၊ ရွေးကောက်ပွဲတွင် ရှုံးနိမ့်သော အငြိမ်းစားအရာရှိများအား အစိုးရ၏ လိုအပ်ချက်မှလွဲ၍ ဝန်ထမ်းအဖြစ် ပြန်လည်ခန့်အပ်မည်မဟုတ်ကြောင်း၊ သို့သော် ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးချုပ်နှင့် အတွင်းဝန်များထံမှ သဘောတူခွင့်ပြုချက် ရရှိပါက ပြန်လည်ခန့်အပ်နိုင်ကြောင်း၊ လုပ်သက်(၁၀)နှစ်အောက်အရာရှိဖြစ်ပါက နုတ်ထွက်စာကို ဌာနအကြီးအကဲထံတင်ပြပြီး အလုပ်မှနုတ်ထွက်၍ နိုင်ငံရေးလှုပ်ရှားမှုများကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံရေးလှုပ်ရှားမှုများအတွက် ရုံးလုပ်ငန်းသတင်းအချက်အလက်များ အသုံးပြုခြင်းကို တားမြစ်ပါကြောင်း၊ နိုင်ငံရေးလှုပ်ရှားမှုများသည် ၁၉၉၃ ခုနှစ် ပြည်သူ့အရာရှိများ အပြုအမူနှင့် စည်းကမ်းလိုက်နာမှုဆိုင်ရာ စည်းမျဉ်းများနှင့် ဆန့်ကျင်မှုမရှိစေရ ဟူသည့်အချက်ကို လိုက်နာရမည်ဖြစ်ပြီး ချမှတ်ထားသည့် အချက်အလက်များကို လိုက်နာရန် ပျက်ကွက်ပါက ပါတီနိုင်ငံရေးဆိုင်ရာ ခွင့်ပြုချက်ကို ရုပ်သိမ်းနိုင်ကြောင်း”** စသည်ဖြင့် နိုင်ငံ့ဝန်ထမ်းများ နိုင်ငံရေးပါဝင်ဆောင်ရွက်ခွင့်နှင့် စပ်လျဉ်း၍ အသေးစိတ် သတ်မှတ်ပြဌာန်းထားသည်ကို တွေ့ရှိရပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*



# အသက် ၁၀ နှစ်မှ ၁၇ နှစ်ကြား ကလေးများ ပါဝင်ယှဉ်ပြိုင်နိုင်မည့် Hub & Hack နည်းပညာပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဧပြီ ၂၀**

ပြည်တွင်းရှိအသက် ၁၀ နှစ်မှ ၁၇ နှစ်ကြား အရွယ် ကလေးများအတွက် ကွန်ပျူတာ သိပ္ပံ(Computer Science) ပညာရပ် ဆိုင်ရာ နည်းပညာပြိုင်ပွဲကြီးဖြစ်သည့် Hub & Hack ဟု အမည်ပေးထားသော ပြိုင်ပွဲကို Virtual နည်းပညာပြိုင်ပွဲကြီး တစ်ခုအဖြစ် သိပ္ပံ Hub ပရောဂျက်နှင့် သိပ္ပံ Institute တို့ ပူးပေါင်း၍ ကျင်းပ မည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲကို ဧပြီ ၂၇ ရက်မှ မေ ၁ ရက် အထိ ငါးရက်ဆက်တိုက် ကျင်းပမည်ဖြစ် သည်။ ဝင်ခွင့်ပုံစံတင်ထားသည့် အဖွဲ့ များအား Hub & Hack စီစဉ်သူအဖွဲ့က စိစစ်သွားမည်ဖြစ်ပြီး ဖောင်တင်ထားသူ များထဲမှ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့် ရသူများကို ရွေးချယ်၍ အကြောင်းပြန် မည်ဖြစ်ကြောင်း၊ နောက်ဆုံးအဆင့် ရွေးချယ်ခံရသော အဖွဲ့များအနေဖြင့် တစ်ဖွဲ့လျှင် Commitment fees ငွေကျပ် နှစ်သောင်း ပေးသွင်းရမည်ဖြစ်သော် လည်း ပွဲစဉ်တစ်လျှောက်လုံး ပြီးသည် အထိ နုတ်ထွက်ခြင်းမရှိဘဲ ပါဝင်အောင် ကတိတောင်းခံသည့်အနေဖြင့် ကောက်ခံ ခြင်းဖြစ်ကာ ပြိုင်ပွဲအဆုံးထိ ပါဝင်ယှဉ်ပြိုင် သည့် အဖွဲ့များအား ပြိုင်ပွဲအပြီးတွင် ငွေကျပ်နှစ်သောင်း အပြည့်အဝ ပြန်လည် ပေးအပ်မည်ဖြစ်ကြောင်းလည်း သိရ သည်။







ပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွင်းရှိ အသက် ၁၀ နှစ်မှ ၁၇ နှစ်အတွင်း Computer Science နှင့်ပတ်သက်၍ အခြေခံရှိသော ကလေးတိုင်း ပါဝင် ယှဉ်ပြိုင်နိုင်မည်ဖြစ်ပြီး ပြိုင်ပွဲတွင် Coding ပိုင်းကို အဓိကထား၍ မိမိတို့၏ ဆန်းသစ်တီထွင်နိုင်စွမ်းနှင့် ဖန်တီးနိုင် စွမ်းများကို အသုံးချယှဉ်ပြိုင်ကြရမည်ဖြစ် ကြောင်း သိရသည်။ ပြိုင်ပွဲတွင် အသက် ၁၀ နှစ်မှ ၁၃ နှစ်အတွင်းကို Junior Level နှင့် အသက် ၁၄ နှစ် မှ ၁၇ နှစ်အထိကို Senior Level ဟု နှစ်မျိုးခွဲခြား၍ ကျင်းပ သွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ဆုများအဖြစ် Junior Level တွင် Winner ဆု ငွေကျပ်လေးသိန်း၊ 1st Runner Up ဆု ငွေကျပ်နှစ်သိန်း၊ 2nd Runner Up ဆု ငွေကျပ်တစ်သိန်း၊ Senior Level တွင် Winner ဆု ငွေကျပ်ငါးသိန်း၊ 1st Runner Up ဆု ငွေကျပ်သုံးသိန်း၊ 2nd Runner Up ဆု ငွေကျပ်နှစ်သိန်း ချီးမြှင့် သွားမည်ဖြစ်ကာ စုစုပေါင်း ဆုတန်ဖိုးမှာ ငွေကျပ် ၁၇ သိန်းဖြစ်သည်။ အဆိုပါ ဆုများအပြင် အခြားသောဆုနှင့် လက်ဆောင်ပစ္စည်းများကိုလည်း ပေးအပ် ချီးမြှင့်သွားမည်ဖြစ်ပြီး ဆုပေးပွဲကို ရန်ကုန်ရှိ Impact Hub ၌ ကျင်းပမည် ဖြစ်သည်။

ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အဖွဲ့များသည် Computer Science နှင့် ဆိုင်သည့် အခြေခံဗဟုသုတများ၊ အခြေခံ coding များကို သိရှိထားရမည်ဖြစ် ကြောင်း၊ ပြိုင်ပွဲကြီးအတွက် Training နှစ်ရက်ပေးမည်ဖြစ်သော်လည်း အခြေခံ သိထားမှသာ သင်ယူနိုင်မည်ဖြစ်ကြောင်း၊ နောက်နှစ်များတွင်လည်း Hub & Hack ပြိုင်ပွဲကို နှစ်စဉ်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာတွင် ကလေးများ၏ နည်းပညာစွမ်းရည်ကို မြှင့်တင်ရန်အတွက် နည်းပညာဆိုင်ရာ ပြိုင်ပွဲများဖြစ်သည့် Coding ပြိုင်ပွဲများ၊ Programming ဘာသာရပ်ဆိုင်ရာ ပြိုင်ပွဲများကို နှစ်စဉ် ကျင်းပ၍ ဆုများချီးမြှင့်နေကြောင်း၊ ကုလသမဂ္ဂ အဖွဲ့စည်းတစ်ခုဖြစ်သည့် UNICEF ကလည်း Hack Outside The Box ဆိုသည့် ပွဲကြီးကို ဂျော်ဂျီယာနိုင်ငံ၌ ကျင်းပပေးလျက်ရှိကြောင်း၊ အဆိုပါ Coding ပြိုင်ပွဲများတွင် ကလေးများ ဝင်ပြိုင်ခြင်းအားဖြင့် ပြဿနာများကို ဖြေရှင်းနိုင်စွမ်းနှင့် အဖွဲ့အစည်းနှင့် လုပ် တတ်သည့် အလေ့အကျင့်ကို တိုးတက် စေမည်ဖြစ်ကြောင်း သိရသည်။

**သိပ္ပံ Hub ပရောဂျက်**

သိပ္ပံ Hub သည် မြန်မာနိုင်ငံအတွင်းရှိ ကျောင်းသား ကျောင်းသူ ကလေးငယ် တိုင်း Computer Science နှင့်ပတ်သက် သည့် အသိပညာများကို အလွယ်တကူရရှိ နိုင်အောင် ဖော်ဆောင်ပေးမည့် ပရောဂျက် တစ်ခုဖြစ်ကြောင်း၊ ယနေ့ကာလတွင် ကွန်ပျူတာသိပ္ပံ ဘာသာရပ်သည် လူတိုင်း၏ နေ့စဉ်ဘဝတွင် ပါဝင်လာပြီး ကွန်ပျူတာသိပ္ပံဘာသာရပ်နှင့် ပတ်သက် သည့် အလုပ်အကိုင်များသည် လစာ အများဆုံး ရရှိနိုင်သလို အလုပ်အကိုင် အခွင့်အလမ်း အရေအတွက်လည်း အလွန် များပြားလာလျက်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံအတော်များများတွင် ကွန်ပျူတာ သိပ္ပံဘာသာရပ်နှင့် ပတ်သက်သည့် သင်ခန်းစာများကို အခြေခံပညာအဆင့် တွင် ထည့်သွင်းသင်ကြားနေပြီဖြစ် ကြောင်း၊ မြန်မာနိုင်ငံတွင်မူ ကွန်ပျူတာ သိပ္ပံ ဘာသာရပ်သည် အခြေခံပညာ သင်ရိုးတွင် မပါဝင်သေးသဖြင့် မြန်မာ နိုင်ငံမှ ကလေးငယ်များ နည်းပညာ ခေတ်ကြီးတွင် နောက်ကျမကျန်ခဲ့စေရန် ရည်ရွယ်၍ သိပ္ပံ Hub ပရောဂျက်ကို စတင်ဆောင်ရွက်နေခြင်းဖြစ်ပြီး သိပ္ပံ Hub ပရောဂျက်ကို စိတ်ဝင်စားသူများ သည် လူမှုကွန်ရက် စာမျက်နှာတွင် Thate Pan Hub ဟု ရိုက်ရှာ၍ ဝင်ရောက် လေ့လာ စုံစမ်းနိုင်ကြောင်း သိရသည်။

**ကိုစိုး**

# Xiaomi က အပ်ဒိတ်ထပ်မပေးတော့မည့် စမတ်ဖုန်းမော်ဒယ်အဟောင်းများ စာရင်းထုတ်ပြန်

**ရန်ကုန် ဧပြီ ၂၀**

ကမ္ဘာ့ဖုန်းဈေးကွက်ဝေစုစာရင်းတွင် တတိယနေရာ၌ရှိပြီး ပြည်တွင်း၌ လည်း အများအပြားအသုံးပြုနေသော အမှတ်တံဆိပ်ဖြစ်သည့် Xiaomi အနေဖြင့် ယခင်ထုတ်လုပ်ရောင်းချထားသည့် စမတ်ဖုန်း မော်ဒယ် အဟောင်းများအနက် Update အသစ်များ ထပ်မပေးတော့မည့် ဖုန်းမော်ဒယ်စာရင်းကို ဧပြီ ၄ ရက်က ထုတ်ပြန်ကြေညာထားသည်။

အဆိုပါစာရင်းတွင် Xiaomi ၏ ထုတ်ကုန်များဖြစ်သည့် Mi နှင့် Redmi စမတ်ဖုန်း တံဆိပ်နှစ်မျိုးမှ ဖုန်းမော်ဒယ် ၇၀ ပါဝင်ပြီး ယင်းဖုန်းမော်ဒယ်ပေါင်း ၇၀ တွင် အများစုမှာ ပြည်တွင်းဈေးကွက်၌ တွင်ကျယ်စွာ ရောင်းချအသုံးပြုခဲ့သလို လက်ရှိအသုံးပြုနေဆဲ ဖုန်းများ လည်း ပါဝင်နေသည်ကို တွေ့ရသည်။



စာရင်း၏ထိပ်ဆုံးနေရာတွင်ပါသည့် ၂၀၁၁ ခုနှစ်ထုတ် MI 1 ဖုန်း

Update အသစ်ပေးခြင်းမှ ရပ်ဆိုင်းတော့မည့် Mi ဖုန်းမော်ဒယ် ၄၁ မျိုးမှာ MI 1, MI 2, MI 2A, MI 3, MI 4, MI 4s, MI 4c, MI 5, MI 5s, MI 5s Plus, MI 5c, MI 5X, MI 6, MI 6X, MI 8 SE, MI Note, MI Note 2, MI Note 3, MI Note Pro, MIX, MIX 2, MI MAX, MI MAX 2, MI A1, MI A2, MI A2 Lite, MI Pad, MI Pad 2, MI Pad 3, MI Pad 4, MI Pad 4 Plus, MI MAX 3, MI 8 Lite, MIX 2S, MI MIX 2S, MI 8 Explorer Edition, MIX 3, MI MIX 3, MI 8 UD, MI 9 SE နှင့် Lotus မော်ဒယ်များဖြစ်သည်။

Update အသစ်ပေးခြင်းမှ ရပ်ဆိုင်းတော့မည့် Redmi ဖုန်းမော်ဒယ် ၂၉ မျိုးမှာ Redmi 1, Redmi 1S, Redmi 2, Redmi 2A, Redmi 3, Redmi 3S, Redmi 3X, Redmi 4, Redmi 4X, Redmi 4A, Redmi 5, Redmi 5 Plus, Redmi 5A, Redmi Note 1, Redmi Note 1S, Redmi Note 2, Redmi Note 2 Pro, Redmi Note 3, Redmi Note 4, Redmi Note 4X, Redmi Note 5, Redmi Note 5A, Redmi Pro, Redmi 6, Redmi 6 Pro, Redmi 6A, Redmi S2, Redmi Y2 နှင့် Redmi Note 6 Pro မော်ဒယ်များဖြစ်သည်။

ပြောင်းလဲလာသည့် နည်းပညာများအပေါ် မူတည်၍ ယခင် ထုတ်လုပ်ထားသော ဟာ့ဒ်ဝဲများကို အဆင့်မြှင့်တင်နိုင်ရန် ဆော့ဖ်ဝဲ အသစ်များ Update ထုတ်ပေးခြင်းကို Xiaomi အနေဖြင့် မကြာခဏ ပြုလုပ်လေ့ရှိပြီး မြန်မာနိုင်ငံဈေးကွက်အနေဖြင့်ဆိုလျှင် ရောင်းချ ထားပြီးသော ဖုန်းများကို System Update ထပ်မံထုတ်ပေးသည့် အလေ့အထမှာ Xiaomi ဖုန်းများကြောင့် တွင်ကျယ်လာခဲ့ခြင်းဖြစ်သည်။

ယခု Update အသစ်ထုတ်ပေးရန် ရပ်ဆိုင်းလိုက်သည့် ဖုန်းမော်ဒယ် များမှာမူ မော်ဒယ်အလွန်နိမ့်လာသောကြောင့် ဟာ့ဒ်ဝဲစွမ်းဆောင်ရည်က ဆော့ဖ်ဝဲအမြင့်ကို မီအောင် မလိုက်နိုင်တော့သဖြင့် အပ်ဒိတ်ထုတ်ပေးမှု ရပ်ဆိုင်းလိုက်ခြင်းဖြစ်သည်။ **ကျော်ဇင်ဦး(ကိုးကား – Xiaomiui.net)**

## Application Guide

# ပေါ့ပေါ့ပါးပါးသုံးနိုင်တဲ့ မြန်မာစာသတ်ပုံ အက်ပလီကေးရှင်း

မိုဘိုင်းဖုန်းတွေမှာသုံးနိုင်တဲ့ မြန်မာစာလုံးပေါင်းသတ်ပုံ အက်ပလီ ကေးရှင်းတွေ အမျိုးမျိုးရှိတဲ့အနက် ဖိုင်အရွယ်အစားသေး၊ သုံးရတာ လွယ်ကူပေါ့ပါး၊ အော့ဖ်လိုင်းလည်း သုံးနိုင်ပြီး အချက်အလက်တွေလည်း မှန်ကန်တဲ့ အက်ပလီကေးရှင်းတစ်ခုက Myanmar Spelling(DMNL) အက်ပလီကေးရှင်းဖြစ်ပါတယ်။




ဒီအက်ပလီကေးရှင်းမှာ ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့ရဲ့ ၂၀၁၉ ခုနှစ်ထုတ် မြန်မာစာလုံးပေါင်း သတ်ပုံကျမ်းစာအုပ်နဲ့ ခွဲထား စာအုပ်ကို အသုံးပြုထားပါတယ်။ အက်ပလီကေးရှင်းထဲမှာ သတ်ပုံကျမ်း၊ ခွဲထား၊ လေ့ကျင့်ရန် ဆိုတဲ့ အဓိကကဏ္ဍသုံးခု ပါဝင်ပြီး သတ်ပုံကျမ်း ကတော့ စာလုံးပေါင်းသတ်ပုံတွေကို ရှာကြည့်နိုင်ပါတယ်။ ခွဲထား ကဏ္ဍမှာတော့ သံတူကြောင်းကွဲစာလုံးတွေကို အဓိပ္ပာယ်ရှင်းလင်းချက်နဲ့ အတူ ဖော်ပြထားပါတယ်။ လေ့ကျင့်ရန်ကဏ္ဍမှာတော့ “လွယ်ကူ၊ သာမန် နဲ့ ခက်ခဲ”လို့ သုံးမျိုးပါဝင်ပြီး မှားနိုင်တဲ့ စာလုံးပေါင်းသတ်ပုံတွေကို အမှန်ရွေးခိုင်းတာဖြစ်ပါတယ်။

အက်ပလီကေးရှင်းဟာ ဖိုင်အရွယ်အစား 11MB ပဲရှိပြီး အန်းဒရွိုက် ဗားရှင်း 5.0 နဲ့အထက် ဖုန်းတိုင်းမှာ သုံးနိုင်ပါတယ်။ အက်ပလီကေးရှင်းကို ပလေးစတိုးမှာ Myanmar Spelling (DMNL)လို့ ရိုက်ရှာပြီး ဒေါင်းလုပ် ရယူနိုင်ပါတယ်။

**ကျော်ဇင်ဦး**

# ဆန္ဒပြမှု၌လူသေဆုံးခဲ့သည့်အပေါ် ဘက်လိုက်မှုမရှိဘဲ ထင်သာမြင်သာဖြစ်စေမည့် စုံစမ်းဖော်ထုတ်မှုများပြုလုပ်မည်ဟု သီရိလင်္ကာသမ္မတ ပြောကြား



သီရိလင်္ကာသမ္မတ ဂိုတာဘာယာ ရာဂျာပက်ဆာ

**ကိုလံဘို ဧပြီ ၂၀**

ရမ်ဘွတ်ခါနာမြို့တွင် ရဲများနှင့် ဆန္ဒဖော်ထုတ်သူများကြား အဓိကရုဏ်းဖြစ်ပွားခဲ့သည့်အပေါ် ဘက်လိုက်ခြင်းမရှိဘဲ ထင်သာမြင်သာဖြစ်စေမည့် စုံစမ်းဖော်ထုတ်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း သီရိလင်္ကာသမ္မတ ဂိုတာဘာယာ ရာဂျာပက်ဆာက ဧပြီ ၂၀ ရက်က အခိုင်အမာ ပြောကြားလိုက်သည်။ အဆိုပါ အဓိကရုဏ်းတွင် လူတစ်ဦးသေဆုံးခဲ့ပြီး ၂၄ ဦး ဒဏ်ရာရရှိခဲ့သည်။

ထုတ်ပြန်ချက်တွင် ရာဂျာပက်ဆာက သီရိလင်္ကာနိုင်ငံသားများ၏ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ခွင့်ကို ဟန့်တားနှောင့်ယှက်မှုမရှိစေရဟု ပြောကြားလိုက်ပြီး ဘက်လိုက်မှုမရှိသည့် ထင်သာမြင်သာဖြစ်စေမည့် စုံစမ်းစစ်ဆေးမှုများကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

အကြမ်းဖက်မှုကြောင့် နက်နက်နဲနဲ စိတ်မကောင်းဖြစ်မိကြောင်းနှင့် ဆန္ဒဖော်ထုတ်ရာ၌ အကြမ်းဖက်မှုမှ ရှောင်ရှားရန် နိုင်ငံသားများကို သမ္မတက တိုက်တွန်းထားသည်။

ဝန်ကြီးချုပ် မဟင်ဒါ ရာဂျာပက်ဆာက ဝမ်းနည်းဖွယ်ဖြစ်ရပ်ဖြစ်ပြီးနောက် အလွန်အမင်း စိတ်သောကဖြစ်မိကြောင်း၊ တင်းကျပ်ပြီး ဘက်မလိုက်သည့် ထင်သာမြင်သာ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားလိုက်သည်။

ရမ်ဘွတ်ခါနာမြို့ အဓိကရုဏ်းဖြစ်စဉ်တွင် အခြေအနေတင်းမာလာပြီးနောက် ရဲများက သေနတ်ပစ်ခတ်မှုများ ပြုလုပ်ခဲ့ကြောင်း ရဲဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ နီဟာယ်သဲဒူဝါက သတင်းထောက်များကို ပြောကြားလိုက်သည်။ ရမ်ဘွတ်ခါနာမြို့သည် မြို့တော်ကိုလံဘိုနှင့် ၉၅ ကီလိုမီတာ အကွာတွင် တည်ရှိသည်။ အခင်းဖြစ်ပွားပြီးနောက် အဆိုပါနေရာတွင် ညမထွက်ရ အမိန့်ချမှတ်ထားသည်။ **ဆင်ဟွာ**

# လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး ယူကရိန်း၌ဖြစ်ပွားနေသော တိုက်ပွဲများကို လေးရက်ကြာ ရပ်ဆိုင်းပေးရန် ကုလသမဂ္ဂအကြီးအကဲတောင်းဆို

**နယူးယောက် ဧပြီ ၂၀**



ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ် နယူးယောက်ရှိ ကုလသမဂ္ဂရုံးချုပ်တွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်နေစဉ်။

အီစတာပွဲတော် ကျင်းပချိန်တွင် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးစင်္ကြံလမ်းဖွင့်နိုင်ရန် ယူကရိန်း၌ဖြစ်ပွားနေသော တိုက်ပွဲများကို လေးရက်ကြာ ရပ်ဆိုင်းပေးရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ဧပြီ ၁၉ ရက်တွင် တိုက်တွန်းပြောကြားလိုက်သည်။

ယူကရိန်းအရှေ့ပိုင်း၌ တိုက်ပွဲပြင်းထန်နေချိန်တွင် အီစတာပွဲတော်ချိန်လည်း နီးကပ်လာပြီဖြစ်ကြောင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီစစ်ရပ်ဆိုင်းခြင်းသည် အရေးအကြီးဆုံးကိစ္စ ဖြစ်ကြောင်း ဂူတာရက်စ်က ပြောကြားလိုက်သည်။

တောင်းဆိုထားသော ယာယီတိုက်ပွဲရပ်ဆိုင်းချိန်အတွင်း အရပ်သားများကို ဘေးလွတ်ရာသို့ ရှောင်ရှားနေထိုင်ရန်နှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို အရေးပေါ်လိုအပ်လျက်ရှိသော မာရီပိုးလ်၊ ဒိုးနက်၊ လူဟန့်နှင့် ခါဆန်ဒေသများသို့ ဖြန့်ဝေပေးမည်ဖြစ်ကြောင်း ဂူတာရက်စ်က ပြောကြားလိုက်သည်။

အဆိုပါဒေသရှိ လူပေါင်းလေးသန်းကျော် အကူအညီလိုအပ်လျက်ရှိကြောင်း ကုလသမဂ္ဂထိပ်တန်းအရာရှိက ပြောကြားလိုက်သည်။

လေးရက်ကြာ အီစတာပွဲတော်ကာလသည် အသက်များကိုကယ်တင်ရန်နှင့် ယူကရိန်းပဋိပက္ခကို အဆုံးသတ်ရန် နောက်ထပ်ဆွေးနွေးညှိနှိုင်းမှုများ လုပ်ဆောင်ရန် စုစည်းလုပ်ဆောင်ရမည့် အချိန်အခိုက်အတန့်ဖြစ်ကြောင်း ဂူတာရက်စ်က ပြောကြားလိုက်သည်။ **ဆင်ဟွာ**

# တီမောလက်စ်တေသမ္မတရွေးကောက်ပွဲတွင် သမ္မတဟောင်း ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ဂျိုဆေးရာမော့စ်ဟော်တာ မဲအသာဖြင့် ဦးဆောင်

**ဂျကာတာ ဧပြီ ၂၀**





သမ္မတဟောင်း ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ဂျိုဆေးရာမော့စ်ဟော်တာကို ဆန္ဒမဲပေးပြီးနောက် တွေ့ရစဉ်။

တီမောလက်စ်တေ သမ္မတရွေးကောက်ပွဲတွင် သမ္မတဟောင်း ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ဂျိုဆေးရာမော့စ်ဟော်တာသည် မဲအသာဖြင့် ဦးဆောင်လျက်ရှိကြောင်း သိရသည်။

မဲများ ရေတွက်ပြီးချိန်တွင် သမ္မတဟောင်း ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ဂျိုဆေးရာမော့စ်ဟော်တာသည် ထောက်ခံမဲ ၆၂ ရာခိုင်နှုန်း ရရှိထားကြောင်း ရွေးကောက်ပွဲ အာဏာပိုင်အဖွဲ့က ဧပြီ ၂၀ ရက်က သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

အာရှ၏ အငယ်ဆုံးနိုင်ငံတစ်နိုင်ငံဖြစ်သော တီမောလက်စ်တေ၌ ဧပြီ ၁၉ ရက်က ဒုတိယနှင့် နောက်ဆုံးအကျော့ သမ္မတရွေးကောက်ပွဲကို ကျင်းပခဲ့ရာ သမ္မတရွေးကောက်ပွဲတွင် ငြိမ်းချမ်းရေးနိုဘယ်ဆုရှင်ဂျိုဆေးရာမော့စ်ဟော်တာနှင့် လက်ရှိသမ္မတ ဖရန်စစ္စကိုဂူတာရက်စ်တို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း ပြည်တွင်းသတင်းများတွင် ဖော်ပြထားသည်။

လူဦးရေ ၁ ဒသမ ၃ သန်းရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်သော တီမောလက်စ်တေ၏ သမ္မတရွေးကောက်ပွဲတွင် မဲဆန္ဒရှင် ၈၆၀၀၀၀ မဲပေးခဲ့ကြသည်။

လွန်ခဲ့သောလ ပထမအကျော့ ဆန္ဒမဲခံယူပွဲတွင် ရာမော့စ်ဟော်တာသည် ထောက်ခံမဲ ၄၆ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ထောက်ခံမဲ ၂၂ ဒသမ ၁ ရာခိုင်နှုန်းသာရှိသော ဂူတားရက်စ်ကို ကျော်လွန်ခဲ့ကြောင်း ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်လိုက်သော သတင်းအချက်အလက်များအရ သိရသည်။

တီမောလက်စ်တေတွင်သမ္မတရွေးကောက်ပွဲကို မတ် ၁၉ ရက်က ကျင်းပခဲ့သည်။ **ဆင်ဟွာ**

## အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၀၆၇ ဦး တိုးလာ

**နယူးဒေလီ ဧပြီ ၂၀**

အိန္ဒိယနိုင်ငံတစ်ဝန်း လွန်ခဲ့သော ၂၄ နာရီအတွင်း နောက်ထပ်ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၀၆၇ ဦး ရှိလာမှုနှင့်အတူ ဧပြီ ၂၀ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၃၀၄၇၅၉၄ ဦးအထိ တိုးလာခဲ့သည်။

ထို့အပြင် ကိုဗစ်-၁၉ ကြောင့် ၄၀ ထပ်မံသေဆုံးခဲ့သောကြောင့် ကိုဗစ်-၁၉ ဖြင့် သေဆုံးသူပေါင်း ၅၂၂၀၀၆ ဦးအထိ ရှိလာခဲ့သည်။

လွန်ခဲ့သော ၂၄ နာရီက လတ်တလောကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၄၈၀ မြင့်တက်လာမှုနှင့်အတူ အိန္ဒိယနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ လတ်တလော ကူးစက်ဖြစ်ပွားနေသူပေါင်း ၁၂၃၄၀ ရှိလာခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ လွန်ခဲ့သော နှစ်လကျော်ကာလအတွင်း ကျဆင်းခဲ့သော်လည်း လွန်ခဲ့သော ရက်အနည်းငယ်အတွင်း ပြန်လည်မြင့်တက်လာခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကျန်းမာလာပြီး ဆေးရုံမှဆင်းလာသူပေါင်းမှာလည်း ၄၂၅၁၃၂၄၈ ဦးအထိ ရှိလာခဲ့သည်။

**ဆင်ဟွာ**

## မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ကြောင့် ၁၂ ဦး ထပ်မံသေဆုံး

**ကွာလာလမ်ပူ ဧပြီ ၂၀**

မလေးရှားနိုင်ငံတွင် ဧပြီ ၁၉ ရက် ညသန်းခေါင်အထိ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၆၀၆၉ ဦး ရှိလာမှုနှင့်အတူ နိုင်ငံအတွင်း စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၄၄၀၂၃၄ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

ပြည်ပပြန် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၁၀ ရှိပြီး ပြည်တွင်းကူးစက်ဖြစ်ပွားသူ ၅၉၅၉ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်လိုက်သော ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ကိုဗစ်-၁၉ ကြောင့် နောက်ထပ် ၁၂ ဦး ထပ်မံသေဆုံးခဲ့သဖြင့် စုစုပေါင်းကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၃၅၄၄၉ ဦးရှိလာခဲ့သည်။

ကိုဗစ်-၁၉ ကပ်ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်းမှာလည်း ယခုအခါတွင် ၄၂၇၄၇၄၆ ဦးအထိ ရောက်ရှိလာခဲ့သည်။

မလေးရှားနိုင်ငံတွင် လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၉၂၀၃၉ ဦးရှိပြီး ၎င်းတို့အနက် ၉၇ ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ကုသလျက်ရှိပြီး ၆၄ ဦးမှာ အသက်ရှူအထောက်အကူ လိုအပ်လျက်ရှိသည်။

ဧပြီ ၁၉ ရက် တစ်ရက်တည်း ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ ၄၇၆၁၂ ထိုးပေးနိုင်ခဲ့ကြောင်း ဖော်ပြခဲ့သည်။ ယခုအချိန်အထိ ကိုဗစ်-၁၉ အနည်းဆုံး တစ်ကြိမ်ထိုးနှံပြီးသူ နိုင်ငံလူဦးရေ၏ ၈၄ ဒသမ ၆ ရာခိုင်နှုန်းရှိလာပြီး ကာကွယ်ဆေးအပြည့်အဝထိုးနှံပြီးသူပေါင်းမှာလည်း နိုင်ငံ့လူဦးရေ၏ ၈၀ ဒသမ ၆ ရာခိုင်နှုန်းရှိလာပြီဖြစ်သည်။ ထို့အတူ အပိုဆောင်းကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပြီးသူပေါင်းမှာလည်း ၄၈ ဒသမ ၉ ရာခိုင်နှုန်းရှိလာပြီဖြစ်သည်။

**ဆင်ဟွာ**

# အမေရိကန်နိုင်ငံမှာ ကိုဗစ်-၁၉ မျိုးကွဲအသစ်တစ်မျိုး အရှိန်အဟုန်နဲ့ ခြေကုပ်ယူဖြစ်ပွားနေချိန်မှာ ဆေးရုံတက်ရတဲ့ကလေးအရေအတွက်လည်း မြင့်တက်လျက်ရှိ

ထွန်းကျော်

အိုမီခရွန်မျိုးကွဲတစ်ခုဖြစ်တဲ့ BA.2 မျိုးကွဲဟာ အမေရိကန်ပြည်ထောင်စုမှာ ဆက်လက်လွှမ်းမိုးနေချိန်မှာ နောက်ထပ် ကိုဗစ်-၁၉ မျိုးကွဲအသစ်တစ်မျိုးဟာ နိုင်ငံအတွင်းမှာ အရှိန်အဟုန်ကောင်းကောင်းနဲ့ ခြေကုပ်ယူနေပြီလို့ အမေရိကန်ရောဂါ ကာကွယ်ရေးနဲ့ ထိန်းချုပ်ရေးဌာနရဲ့ နောက်ဆုံးထုတ်ပြန်လိုက်တဲ့ အချက်အလက်များအရ သိရပါတယ်။



အမေရိကန်ပြည်ထောင်စု ဗာဂျီးနီးယားပြည်နယ် အာလင်တန်ရှိ ရော်နယ်ရေဂင်ဝါရှင်တန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ထားသည့် ခရီးသွားအမျိုးသမီးတစ်ဦးကို တွေ့ရစဉ်။

### ငါးခုမြောက် ကိုဗစ်-၁၉ မျိုးကွဲတစ်ခု

BA.2.12.1 လို့ခေါ်တဲ့ နောက်ထပ် ကိုဗစ်-၁၉ မျိုးကွဲအသစ်ဟာ နိုင်ငံအတွင်းမှာ ခြေရာခံတွေ့ရှိခဲ့တဲ့ ငါးခုမြောက် ကိုဗစ်-၁၉ မျိုးကွဲတစ်ခုဖြစ်ပါတယ်။

အဲဒီမျိုးကွဲသစ် ကူးစက်ခံရသူအရေအတွက်ဟာ လွန်ခဲ့တဲ့ သီတင်းပတ်မတိုင်မီက ၁၁ ဒသမ ၄ ရာခိုင်နှုန်းရှိခဲ့ပါတယ်။ အဲဒီသီတင်းပတ်မတိုင်မီ အရင်နှစ်ပတ်တုန်းက ၆ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့တယ်လို့ အမေရိကန်ရောဂါ ကာကွယ်ရေးနဲ့ ထိန်းချုပ်ရေးဌာနရဲ့ နောက်ဆုံး ထုတ်ပြန်လိုက်တဲ့ အချက်အလက်တွေက ဖော်ပြထားပါတယ်။

### ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို မြင့်မားစေ

အမေရိကန်နိုင်ငံမှာ ဖြစ်ပွားတဲ့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအများစု ပမာဏအားဖြင့် ၇၅ ရာခိုင်နှုန်းဟာ BA.2 မျိုးကွဲကြောင့်ဖြစ်ပါတယ်။ အဲဒီ ကိုဗစ်-၁၉ မျိုးကွဲဟာ အမေရိကန်နိုင်ငံတွင်းမှာ မတ်လနှောင်းပိုင်းကတည်းက လွှမ်းမိုးလာခဲ့တဲ့ ကိုဗစ်-၁၉ မျိုးကွဲတစ်ခုဖြစ်ပါတယ်။

သို့သော်လည်း BA.2 လို့ခေါ်တဲ့ အိုမီခရွန်မျိုးကွဲတစ်ခုနဲ့အတူ အသစ်တွေ့ရှိခဲ့တဲ့ BA.2.12.1 မျိုးကွဲဟာ အမေရိကန်ပြည်ထောင်စု နယူးယောက်ပြည်နယ်ရဲ့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို မြင့်မားစေခဲ့တယ်လို့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ သတင်းထုတ်ပြန်ချက်အရ သိရပါတယ်။

### မျိုးကွဲနှစ်ခုစလုံးဟာ BA.2 ရဲ့ မျိုးရိုးဖြစ်

မျိုးကွဲနှစ်ခုစလုံးဟာ BA.2 ရဲ့ မျိုးရိုးဖြစ်ပါတယ်။ နယူးယောက်ပြည်နယ်ရဲ့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ၈၀ ဒသမ ၆ ရာခိုင်နှုန်းဟာ အဲဒီမျိုးကွဲတွေရဲ့ ကူးစက်ဖြစ်ပွားမှုကြောင့် ဖြစ်ပါတယ်။

နယူးယောက်ပြည်နယ်မှာ နေ့စဉ်ပျမ်းမျှ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုဟာ ၃၅၀၀၀ လောက်ရှိပါတယ်။ ဒါဟာ လွန်ခဲ့တဲ့သီတင်းပတ်ထက် ၁၉ ရာခိုင်နှုန်းမြင့်တက်လာခဲ့ပြီး အဲဒီသီတင်းပတ်မတိုင်မီကထက် ၄၂ ရာခိုင်နှုန်း မြင့်တက်လာခဲ့ပါတယ်လို့ အမေရိကန်ရောဂါ ကာကွယ်ရေးနဲ့ ထိန်းချုပ်ရေးဌာနရဲ့ စာရင်းဇယားတွေမှာ ဖော်ပြထားပါတယ်။

ထို့ပြင် အမေရိကန်နိုင်ငံတစ်ဝန်း နေ့စဉ် ကိုဗစ်-၁၉ သေဆုံးသူအရေအတွက်ဟာ ၃၇၀ လောက်ရှိပြီး ဆေးရုံတက်ရောက်ရတဲ့ အရေအတွက်ဟာ ၁၄၀၀ လောက်ရှိပါတယ်။

အိမ်မှာကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးမှု များပြားလာမှုနဲ့အတူ အသစ်ထပ်မံကူးစက်ဖြစ်ပွားတဲ့ ကိုဗစ်-၁၉ အရေအတွက်လည်း မြင့်တက်လာပါတယ်။

### ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ရမယ့် စည်းမျဉ်းတွေကို လျှော့ချ

အမေရိကန် ရောဂါကာကွယ်ရေးနဲ့ ထိန်းချုပ်ရေးဌာနက လေယာဉ်ပေါ်၊ ရထားပေါ်၊ ကားပေါ်နဲ့ တခြားအများပြည်သူ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေမှာ ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ဖို့ တိုက်တွန်းပြောကြားပြီး တစ်ပတ်မပြည့်မီမှာဘဲ ဖလော်ရီဒါရှိ ဗဟိုတရားရုံးက မဖြစ်မနေ ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ဖို့ ပြဋ္ဌာန်းချက်ကို ကန့်ကွက်ခဲ့ပါတယ်။

လေကြောင်းလိုင်းအတော်များများ ပြည်တွင်းလေယာဉ်ခရီးစဉ်တွေမှာ ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ရမယ့် စည်းမျဉ်းတွေကို လျှော့ချလိုက်ပါတယ်။

### ကိုဗစ်-၁၉ ကန့်သက်ချက်တွေ ဖြေလျှော့လိုက်တာနဲ့ ကူးစက်မှုတွေ မြင့်တက်လာ

အခုလိုအခိုက်အတန့်မှာ ခရီးသွားလာရေးမှာ အရေးကြီးတဲ့ ပါးစပ်နှာခေါင်းစည်း တပ်ဆင်ခြင်းကို ဖြေလျှော့လိုက်တဲ့အတွက် ဒါဟာ အလွန့်အလွန်ကို စိုးရိမ်စရာကောင်းတယ်လို့ ဂျော့မာဆန် တက္ကသိုလ် လက်ထောက်ပါမောက္ခနဲ့ ကူးစက်ရောဂါ ပြန့်ပွားခြင်းနဲ့ ကာကွယ်ခြင်းဆိုင်ရာ ပညာရှင် ဆက်စ်ကီယာပေါ့စကူက နယူးယောက်တိုင်းမ်ကို ပြောကြားလိုက်ပါတယ်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေ ပြန်လည်မြင့်တက်လာဦးမယ့် အရိပ်အခြည်တွေကို တွေ့နေရတယ်လို့ သူကပြောကြားလိုက်ပါတယ်။ အင်္ဂလန်မှာ ကိုဗစ်-၁၉ ကန့်သတ်ချက်တွေကို ဖြေလျှော့လိုက်တာနဲ့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေ သိသိသာသာမြင့်တက်လာတာကို မိမိတို့တွေ့မြင်ခဲ့ကြရတယ်လို့ သူက ဆက်လက်ပြောကြားထားပါတယ်။

### ဆေးရုံတက်ရောက်ရတဲ့ ကလေးအရေအတွက် ပိုတိုးလာ

ကိုဗစ်-၁၉ စတင်ကူးစက်ဖြစ်ပွားချိန်မှစကာ အမေရိကန်ပြည်ထောင်စုမှာရှိတဲ့ ကလေးငယ် ၁၂ ဒသမ ၉ သန်းကျော်ဟာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိပါတယ်။

အမေရိကန်ပြည်ထောင်စုတစ်ဝန်း အိုမီခရွန်မျိုးကွဲကူးစက်ဖြစ်ပွားမှုတွေ လွှမ်းမိုးလာတဲ့အတွက် ကိုဗစ်-၁၉ နဲ့ ဆေးရုံတက်ရောက်ရတဲ့ အသက် ၅ နှစ်က ၁၁ နှစ်ကြား ကာကွယ်ဆေး မထိုးထားတဲ့ ကလေးငယ်အရေအတွက်ဟာလည်း နှစ်ဆနီးပါးလောက် မြင့်တက်လာခဲ့တယ်လို့ အမေရိကန် ရောဂါကာကွယ်ရေးနဲ့ ထိန်းချုပ်ရေးဌာနရဲ့ အချက်အလက်တွေအရ သိရပါတယ်။

### ကာကွယ်ဆေးပိုမိုလွှမ်းခြုံထိုးပေးရမယ်

ဆီးချိုရောဂါနဲ့ အဝလွန်ရောဂါဖြစ်နေတဲ့ ကလေးငယ်တွေဟာ သာမန်ကလေးတွေထက် ပိုပြီး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအန္တရာယ်ကို ရင်ဆိုင်ကြရပါတယ်။

အသက် ၅ နှစ်မှ ၁၁ နှစ်ကြား ကလေးငယ်တွေကို ကိုဗစ်-၁၉ ကာကွယ်ဆေး ပိုမိုလွှမ်းခြုံထိုးပေးနိုင်မယ်ဆိုရင် ကလေးငယ်တွေ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု လျော့နည်းသွားမှာဖြစ်ပြီး ဆေးရုံတက်ရောက်ရမယ့်အရေအတွက်လည်း လျော့နည်းလာမှာဖြစ်တယ်လို့ အမေရိကန်ရောဂါ ကာကွယ်ရေးနဲ့ ထိန်းချုပ်ရေးဌာနက အကြံပြုပြောကြားထားပါတယ်။

ကိုးကား - ဆင်ဟွာ

❑ အမေရိကန်ပြည်ထောင်စုတစ်ဝန်း အိုမီခရွန်မျိုးကွဲ ကူးစက်ဖြစ်ပွားမှုတွေ လွှမ်းမိုးလာတဲ့အတွက် ကိုဗစ်-၁၉ နဲ့ ဆေးရုံတက်ရောက်ရတဲ့ အသက် ၅ နှစ်က ၁၁ နှစ်ကြား ကာကွယ်ဆေး မထိုးထားတဲ့ ကလေးငယ် အရေအတွက်ဟာလည်း နှစ်ဆနီးပါးလောက် မြင့်တက်လာခဲ့တယ်လို့ အမေရိကန် ရောဂါကာကွယ်ရေးနဲ့ ထိန်းချုပ်ရေးဌာနရဲ့ အချက်အလက်တွေအရ သိရ

# ဧပြီ ၂၀ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၉ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ မရှိ

**(၂၀–၄–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြုပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၉–၄–၂၀၂၂) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၀–၄–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲ နမူနာစုစုပေါင်း (၉,၂၇၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၉) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၈၅၈,၁၇၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၂,၆၇၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင်သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင်ပြန်လည်ကောင်းမွန်လာသူ (၁၅) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၁,၅၂၂) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကိုဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၉–၄–၂၀၂၂) ရက်နေ့အထိ လူဦးရေစုစုပေါင်း (၂၈,၉၇၄,၂၆၃) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ပထမအကြိမ်ထိုးနှံပြီးစီးသူ (၆,၄၉၄,၂၄၉) ဦး၊ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးသူ (၂၂,၄၈၀,၀၁၄) ဦးနှင့် ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံပြီးစီးသူ (၁,၂၀၃,၂၉၃) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၁၉–၄–၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ရေ စုစုပေါင်း (၅၂,၆၅၇,၅၇၀)ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၂၀–၄–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၃၅၄) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၆၃) ခု | (၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၇၀) ခု | (၂) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၀) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၅၅၆) ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၄၈၃) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅,၅၃၈) ခု | (၈) ဦး |
| **စုစုပေါင်း** | (၉,၂၇၄) ခု | (၁၉) ဦး |

**ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ**
**(၁၉–၄–၂၀၂၂) ရက်နေ့**

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၆,၄၉၄,၂၄၉) ဦး |
| ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီး လူဦးရေ | (၂၂,၄၈၀,၀၁၄) ဦး |
| ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီး လူဦးရေ | (၁,၂၀၃,၂၉၃) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် အကြိမ်ပြည့် ထိုးနှံပြီး လူဦးရေ | (၂၈,၉၇၄,၂၆၃) ဦး |
| စုစုပေါင်း ထိုးနှံပြီးသောကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၅၂,၆၅၇,၅၇၀) ကြိမ် |

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့် အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါ ရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံမှုခံယူထားသူများအား ကိုဗစ်–၁၉ ရောဂါဆိုင်ရာကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် မိဘပြည်သူအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ် နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော မိဘပြည်သူများအား ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေး ထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၂၀-၄ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၂၄၁၆၆၈၇ | ၈၀၂၇၆၁၉၇ | ၁၀၁၆၁၅၉ |
| ၂။ | အိန္ဒိယ | ၄၃၀၄၇၅၉၄ | ၄၂၅၁၃၂၄၈ | ၅၂၂၀၀၆ |
| ၃။ | ဘရာဇီး | ၃၀၂၇၉၂၇၀ | ၂၉၂၉၈၈၄၈ | ၆၆၂၂၆၆ |
| ၄။ | ပြင်သစ် | ၂၇၈၁၆၂၉၉ | ၂၅၃၀၁၁၄၅ | ၁၄၄၃၈၇ |
| ၅။ | ဂျာမနီ | ၂၃၅၈၈၃၅၅ | ၂၀၆၀၉၄၀၀ | ၁၃၃၅၃၃ |
| ၆။ | ဗြိတိန် | ၂၁၈၆၃၉၄၄ | ၂၀၄၉၈၉၁၇ | ၁၇၁၈၇၈ |
| ၇။ | ရုရှား | ၁၈၁၀၁၉၈၆ | ၁၇၄၂၃၄၂၈ | ၃၇၄၁၇၁ |
| ၈။ | တောင်ကိုရီးယား | ၁၆၅၈၃၂၂၀ | စိစစ်ဆဲ | ၂၁၅၂၀ |
| ၉။ | အီတလီ | ၁၅၇၇၅၈၀၀၂ | ၁၄၃၈၇၈၃၀ | ၁၆၁၈၉၃ |
| ၁၀။ | တူရကီ | ၁၅၀၀၃၆၉၆ | ၁၄၇၈၀၄၃၇ | ၉၈၆၁၀ |

## ၂၀-၄-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၀၅၀၂၅၉၀ | ၉၀၆၈၂၃၄ | ၄၂၉၈၂ |
| အင်ဒိုနီးရှား | ၆၀၄၂၀၁၀ | ၅၈၄၀၉၄၅ | ၁၅၅၉၇၄ |
| မလေးရှား | ၄၄၀၂၂၃၄ | ၄၂၇၄၇၄၆ | ၃၅၄၄၉ |
| ထိုင်း | ၄၀၈၄၂၉၉ | ၃၈၆၅၂၉၃ | ၂၇၂၆၆ |
| ဖိလစ်ပိုင် | ၃၆၈၃၇၃၂ | ၃၆၀၅၈၇၉ | ၅၉၉၉၀ |
| စင်ကာပူ | ၁၁၆၇၄၉၈ | ၁၀၉၉၁၄၂ | ၁၃၁၇ |
| မြန်မာ | ၆၁၂၆၇၇ | ၅၉၁၅၂၂ | ၁၉၄၃၄ |
| လာအို | ၂၀၂၅၄၂ | ၂၀၀၀၂၈ | ၇၃၀ |
| ဘရူနိုင်း | ၁၄၀၅၄၂ | ၁၃၉၂၉၇ | ၂၁၈ |
| ကမ္ဘောဒီးယား | ၁၃၆၁၁၇ | ၁၃၂၈၂၅ | ၃၀၅၆ |

# နေကြာဆီအကြောင်း တစေ့တစောင်း

စောမွန်ငါး (စက်မှု)

**သန့်စင်ပြီး နေကြာဆီမှ ကိုလက်စထရောထွက်ရှိမှုကို လျှော့ချပေးနိုင်သဖြင့် နှလုံးကျန်းမာရေးကို တိုးတက်စေခြင်း၊ အသားအရေ၊ ဆံသားကျန်းမာရေးကို ကောင်းမွန်ပြီး ကိုယ်ခံအားစနစ်ကို တိုးတက်စေခြင်း၊ အဆစ်ရောင်ခြင်းနှင့် ပန်းနာရင်ကျပ်ရောဂါ ဖြစ်ပွားခြင်းမှ ကာကွယ်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိနိုင်**




**ဆီအသုံးပြုမှုစတင်ခဲ့ပုံ**

ဆီ (တစ်နည်းအားဖြင့်) လူများစားသုံးလျက်ရှိသည့် ဟင်းချက်ဆီ၊ စားသုံးဆီများအား တိရစ္ဆာန်၊ အပင် (သို့မဟုတ်) ဓာတုဗေဒဖြင့် ပြုပြင်ထားသည့် အဆီတို့မှ ထုတ်လုပ်ရရှိပြီး စတင်အသုံးပြုခဲ့သည့် အချိန်ကာလကို လေ့လာကြည့်ရာတွင် ဘီစီ ၂၅၀၀၀၀ ဝန်းကျင်ခန့်မှ အစပြုခဲ့ကြောင်းကို သိရှိရပါသည်။ လူသားများ မီးစတင်ထုတ်လုပ်အသုံးပြုပုံကို သိရှိခဲ့ပြီးနောက် ရှေးလူများအနေဖြင့် ၎င်းတို့ ချက်နေသည့် တိရစ္ဆာန်အသားမှ သဘာဝအလျောက် အဆီများ ထွက်ရှိလာသည်ကို တွေ့ရှိခဲ့ခြင်းမှ ဆီအသုံးပြုမှု စတင်ခဲ့ခြင်းဖြစ်ပါသည်။ ယင်းအပြင် ချက်ပြုတ်ရန်အတွက် ကျောက်တုံး၊ ရွှံ့နှင့် အခြားသောပစ္စည်းများမှ မြေထည်ပစ္စည်းများကို ပြင်ဆင်လာကြသကဲ့သို့ တစ်ချိန်တည်းမှာပင် ရှေးလူကြီးများမှ တိရစ္ဆာန်မှရသည့် ဆီအပူများကို ပြာများဖြင့် ရောစပ်၍ ဆပ်ပြာအဖြစ် အသုံးပြု၍ရသည်ကို ရှာဖွေတွေ့ရှိခဲ့သည့် အချိန်လည်းဖြစ်ပေသည်။ ၁၉ ရာစုတွင် တိရစ္ဆာန်မှရသောဆီများဖြင့် ချက်ပြုတ်စားသုံးခဲ့သည့် လူသားများအနေဖြင့် နှလုံးသွေးကြောဆိုင်ရာရောဂါဖြစ်ပွားခြင်းမှာ (အစေ့အဆန်မှရသော ဆီများအသုံးပြုချိန်မတိုင်မီထိ) မရှိသလောက်နည်းပါးသည်ကို အံ့ဖွယ်သိရှိခဲ့ရပေသည်။

သုတေသနပြုမှုများအရ လူသားတို့အနေဖြင့် ချက်ပြုတ်ရန်အတွက် ဆီအသုံးမပြုမီကပင် မီးကင်သည့်နည်းလမ်းဖြင့် စားသုံးခဲ့ကြကြောင်း လေ့လာသိရှိရပါသည်။ လွန်ခဲ့သည့် နှစ်ထောင်ပေါင်းများစွာကပင် အသားများအား မီးကင်၍ စားသုံးသည့်နည်းလမ်းမှာ ပထမဆုံးသော ချက်ပြုတ်နည်းဖြစ်ကောင်းဖြစ်နိုင်ပေသည်။

လူများအနေဖြင့် ပြည့်ဝဆီ၊ အစေ့အဆန်မှ ရရှိသောအဆီ၊ ဟင်းသီးဟင်းရွက်ဆီ စသည်ဖြင့် ဆီအမျိုးမျိုးကို အသုံးပြုလျက်ရှိရာ ယနေ့ကာလအတွင်း ကျန်းမာရေးနှင့်ညီညွတ်ပြီး အများအသုံးပြုလျက်ရှိသည့် နေကြာဆီထုတ်လုပ်မှုကို လေ့လာတင်ပြလိုက်ပါသည်။

**နေကြာဆီထုတ်လုပ်မှုလုပ်ငန်းစဉ်**

နေကြာစေ့မှာ ၄၅ ရာခိုင်နှုန်း မှ ၅၄ ရာခိုင်နှုန်း အဆီပါဝင်မှုရှိသည့် ဆီထွက်သီးနှံတစ်မျိုးဖြစ်ပြီး ရွှေရောင်အဆင်း၊ ကြည်လင်ပြီး အနံ့အရသာရှိသည့် နေကြာဆီမှာ လူကြိုက်များသည့် စားသုံးဆီတစ်မျိုးလည်း ဖြစ်ပါသည်။ နေကြာဆီတွင် Linoleic Acid နှင့် မရှိမဖြစ်လိုအပ်သည့် မပြည့်ဝအဆီ အက်စစ် (Monounsaturated Fatty Acid–MUFA) တို့ များစွာပါဝင်ပါသည်။ နေကြာဆီသည် အသားအရေကျန်းမာမှုကို ကာကွယ်ရန်အတွက် လူ့ဆဲလ်များ ပြန်လည်ဖြစ်ပွားမှုကို မြှင့်တင်ပေးပြီး သွေးထဲရှိ ကိုလက်စထရောများ ထွက်ခြင်းကိုလည်း လျှော့ချပေးသည့် အဆင့်မြင့်အာဟာရအဆီ တစ်မျိုးပင်ဖြစ်ပါသည်။ နေကြာဆီထုတ်လုပ်သည့် အဓိကထုတ်လုပ်မှုလုပ်ငန်းစဉ်ကို မိတ်ဆက်တင်ပြလိုပါသည်။

**နေကြာစေ့များအား Pretreatment နှင့် Pre–Pressing ဆောင်ရွက်ခြင်းကဏ္ဍ**

နေကြာစေ့သည် အဆီပါဝင်မှုမြင့်မားသဖြင့် နေကြာဆီပြုလုပ်ရန်အတွက် Pre–Pressing ကဏ္ဍမှာ မရှိဖြစ်လိုအပ်ပါသည်။ စက်ပစ္စည်းများဖြင့် နေကြာစေ့များကို အကောင်းဆုံးအခြေအနေရအောင် ချိန်ညှိပြီးနောက် နေကြာဆီ စစ်ထုတ်သည့်အပိုင်းသို့ ရောက်ရှိရန်အတွက် Pre–Pressing ဆောင်ရွက်ရခြင်းပင် ဖြစ်ပါသည်။ နေကြာစေ့များကို သန့်စင်၍ အခွံချွတ်ခြင်း၊ အစေ့အဆန်နှင့် အခွံကွဲပြားအောင် ဆောင်ရွက်ခြင်း၊ အဆင်သင့်ချက်နိုင်သည့် အနေအထားဖြစ်စေရန် Flaking ပြုလုပ်ခြင်း၊ ချက်ပြုတ်ခြင်းတို့ ဆောင်ရွက်ပြီးနောက် Pre–Pressing အဆင့်ကို ဆောင်ရွက်ခြင်းဖြစ်ပါသည်။

**နေကြာဆီ စစ်ထုတ်သည့်ကဏ္ဍ**

နေကြာဆီစစ်ထုတ်သည့် ကဏ္ဍအနေဖြင့် Pre–Pressing ဆောင်ရွက်ပြီးနောက် ရရှိလာသည့် နေကြာစေ့ကြိတ်ဖတ် (Sunflower Seeds Cakes) များမှ အဆီအများဆုံး ထုတ်ယူရာတွင် အသုံးပြုခြင်းဖြစ်ပါသည်။ စစ်ထုတ်ယူသည့်စက်များ ကောင်းမွန်သည့်အလျောက် ကြိတ်ဖတ်များတွင် ၁ ရာခိုင်နှုန်းနှင့်အောက် ကျန်သည်အထိ ထုတ်ယူနိုင်ပါသည်။

**နေကြာဆီသန့်စင်သည့်ကဏ္ဍ**

အဆီညှစ်ထုတ်ကာ အဆင့်ဆင့်ဆောင်ရွက်လာပြီး ရရှိလာသည့် သန့်စင်ခြင်းမရှိသေးသော သဘာဝနေကြာဆီကို Refiner ဖြင့် ပရိုတင်း၊ ဖော့စဖိုလစ်ပဒ်၊ ဆိုးဆေးအရောင်ဓာတ်၊ ဖယောင်း စသည့် အန္တရာယ်ရှိ အညစ်အကြေးများ၊ အသုံးမဝင်သည့် ပါဝင်ပစ္စည်းများနှင့် အခြားသော အညစ်အကြေးများကို ဖယ်ထုတ်ကာ အစားအသောက်နှင့် သိမ်းဆည်း၍ရနိုင်သည့် စံနှုန်းအထိ ရောက်ရှိအောင် သန့်စင်ပေးပါသည်။

**နိဂုံး**

အချုပ်ဆိုရသော် သန့်စင်ပြီး နေကြာဆီမှ ကိုလက်စထရောထွက်ရှိမှုကို လျှော့ချပေးနိုင်သဖြင့် နှလုံးကျန်းမာရေးကို တိုးတက်စေခြင်း၊ အသားအရေ၊ ဆံသားကျန်းမာရေးကို ကောင်းမွန်ပြီး ကိုယ်ခံအားစနစ်ကို တိုးတက်စေခြင်း၊ အဆစ်ရောင်ခြင်းနှင့် ပန်းနာရင်ကျပ်ရောဂါဖြစ်ပွားခြင်းမှ ကာကွယ်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်ကြောင်းကို လေ့လာတွေ့ရှိရပါသည်။ သို့သော် အသုံးပြုပြီး နေကြာဆီကို အကြိမ်ကြိမ် အဖန်ဖန် ထပ်ခါတလဲ အသုံးပြုမည်ဆိုပါက ဆိုးကျိုးများ ဖြစ်ပေါ်လာနိုင်သည်ကိုလည်း လေ့လာသိရှိရပါသည်။ သို့ဖြစ်၍ တန်ဆေး လွန်ဘေးဆိုသည့်အတိုင်း သင့်တင့်လျောက်ပတ်စွာ စားသုံးခြင်းဖြင့် မိမိ၏ကျန်းမာရေး၊ မိသားစုများ၏ ကျန်းမာရေးကို အသိ၊ သတိဖြင့် ကာကွယ်စောင့်ရှောက်ကာ သက်ရှည်ကျန်းမာစွာနေထိုင်သင့်ပါသည်။

**ကိုးကားနှင့် ဓာတ်ပုံ**

**Internet**




## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် မေ ၂၀

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

**မိုး/ဧလ**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ တရားစွဲဆိုခံရသည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာထားထားလင်းနှင့် ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဒေါက်တာစိုးဦးတို့အပေါ် စီရင်ချက်အမိန့်ချမှတ်

**နေပြည်တော် မေ ၂၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဒေါက်တာထားထားလင်းနှင့် တာဝန်ရှိသူများအပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့်အညီ အရေးယူပေးပါရန် တိုင်ကြားခြင်းနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ပြီး စစ်ဆေးတွေ့ရှိချက်အရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဒေါက်တာထားထားလင်းသည် GAVI HSS2 Grant (Global Alliance for Vaccines and Immunization–Health System Strengthening 2) ဖြင့် ဆောင်ရွက်သော လုပ်ငန်းများနှင့်ပတ်သက်၍ စီမံချက်မန်နေဂျာအဖြစ် ဆောင်ရွက်စဉ် ညွှန်ကြားချက်ကို လိုက်နာဆောင်ရွက်ခြင်းမရှိသဖြင့် နိုင်ငံတော်၏ ဘဏ္ဍာငွေကျပ် ၁၆၁ ဒသမ ၁၉၈ သန်းကို နစ်နာဆုံးရှုံးစေခဲ့ခြင်းကြောင့် ဒေါက်တာထားထားလင်းအပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၆ အရ လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦး သည် GAVI HSS2 Grant ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများတွင် တာဝန်ယူကြီးကြပ်ပြီး စီမံခန့်ခွဲရသူဖြစ်သည့်အလျောက် နိုင်ငံတော်၏ ငွေကြေးနစ်နာဆုံးရှုံးစေသည့် ဒေါက်တာထားထားလင်း၏ ဆောင်ရွက်မှုတွင် ကြီးကြပ်စစ်ဆေးရန် ပျက်ကွက်ခြင်း၊ စီမံခန့်ခွဲရန် ပျက်ကွက်ခြင်းတို့သည် နိုင်ငံတော်ဘဏ္ဍာငွေများ နစ်နာဆုံးရှုံးရန်အတွက် အားပေးကူညီမှုကို ဖြစ်စေခဲ့ခြင်းကြောင့် ဒေါက်တာစိုးဦးအပေါ် ယင်းဥပဒေပုဒ်မ ၅၆/၆၃ အရလည်းကောင်း မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တွင် ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်၌ တရားစွဲဆိုတင်ပို့ခဲ့ရာ ရာဇဝတ်ကြီးမှုအမှတ် ၃၆/၂၀၂၁ ဖြင့် လက်ခံစစ်ဆေးခဲ့သည်။

ယင်းအမှုအပေါ် ပြစ်မှုထင်ရှားသဖြင့် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်က ယနေ့တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဒေါက်တာထားထားလင်းကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၆ အရ အလုပ်နှင့်ထောင်ဒဏ် ၃ နှစ် ကျခံစေရန်နှင့် ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဒေါက်တာစိုးဦးကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၆/၆၃ အရ အလုပ်နှင့် ထောင်ဒဏ် ၂ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၂၀**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**အသိပေးသတင်းထုတ်ပြန်**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ ဆူးကုန်းရပ်ကွက်နေ နိုင်ခန့်အောင် (ခ) ဝက်မဲ (၂၂နှစ်)သည် ၎င်းအသုံးပြုသည့် “Naing Khant Aung” Facebook အကောင့်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ မင်္ဂလာဦး ရပ်ကွက်နေ နှင်းနှင်းသက်ထွန်း (၄၅)နှစ်သည် ၎င်းအသုံးပြုသည့် “Hnnin Hnin Thet Htun” Facebook အကောင့်နှင့် ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့ အမှတ်(၁) ရပ်ကွက်နေ ခိုင်မာဆွေ (၃၁နှစ်)သည် ၎င်းအသုံးပြုသည့် “khaing Mar Swe” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

**ထိရောက်စွာ အရေးယူမည်**

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်၊ စားသောက်ကုန်နှင့် အလှကုန်ပစ္စည်းများ၊ ဆေးဝါးနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၀**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၁၉ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် လားရှိုးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက ဦးဆောင်သည့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကုန်တင်ယာဉ်တစ်စီးပေါ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်၊ စားသောက်ကုန်နှင့် အလှကုန်ပစ္စည်းများ ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၉၀၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Ranger အမျိုးအစား ကုန်တင်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၉၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ယနေ့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင် သစ်တောကြိုးဝိုင်းများအတွင်း တရားမဝင် ကျွန်းသစ်နှင့် သစ်မာ ၂၄ ဒသမ ၈၈၅၂ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၂၅၄၆၀ ကို ဖမ်းဆီးရမိခဲ့ပြီး (ယာပုံ) သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။



အလားတူ ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး) စုပေါင်း စစ်ဆေးရေးစခန်း၌ တာဝန်ကျ စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ခရီးသည်တင် မှန်လုံယာဉ်တစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ဆေးဝါးနှင့်အချိုရည်များ ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၃၈၃၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် မှန်လုံယာဉ်တစ်စီး ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၅၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၂၃၈၃၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲခုနစ်မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၈၀၀၈၄၆၀ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

**ရေချွေတာရေး နည်းလမ်းများ**

**ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်၊ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ**

❖ *ကျောဖုံးမှ*

မလေးရှားနိုင်ငံမှ လှူဒါန်းသည့် Astrazeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများအား Malaysia-Myanmar Business Clamber(MMBC) ဥက္ကဋ္ဌ Ms. Loi Jin Choo၊ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားသံရုံးမှ Counsellor, Mr. Muhammad Syukri Bin Azmi နှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာထွန်းမင်းနှင့် တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်သည်။

**သိုလှောင်ထားရှိ**

အဆိုပါကာကွယ်ဆေးများကို မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကာကွယ်ဆေးသိုလှောင်ခန်းတွင် အအေးလမ်းကြောင်းမပြတ် သိုလှောင် ထားရှိမည်ဖြစ်သည်။

ယနေ့ ရောက်ရှိလာသည့် Astrazeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို နေပြည်တော် ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ လိုအပ်ချက်အရ မြေပြင်ခရီးလမ်းကြောင်းမှ လည်းကောင်း၊ တပ်မတော်(လေ)နှင့် မြန်မာ့ လေကြောင်းလိုင်းတို့၏ အကူအညီဖြင့် လေကြောင်းခရီးမှ လည်းကောင်း အအေးလမ်းကြောင်း မပြတ် ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်ကြောင်းနှင့် ဦးတည်အုပ်စုအလိုက် ပြည်သူ့ဆေးရုံများနှင့် ကာကွယ်ဆေးထိုးစုရပ်များတွင် ထိုးနှံပေးသွားမည်ဖြစ်သည်။

**ထပ်ဆောင်းကာကွယ်ဆေးထိုးနှံ**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှုအနေဖြင့် ယနေ့အထိ ကာကွယ်ဆေးတစ်ကြိမ်နှင့်အထက် ထိုးနှံပြီးသူဦးရေ ၂၈ ဒသမ ၉၇ သန်းကျော်ရှိပြီဖြစ်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှုအနေဖြင့် ၁ ဒသမ ၂ သန်း doses ထိုးနှံပြီးဖြစ်ရာ စုစုပေါင်း ကာကွယ်ဆေး doses ပေါင်း ၅၂ ဒသမ ၆၅ သန်းကျော် ထိုးနှံပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ဝါးခယ်မမြို့နယ် တိုးပွားအောင်စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်က ဆီကြိတ်ခွဲဖြန့်ဖြူးရောင်းချ

**ဝါးခယ်မ မေ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ကြခတ်ကုန်းကျေးရွာရှိ တိုးပွားအောင် စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်သည် အသင်းသားတောင်သူများပိုင်ဆိုင်သော လယ်မြေများမှ စိုက်ပျိုးထွက်ရှိသည့် မြေပဲနှင့်နေကြာများကို ဝယ်ယူ၍ ဆီကြိတ်ခွဲစက်ဖြင့် ကြိတ်ခွဲဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အသင်း၏ ဆီကြိတ်ခွဲစက်မှ တစ်နေ့လျှင် မြေပဲတင်း ၁၀၀ မှ ၁၅၀ အထိ ကြိတ်ခွဲနိုင်ပြီး မြေပဲဆီပိဿာချိန် ၂၀ မှ ၂၅ ပိဿာအထိ ထွက်ရှိ၍ နေကြာ တင်း ၁၀၀ ကြိတ်ခွဲပါက နေကြာဆီပိဿာချိန် ၃၀ ထွက်ရှိကာ ဆီ ငါးပိဿာနှင့် ၁၀ ပိဿာဘူးများကို မြို့နယ်အတွင်းသို့ လက်ကားစနစ်ဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

ထို့ပြင် အသင်းလုပ်ငန်းခွဲများအနေဖြင့် လယ်ယာမြေအဆင့်မြှင့်တင်ပြုပြင်ခြင်း၊ မျိုးသန့်မျိုးစေ့ထုတ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စက်ချုပ်သင်တန်းဖွင့်၍ အသင်းသားပြည်သူများ အသက်မွေးဝမ်းကျောင်းပညာ တတ်မြောက်စေရန်နှင့် အပ်ချုပ်စက်နှင့် ဆက်စပ်ပစ္စည်း အရောင်းဆိုင်ဖွင့်လှစ်ခြင်းလုပ်ငန်းများကိုလည်း လုပ်ကိုင်လျက်ရှိရာ အသင်းသားပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်နှင့် ဒေသတွင်း စားသုံးဆီများ ဖူလုံမှုရရှိစေရန်အတွက် ရည်ရွယ်၍ သမဝါယမကဏ္ဍမှ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

● *ကျောဖုံးမှ*

ထိုသို့ပေးအပ်လှူဒါန်းရာတွင် ဒလမြို့နယ်အတွင်းရှိညောင်ကုန်းရပ်ကွက်၊ အောင်မင်္ဂလာရပ်ကွက်နှင့် ကျေးရွာ ၂၁ ရွာတို့မှ ဒေသခံပြည်သူ အိမ်ထောင်စု ၁၁၂၁၄ စုအတွက် ဆန်အိတ် ၁၁၂၁၄ အိတ်ကို လည်းကောင်း၊ အိမ်ထောင်စုတစ်စုလျှင် ဂျုံတစ်ကီလိုဂရမ်နှုန်းဖြင့် အိမ်ထောင်စု ၁၁၂၁၄ စုအတွက် ဂျုံအိတ် ၂၇၇ အိတ်ကို လည်းကောင်း ပြည်သူများ လက်ဝယ်အရောက် ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ထိုင်းဖိတ်ခေါ် အမျိုးသမီးဖူဆယ်ပြိုင်ပွဲ အုပ်စုအဖွင့်ပွဲ မြန်မာအသင်း ရှုံးပွဲကြုံတွေ့

**နေပြည်တော် မေ ၂၀**

ထိုင်းဘောလုံးအဖွဲ့ချုပ်က စီစဉ်ကျင်းပသည့် ထိုင်းဖိတ်ခေါ် အမျိုးသမီး ဖူဆယ်ပြိုင်ပွဲဖြစ်သည့် NSDF Futsal Invitation Championship 2022 ပြိုင်ပွဲ အုပ်စု ပထမနေ့ကို မေ ၂၀ ရက်က ထိုင်းနိုင်ငံ၌ ကျင်းပရာ မြန်မာအသင်း ရှုံးပွဲကြုံတွေ့ခဲ့သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီး ဖူဆယ်အသင်းသည် အုပ်စုအဖွင့်ပွဲအဖြစ် နာမည်ကြီး ထိုင်း လက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ခဲ့ရပြီး ခုနစ်ဂိုးပြတ် အရေးနိမ့်ခဲ့ရသည်။ နိုင်ငံတကာပြိုင်ပွဲများနှင့် ငါးနှစ်နီးပါး ဝေးကွာနေသည့်အပြင် အသင်းဖွဲ့စည်းလေ့ကျင့်အပြီး နှစ်လဝန်းကျင်အကြာတွင် ယှဉ်ပြိုင်ရသည့် ပထမဆုံးပွဲဖြစ်သောကြောင့် မြန်မာအမျိုးသမီးအသင်းအနေဖြင့် ရှုံးကန်ခဲ့ရသည်။ အာဆီယံထိပ်သီး ထိုင်းအသင်းသည် ခြေအသာဖြင့် ကစားကာ ပထမပိုင်းတွင် နှစ်ဂိုး၊ ဒုတိယပိုင်းတွင် ငါးဂိုး သွင်းယူခဲ့ခြင်းဖြစ်သည်။ ယခုပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် အသင်း အပါအဝင် ထိုင်းလက်ရွေးစင်အသင်း၊ ထိုင်း All Stars အသင်း၊ အင်ဒိုနီးရှား လက်ရွေးစင်အသင်း၊ ဩစတြေးလျကလပ် South Perth အသင်းတို့ ယှဉ်ပြိုင်နေပြီး အုပ်စုပထမနေ့ အခြားပွဲတွင် ထိုင်း All Stars အသင်းက ဩစတြေးလျကလပ် South Perth အသင်းကို သုံးဂိုးပြတ် အနိုင်ရခဲ့သည်။

မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် မေ ၂၃ ရက်တွင် ထိုင်း All Stars အသင်းနှင့် ကစားရမည်ဖြစ်သည်။

**ရဲရင့်လွင်**

**စာပေမြင့်မှ လူမျိုးတင့်မည်**

## ကမ္ဘာ့တိုက်ကွမ်ဒိုပြိုင်ပွဲ မြန်မာကြေးတံဆိပ်ဆု ဆွတ်ခူး

**ရန်ကုန် မေ ၂၀**

အွန်လိုင်းက ကျင်းပသည့် ကမ္ဘာ့တိုက်ကွမ်ဒိုပြိုင်ပွဲ (World Taekwondo Online Poomsae open Challenge) ပြိုင်ပွဲတွင် မြန်မာကိုယ်စားပြု အဖြစ် ဝင်ရောက် ယှဉ်ပြိုင်သည့် မောင်ဆန်းရှိုင်း ကြေးတံဆိပ်ဆု ဆွတ်ခူးခဲ့ကြောင်း သိရသည်။ ယင်းပြိုင်ပွဲတွင် အသက် ၃၀ အောက် အမျိုးသားတစ်ဦးချင်း Recognized Poomase ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပထမ ဖိလစ်ပိုင်၊ ဒုတိယ အင်ဒိုနီးရှား၊ တတိယမြန်မာ၊ စတုတ္ထ ကိုရီးယားတို့ ရရှိကြသည်။

ထို့ပြင် အသက် ၄၀ အောက် အမျိုးသားတစ်ဦးချင်း Recognized Poomase ပြိုင်ပွဲတွင်လည်း မောင်ဆန်းရှိန်သက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အကြိုအဆင့်နှင့် ဆီမီးဖိုင်နယ်များအား အဆင့်ဆင့်ကျော်ဖြတ်ပြီး ဖိုင်နယ်အဆင့်တွင် အဆင့် ၈ နေရာဖြင့် ကျေနပ်ခဲ့ရကြောင်း သိရသည်။




အသက် ၄၀ အောက် အမျိုးသားတစ်ဦးချင်း Recognized Poomase ပြိုင်ပွဲတွင် မောင်ဆန်းရှိန်သက် ယှဉ်ပြိုင်စဉ်။

"ဒီပြိုင်ပွဲ သက်ငယ်တန်းမှာ ကလပ်အသင်းတိုင်း ရွှေဆုရကြပါတယ်။ သူတို့အတန်းမှာ နိုင်ငံပေါင်း ၂၀ ရှိတယ်။ အတန်းအမျိုးအစားမှာ ပြည်ပနိုင်ငံမပါမှသာ မြန်မာအချင်းချင်း ပြိုင်ကြရတယ်။ ပြည်ပနိုင်ငံနဲ့ အများဆုံးယှဉ်ပြိုင်ကြတယ်။ ဒါ့ပြင် ကမ္ဘာ့ချန်ပီယံပြိုင်ပွဲမှာ နိုင်ငံပေါင်း ၆၂ နိုင်ငံပါတယ်။ ကစားသမားပေါင်း ၁၆၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြတယ်။ ဒါကြောင့်ဆန်းရှိန်သက်နဲ့ ဆန်းရှိုင်းတို့ ကြိုးစားကြပါတယ်" ဟု မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ် (နည်းစနစ်ကော်မတီ)မှ ဦးကျော်သန်းဦးက ပြောသည်။ ကမ္ဘာ့တိုက်ကွမ်ဒိုခါးစည်းကာလာအဆင့် အမြန်ကန်ချက်ပြိုင်ပွဲများကို မေ ၂၃ ရက်အထိ YouTube မှ ဆက်လက်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**

## နောင်တရားမြို့၌ ရေသွင်းအာလူးများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**နောင်တရား မေ ၂၀**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နောင်တရားမြို့ အနီးပတ်ဝန်းကျင်၌ ရေသွင်းအာလူး စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း အာလူးစိုက်ပျိုးသည့် တောင်သူတစ်ဦးထံမှ သိရသည်။

"ဒီနှစ်နွေအာလူးစိုက်တာ အောင်မြင်သွားပြီလို့ ပြောလို့ရတယ်။ အရင်နှစ်တွေတုန်းကဆို အာလူးမပွင့်ခင်မှာ ရေကုန်သွားတာနဲ့ ကြုံတော့ အာလူး မဥဘူးပေါ့။ ဒီနှစ်ကတော့ နွေရာသီမှ မိုးက တစ်ကြိမ်နှစ်ကြိမ် ရွာလိုက်တော့ ရေလည်းမခန်းသွားဘူး။ ရေမသွင်းတော့ရင်တောင် ရနေပြီ။ မိုးကြိုအာလူးနဲ့ စကအာလူးကတော့ မစိုက်ရဲဘူး။ ပင်ညှိုးများတယ်၊ စိုက်ရင်လည်း ရှုံးဖို့များတယ်။ နွေအာလူးကိုပဲ အားထည့်ပြီး စိုက်ကြပါတယ်" ဟု နောင်တရားမြို့ အမှတ်(၂)ရပ်ကွက်မှ အာလူးစိုက်တောင်သူတစ်ဦးက ပြောသည်။

နောင်တရားမြို့ ပတ်ဝန်းကျင်ဒေသများတွင် အာလူးကို နွေ၊ မိုး၊ ဆောင်း သုံးရာသီ စိုက်ပျိုးလျက်ရှိပြီး ထွက်ရှိလာသည့် အာလူးများကို အောင်ပန်းကုန်စည်ဒိုင်သို့ တင်ပို့ရောင်းချလျက်ရှိသည်။ ထို့ပြင် နောင်တရားအာလူးအသင်းအဖွဲ့မှ စုပေါင်း၍ အာလူးအအေးခန်းကို တည်ဆောက်ပြီး အာလူးမျိုးများ ထိန်းသိမ်းခြင်းနှင့် အာလူးမျိုးတင်သွင်းခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခွန်အောင်(နောင်တရား)**

## တောင်တွင်းကြီးမြို့နယ်၌ စားသုံးဆီများ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချ

**တောင်တွင်းကြီး မေ ၂၀**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်တွင် မကွေးတိုင်းဒေသကြီး စားသုံးဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ တောင်တွင်းကြီးမြို့နယ် စားသုံးသူရေးရာဦးစီးဌာနတို့၏ စီစဉ်မှုဖြင့် အများပြည်သူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရန်အတွက် ယနေ့နံနက် ၈ နာရီမှစ၍ ချောင်းနက်ဈေး၊ တောင်တွင်းကြီးမြို့မဈေးတို့၌ စားသုံးဆီတစ်ပိဿာလျှင် ငွေကျပ် ၅၉၀၀ နှုန်းဖြင့် ဈေးနှုန်းချိုသာစွာ ရောင်းချပေးသည်။

ထိုသို့ ရောင်းချရာတွင် မြို့နယ်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဒေါ်ဌေးဌေး ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့နှင့် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများက ပြည်သူများ အဆင်ပြေစွာ ဝယ်ယူနိုင်ရေး ဆောင်ရွက်ပေးကြောင်း သိရသည်။

**နိုင်ဝင်း(ပြန်/ဆက်)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၁-၄-၂၀၂၂ ကြာသပတေးနေ့

**MRTV HD**

- ၀၆:၀၀ မေတ္တာသုတ်၊ ရတနသုတ်၊ တော၀ျှက်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ပြည်သူအားလုံးနှင့်သက်ဆိုင်သောအနာဂတ် ဒီမိုကရေစီ
- ၀၉:၁၀ NRC အစီအစဉ်(ကယား)
- ၀၉:၄၅ ရေသယံဇာတစုံလင်စွာဝန်ဆိုက်ဒီရေတောအလှ
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အောင်ပွဲပန်ကျိုင် ရင်ဆိုင်ချီတက်' (အပိုင်း-၂၄)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အဝေးဆုံးသောနေရာ' (အပိုင်း-၂၇)
- ၁၅:၁၀ ရုပ်မြင်သံကြားဇာတ်လမ်း 'ကျေးရွာရှင်'
- ၁၆:၃၅ မျက်မှောက်ရေးရာအပြာပြာ
- ၁၇:၁၅ Soccer View
- ၁၇:၃၀ လူမှုစီးပွားမြင်ကွင်းများ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၂၀ မြန်မာဇာတ်လမ်းတွဲ 'ရုပ်ကွက်ထဲမှာဒီလိုပဲ' (အပိုင်း-၁၈)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တားဆီးကျော်ဖြတ်စုံစမ်းဖော်ထုတ်' (အပိုင်း-၁၂)
- ၂၂:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း 'ထင်မိငယောင်များ'

**mitv**

- 07:01 Evergreen Classic: An Da Yel Kin (Htar)
- 07:09 Let's Taste Delicious Insects: Choice Mixed Insects and Lettuce Salad & Red Ant and Soy Bean Paste Curry
- 07:30 Ecotourism: Pyarswal Elephant Camp And Mawlaik Golf Course
- 07:41 Lucrative Myanma Rattan Industry
- 08:01 Discovering Tribes: Yin Net Tribe - Their Life and Customs
- 08:28 Insight Myanmar: Parenting & Child Development (Part-2)
- 08:49 Mekong-Lancang Cooperation: Puppet Festival of Lancang-Mekong- U Shwe Yoe & Daw Moe Dance
- 08:53 Mekong-Lancang Cooperation: Puppet Festival- Creative Performance by Puppeteers of the People's Republic of Chinamale Dancers
- 09:01 News
- 09:27 Elegant and Exquisite Myanmar Cotton Fabrics
- 09:40 Myanmar's Traditions and Culture: The Golden Land
- 10:02 Crocodile Keeper

**MRTV NRC**

- **အနောက်ပိုင်းကရင် (၀၆:၀၀ မှ ၀၇:၀၀)** ရှန်းကန်လှပ်ရှားသူတို့ဘဝများ
- **အရှေ့ပိုင်းကရင် (၀၇:၀၀ မှ ၀၈:၀၀)** စာပေအမြုတေ
- **ချင်း(လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)** နွေးထွေးသည့်လုမ်တန်းရွာသို့အလည်တစ်ခေါက်
- **ချင်း(ချိုး) (၀၉:၀၀ မှ ၁၀:၀၀)** ချင်း(ချိုး)ဘာသာစကားပြောကြရအောင်(အပိုင်း-၁)
- **မွန် (၁၀:၀၀ မှ ၁၂:၀၀)** စံကားမြို့ဟောင်းသမိုင်း
- **ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)** လခြမ်းမြေမှရိုးရာအလှ(အပိုင်း-၁)
- **ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)** လူသားတို့ရဲ့ကျေးဇူးရှင် 'ပျား'
- **ဝ (၁၆:၀၀ မှ ၁၈:၀၀)** ရှန်ခိုက်သို့အလည်တစ်ခေါက်
- **ကချင် (၁၈:၀၀ မှ ၂၀:၀၀)** အမဲစင်းကော
- **ကယား (၂၀:၀၀ မှ ၂၂:၀၀)** ကယားတိုင်းရင်းသားတို့ရဲ့ရိုးရာဓလေ့ဆိုရိုးစကားများ (အပိုင်း-၁)
- **ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)** မြင်းခွာရွက်နှင့်ကျန်းမာရေး

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၄၅ ယဉ်ကျေးမှုနှင့်သဘာဝအလှတေးဖွဲ့သီရာ ကျောက်ချားကျေးရွာ
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အငယ်'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၂)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အင်ဒိုနီးရှားနိုင်ငံ)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၂)

**MRTV FARMERS'**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၃၀ အလှဝေဖြာစပါးရွှေဝါ
- ၀၆:၅၀ မြကျောက်သရက်တို့ရှင်သန်ရာမြေ
- ၀၇:၁၅ ကော်ဖီစိုက်ပျိုးသူများဝင်ငွေတိုးစေဖို့အရည်အသွေးကောင်းကော်ဖီမျိုးများစိုက်ပျိုးစို့
- ၀၈:၅၀ မြရောင်အဆင်းကြက်သွန်ခင်း
- ၀၉:၄၅ ထိရောက်သောစိုက်ပျိုးရေးပညာပေးအစီအစဉ်များဆီသို့

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀) နာရီမှ ည(၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်း




နေပြည်တော် ဧပြီ ၂၀

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ် အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ မရှိခဏဓမ္မရောင်ခြည် ကျောင်းတိုက်သို့လည်းကောင်း၊ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်ရှိ တောင်ပေါ်ကျောင်း ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ပြည်ကျောင်းပရိယတ္တိ စာသင်တိုက်သို့ လည်းကောင်း၊ ရခိုင်ပြည်နယ် အမ်းမြို့နယ်ရှိ ကျောက်ကြီးတောင် ကျောင်းတိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ သစ်ပင်ထောင် ပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ ရွှေတောင်ပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဧပြီ ၂၀

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၀ - ၄ - ၂၀၂၂

**ရွှေ**

| | | | | | | |
|---|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၇၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၅၅၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၇၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၅၅၈၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၆၀ ကျပ် | ၂၂၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၁၈၀ ကျပ် | ၂၂၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၈၉၀ ကျပ် | ၁၉၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၉၇၅ ကျပ် | ၂၁၀၀ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၀၄ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၅၄ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၄ . ၇၅၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၄၁ . ၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၃၂ . ၀၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၈၈ . ၃၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၄ . ၂၂၁ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၈၀၀ | ၇၇၀၀ | ၁၀၅၅ | ၈၁၈၃၅၀၀ |
| MTSH | ၂၇၀၀ | ၂၆၅၀ | ၅၈၃၂ | ၁၅၄၇၁၁၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၈၀၀၀ | ၁၈၀၀၀ | ၄၀ | ၇၂၀၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၂၀ | ၁၀၀၀၀၀ |

ညီညီ - စုစည်းသည်


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချိုးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၀၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News Presented by NPE www.mdn.gov.mm

# ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များကို ဆွဲဆောင်ရာ နတ်မတောင်အမျိုးသားဥယျာဉ်ကြီး

ညိမ်းသူ ( MNA )

**၂၀၂၂ ခုနှစ် မေ ၁၇ ရက် (မြန်မာနှစ်ဆန်း ၁ ရက်) တွင် ခရီးသွားလေကြောင်းလိုင်းများ ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ရာ မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းသည် ပြန်လည်သက်ဝင် စည်ကားလာတော့မည်ဖြစ်သည်။ မြေပြန့်ဒေသ ပင်လယ်ကမ်းခြေအပန်းဖြေလုပ်ငန်းများနှင့် တောင်ပေါ်ဒေသ၏ အပန်းဖြေခရီးစဉ်များ ပြန်လည်နိုးထလာတော့မည်ဖြစ်သည်။**




ကမ္ဘာ့ကပ်ရောဂါကြီးမရှိပါက ခရီးသွားများအား ဆွဲဆောင်ရာ မြန်မာနိုင်ငံအနေဖြင့် ပွင့်လင်းရာသီကာလ ပြည်တွင်း၊ ပြည်ပခရီးသွားလာမှုဖြင့် ပိုမိုစည်ကားနေမည်မှာ အမှန်ပင်ဖြစ်သည်။ ယခုလိုရာသီ၌ ခရီးသွားများစိတ်ဝင်စားရာ တောင်ပေါ်ဒေသတစ်ခုဖြစ်သည့် ချင်းပြည်နယ် ကန်ပက်လက်မြို့မှ ဇီဝမျိုးစုံတို့၏ ရှင်သန်ရာအာဆီယံ အမွေအနှစ်စာရင်းဝင် နတ်မတောင်အမျိုးသားဥယျာဉ်ကြီးနှင့် ဝိတိုရိယတောင် ဇီဝအဝန်းနယ်မြေတို့သည်လည်း ပြည်တွင်း၊ ပြည်ပခရီးသွားများကို ဆွဲဆောင်ရာနေရာများအဖြစ် ပါဝင်လျက်ရှိသည်။

ချင်းပြည်နယ်၏ တောင်စဉ်တောင်တန်းတို့မှာ အေးချမ်းသော သဘာဝအလှနှင့်အတူ လွတ်လပ်ပေါ့ပါးပျော်ရွှင်ဖွယ်ခံစားရမှုကို ခရီးသွားများကို ပေးစွမ်းလျက်ရှိသည်။ ရိုးရာအစားအစာတို့သည် မြို့ပြနှင့်မတူ တစ်မူကွဲပြားလျက် ခရီးသွားများကို ဆွဲဆောင်လျက်ရှိသည်။ နတ်မတောင်အမျိုးသားဥယျာဉ်သည် အပင်များနှင့် ဇီဝမျိုးစုံပေါကြွယ်ဝသော အမျိုးသားဥယျာဉ်ကြီးတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံ၏ဂုဏ်ယူဖွယ် ဝိတိုရိယတောင်တည်ရှိခြင်း၊ တိုင်းရင်းသားတို့၏ ရိုးရာလုပ်ငန်းများရှိခြင်း၊ တောင်ပေါ်ခေါင်ရည်ချိုမြမြနှင့် နွားနောက်သားသည် တောင်ပေါ်အစားအစာအဖြစ် ဆွဲဆောင်လျက်ရှိသည်။ ထို့အတူ သဘာဝတောတောင်များအလှနှင့် တောင်ဇလပ်ပန်း၊ သစ်ခွပန်းတို့ ပေါက်ရောက်သည့် အမျိုးသားဥယျာဉ်ကြီးသည် ပြည်တွင်း၊ ပြည်ပဧည့်သည်များနှင့် သုတေသနပညာရှင်များ အထူးစိတ်ဝင်စားရာနေရာအဖြစ် နတ်မတောင်အမျိုးသားဥယျာဉ်ကြီးသည် နှစ်စဉ်ခရီးသွားလုပ်ငန်းများ ပွင့်လန်းခဲ့သည်။

**အာဆီယံအမွေအနှစ်ဥယျာဉ်ကြီး**

သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်းရှိ ဇီဝမျိုးစုံမျိုးကွဲများ မျိုးသုဉ်းပျောက်ကွယ်ခြင်းမရှိစေရန်နှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့စေရန် ရည်ရွယ်၍ နတ်မတောင်အမျိုးသားဥယျာဉ်ကို ၁၉၃၆ ခုနှစ်မှစတင်ကာ သစ်တောဥပဒေ-၁၉ အရ ဥတုထိန်းကြိုးဝိုင်းအဖြစ် ဖွဲ့စည်းကာကွယ်ထိန်းသိမ်းခဲ့သည်။ ၁၉၉၅ ခုနှစ်မှ စတင်၍ ကန်ပက်လက်မြို့တွင် အုပ်ချုပ်ရေးမှူးရုံးဖွင့်လှစ်ပြီး အမျိုးသားဥယျာဉ် ထိန်းသိမ်းရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ကာ ၁၉၉၇ ခုနှစ်၊ ဇူလိုင် ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၀/၉၇ ဖြင့် အမျိုးသားဥယျာဉ်ကြီးအဖြစ် ဖွဲ့စည်းတည်ထောင်ရန် ရည်ရွယ်ကြောင်းကြေညာခဲ့သည်။ ၂၀၁၀ ပြည့်နှစ်ဒီဇင်ဘာလ ၂ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁၆၄/၂၀၁၀ ဖြင့် နတ်မတောင်အမျိုးသားဥယျာဉ်ကြီးအဖြစ်အတည်ပြုခဲ့ပြီး ၂၀၁၂ ခုနှစ်၊ စက်တင်ဘာ ၂၀ ရက်နေ့တွင် အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ် တိုးမြှင့်သတ်မှတ်ခဲ့သည်။

**ဒေသဖွံ့ဖြိုးမှုကိုအထောက်အကူပြု**

အာဆီယံအမွေအနှစ် အမျိုးသားဥယျာဉ်ကြီးသည် ကန်ပက်လက်၊ မတူပီနှင့် မင်းတပ်မြို့များအတွင်း တည်ရှိပြီး ကန်ပက်လက်မြို့နယ်တွင် ဧရိယာ ၂၉၄၉၅ ဧက၊ မင်းတပ်မြို့နယ်တွင် ၁၃၃၉၀၇ ဧက၊ မတူပီမြို့နယ်တွင် ဧရိယာ ၁၂၀၀၀ ဧကတို့ဖြင့် စုစုပေါင်း ၁၇၆၂၀၂ ဧက ကျယ်ဝန်းသည်။ အာဆီယံအမွေအနှစ်ဥယျာဉ်ကြီးအဖြစ် တိုးမြှင့်သတ်မှတ်ခဲ့သောရည်ရွယ်ချက်မှာ တောင်ပေါ်ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲနေရင်းဒေသများကို ထိန်းသိမ်းကာကွယ်ရန်၊ နိုင်ငံ၏အရေးကြီးသော ရေဝေရေလဲဒေသကို ထိန်းသိမ်းကာကွယ်ရန်၊ ဒေသခံပြည်သူများအား ထိန်းသိမ်းရေးဆိုင်ရာ သိမြင်နိုးကြားမှုမြှင့်တင်ရန်နှင့် သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းမှဝင်ငွေရရှိခြင်းဖြင့် ဒေသဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်ရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

- **နတ်မတောင် အမျိုးသားဥယျာဉ်ကြီးတွင် နို့တိုက်သတ္တဝါ ၃၅ မျိုး၊ အင်းဆက်မျိုးစိတ် ၁၅၅ မျိုး၊ ကုန်းနေရေနေသတ္တဝါ ၁၀၆ မျိုး၊ ငှက်မျိုးစိတ် ၃၄၅ မျိုး၊ လိပ်ပြာမျိုးစိတ် ၇၇ မျိုး၊ အပင် မျိုးစိတ် ၉၁၄ မျိုး၊ သစ်ခွမျိုးစိတ် ၂၀၂ မျိုးနှင့် ဆေးဖက်ဝင် အပင်မျိုးစိတ် ၁၀၈ မျိုးတို့ ရှင်သန်ပေါက်ရောက်လျက်ရှိ**

နတ်မတောင်အမျိုးသားဥယျာဉ်တွင် အမြင့်ဆုံးအပူချိန်မှာ ၃၂ ဒီဂရီစင်တီဂရိတ်ရှိပြီး အနိမ့်ဆုံးအပူချိန်မှာ ၃ ဒီဂရီစင်တီဂရိတ်ရှိ၍ နှစ်စဉ်ပျမ်းမျှမိုးရေချိန်မှာ ၆၅ လက်မခန့်ရှိသည်။ ဝိတိုရိယတောင်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၁၀၂၀၀ ခန့်မြင့်ပြီး တောင်ကုန်းတောင်တန်းများထူထပ်ကာ သက်နုကျောက်တုံးများနှင့် သလင်းကျောက်တို့ဖြင့် ဖွဲ့စည်းထားသည်။ နတ်မတောင်သည် အရှေ့တောင်အာရှတွင် မြေသားဖုံးလွှမ်းသော အမြင့်ဆုံးတောင်အဖြစ် ထူးခြားစွာတည်ရှိလျက်ရှိသည်။ ဇီဝမျိုးစုံမျိုးကွဲများတည်ရှိသောကြောင့် နိုင်ငံခြားခရီးသွားများအထူးစိတ်ဝင်စားကြပြီး တောင်တန်းဂေဟစနစ်၊ သစ်တောဂေဟစနစ်၊ ရေချိုရေဝပ်ဒေသဂေဟစနစ်နှင့် မြက်ခင်းဂေဟစနစ် စသော ဂေဟစနစ်လေးမျိုးဖြင့် ဖွဲ့စည်းတည်ရှိသည်။ ထိုဒေသ၌ တောင်ပေါ်အမြဲစိမ်းသစ်တော၊ တောင်ပေါ်ထင်းရှူးတော၊ တောင်ပေါ်မြက်ခင်းနှင့် တောင်ပေါ်တောတို့ဖြင့် တောရိုင်းတိရစ္ဆာန်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ရှင်သန်လျက်ရှိသည်။

**အပင်မျိုးစိတ်ပေါင်း ၂၅၀၀ ခန့်ရှိ**

သဘာဝအဖြစ် ပေါက်ရောက်သော အပင်တို့မှာ ဝက်သစ်ချမျိုးနွယ်များ၊ သစ်အယ်မျိုးများ၊ မိုင်းဘော၊ တောင်ဇလပ်၊ ထင်းရှူး၊ မကောက်၊ မျောက်ငို၊ သစ်ဂျပိုး၊ ကရဝေး၊ သဖန်း၊ ကတွတ်၊ သစ်မင်းနှင့် ချယ်ရီတို့ အမြဲစိမ်းသစ်တောတွင် ပေါက်ရောက်လျက်ရှိပြီး အပင်မျိုးစိတ်ပေါင်း ၁၀၀၀ကျော် စာရင်းကောက်ယူမှတ်တမ်းတင်ထားသည်။ သိပ္ပံပညာရှင်တို့လေ့လာခန့်မှန်းမှုအရ အပင်မျိုးစိတ်ပေါင်း ၂၅၀၀ ခန့်ရှိကြောင်း မှတ်တမ်းပြုထားသည်။ မြန်မာနိုင်ငံ နတ်မတောင်ဥယျာဉ်၌သာ တွေ့ရှိရသော ဒေသရင်းအပင်မျိုးစိတ်လေးမျိုးဖြစ်သည့် တောင်ဇလပ်ဝါ၊ တောင်ဇလပ်ဖြူ၊ မြေကပ်ပန်းနှင့် ပိုတင်တီလာမြေကပ်ပန်းပင်တို့ကိုလည်း ထိန်းသိမ်းကာကွယ်ထားသည်။

တောရိုင်းတိရစ္ဆာန်များတွင် ဆတ်၊ တောဝက်၊ ခွေးအ၊ ကျားသစ်၊ အင်းကျား၊ သစ်ကြောင်၊ ကြောင်ကတိုး၊ ဝံကြောင်နှင့် သင်းခွေချပ် စသော နို့တိုက်သတ္တဝါများစွာနေထိုင် ကျက်စားလျက်ရှိပြီး သားကောင်များ သတ်ဖြတ်မှုကို ကင်းစခန်းလေးခုဖြင့် ထိန်းသိမ်းကာကွယ်ထားသည်။ နတ်မတောင်အမျိုးသားဥယျာဉ်ကြီးတွင် နို့တိုက်သတ္တဝါ ၃၅ မျိုး၊ အင်းဆက်မျိုးစိတ် ၁၅၅ မျိုး၊ ကုန်းနေရေနေသတ္တဝါ ၁၀၆ မျိုး၊ ငှက်မျိုးစိတ် ၃၄၅ မျိုး၊ လိပ်ပြာမျိုးစိတ် ၇၇ မျိုး၊ အပင်မျိုးစိတ် ၉၁၄ မျိုး၊ သစ်ခွမျိုးစိတ် ၂၀၂ မျိုးနှင့် ဆေးဖက်ဝင်အပင်မျိုးစိတ် ၁၀၈ မျိုးတို့ ရှင်သန်ပေါက်ရောက်လျက်ရှိသည်။



နတ်မတောင်အမျိုးသားဥယျာဉ်ကို ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့တွင် အာဆီယံအမွေအနှစ်ဥယျာဉ် (ASEAN Heritage Park) အဖြစ် တည်ထောင်သတ်မှတ်ခဲ့ပြီး ချင်းပြည်နယ်တောင်ပိုင်းဖြစ်သောကြောင့် ခရီးသွားလာမှုလွယ်ကူသောဒေသလည်းဖြစ်သည်။ မိုင် ၃၂၀ ဝေးကွာသော ရန်ကုန်-ညောင်ဦးခရီးစဉ်တွင် လေကြောင်းခရီးစဉ်ဖြင့် တစ်နာရီကြာမြင့်ပြီး ၁၀၃ မိုင်ဝေးကွာသော ညောင်ဦး-ကန်ပက်လက်မြို့ကားလမ်းခရီးစဉ်၌ ၅ နာရီသာကြာမြင့်မည် ဖြစ်သည်။

*စာမျက်နှာ ၂၁ သို့*

# တာမွေ မင်္ဂလာအဆင့်မြင့်ရုပ်ရှင်ရုံ နှစ်ဆန်း ၁ ရက်နေ့မှစ၍ ဖွင့်လှစ်ပြသလျက်ရှိ

တာမွေ ဧပြီ ၂၀

**ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် ဗညားဒလလမ်းပေါ်ရှိ မင်္ဂလာအဆင့်မြင့် ရုပ်ရှင်ရုံကြီးအား အများပြည်သူများ လွတ်လပ်ပေါ့ပါးစွာ စိတ်အပန်းဖြေကြည့်ရှုနိုင်စေရေးအတွက် ဧပြီ ၁၇ ရက် (မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့)မှစတင်ကာ ပြန်လည်ဖွင့်လှစ်ပြသပေးလျက်ရှိသည်။**

" ရုပ်ရှင်ရုံမှာလည်း ရုပ်ရှင်လာမကြည့်ရတာ ကြာပြီဖြစ်တာရယ်၊ အခုတင်ထားတဲ့ ဇာတ်ကားလေးကိုလည်း အလွန်ကြိုက်တာရယ်ကြောင့် အခုလို လာရောက်ကြည့်ရှုဖြစ်တာပါ။ အခုခေတ်မှာ ရုပ်ရှင်ဇာတ်ကား တော်တော်များများကို အိမ်မှာနေပြီး မိုဘိုင်းဖုန်းကနေ ကြည့်လို့ရတယ်ဆိုပေမယ့်လည်း ရုပ်ရှင်ရုံမှာ ကိုယ်တိုင်လာရောက်ကြည့်ရှုတာနဲ့ အရသာက မတူပါဘူး။ ဒီရုပ်ရှင်ရုံတွေမှာက နောက်ဆုံးပေါ် နည်းပညာတွေကိုသုံးပြီး ရုပ်သံပြသတဲ့စနစ်ကို သုံးထားတဲ့အတွက် ကိုယ်ကိုယ်တိုင်အပြင်မှာ တကယ်ဖြစ်နေတဲ့အတိုင်း ခံစားရတာဆိုတော့ ပိုပြီး စိတ်ဝင်စားဖို့ ကောင်းပါတယ်"ဟု ရုပ်ရှင်လာရောက် ကြည့်ရှုသူ ပရိသတ်တစ်ဦးက ပြောသည်။

ရန်ကုန် အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်တွင် ယခင်က မင်္ဂလာအဆင့်မြင့် ရုပ်ရှင်ရုံနှင့် Mega Ace (ရွှေဗဟိုရုံ ရုပ်ရှင်ရုံ) နှစ်ရုံတို့တွင် မြန်မာရုပ်ရှင်ဇာတ်ကားများနှင့် နိုင်ငံတကာရုပ်ရှင်ဇာတ်ကားများကို ဖွင့်လှစ်ပြသခဲ့ရာမှ ကိုဗစ်-၁၉ရောဂါ ကူးစက်မှုနှုန်း မြင့်မားလာမှုကြောင့် အဆိုပါရုပ်ရှင်ရုံ နှစ်ရုံအပါအဝင် နိုင်ငံတစ်ဝန်းလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံများအားလုံးကို ယာယီပိတ်ထားခဲ့ခြင်းဖြစ်သည်။ ယခုအခါ ကိုဗစ်-၁၉ရောဂါ ကူးစက်မှုနှုန်း လျော့နည်းကျဆင်းလာသဖြင့် တာမွေမြို့နယ်ရှိ မင်္ဂလာရုပ်ရှင်ရုံအပါအဝင် နိုင်ငံတစ်ဝန်းလုံးရှိ ရုပ်ရှင်ရုံများကို မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့မှ စတင်ကာ ဖွင့်လှစ်ပြသပေးလျက်ရှိပြီး တာမွေမြို့နယ်ရှိမင်္ဂလာအဆင့်မြင့်ရုပ်ရှင်ရုံတွင် နံနက် ၁၀ နာရီ တစ်ကြိမ်၊ မွန်းလွဲ ၁၂ နာရီခွဲ တစ်ကြိမ်၊ ညနေ ၃ နာရီခွဲ တစ်ကြိမ်၊ ညနေ ၆ နာရီခွဲတွင် တစ်ကြိမ် ပွဲချိန်လေးချိန် ပြသလျက်ရှိပြီး ဝင်ကြေးနှုန်းထားများအနေဖြင့်လည်း အနည်းဆုံး ငွေကျပ်၁၅၀၀ မှ အများဆုံး ငွေကျပ် ၃၅၀၀ ရှိကြောင်း သိရသည်။ **နိုင်လင်းအောင်(တာမွေ)**



## ပင်လောင်းမြို့နယ်၌ လက်ဖက်ခူးလုပ်သားရှားပါးလျက်ရှိ

**ပင်လောင်း ဧပြီ ၂၀**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်မှ ဒေသခံလူငယ်၊ လူရွယ်၊ လူလတ်ပိုင်းများ ပြည်ပသို့ထွက်ခွာ၍ အလုပ်လုပ်သူများပြားလျက်ရှိသောကြောင့် ယင်းဒေသရှိလက်ဖက်စိုက်ခင်းများတွင် လက်ဖက်ခူး လုပ်သားရှားပါးမှုဖြစ်ပေါ်ကာ လက်ဖက်ထုတ်လုပ်မှု ကျဆင်းနေကြောင်း ဒေသခံအချို့ထံမှ သိရသည်။

"ပင်လောင်းမြို့နယ်က လူငယ်၊ လူရွယ်၊ လူလတ်ပိုင်း အတော်များများက ထိုင်းနိုင်ငံကို ထွက်ခွာပြီး အလုပ်လုပ်ကြတာ များပါတယ်။ သက်ကြီးရွယ်အိုတွေလောက်ပဲ နေအိမ်မှာ ကျန်ရစ်ခဲ့ကြတာပါ။ လက်ဖက်ခူးလုပ်သားရှားပါးတော့ အချို့လက်ဖက်စိုက်ခင်းတွေဆိုရင် မခူးနိုင်လို့ ဒီအတိုင်းပစ်ထားရပါတယ်" ဟု ပင်လောင်းမြို့နယ် တောင်ထိဗွာကျေးရွာနေ လက်ဖက်စိုက်တောင်သူ တစ်ဦးက ပြောသည်။

ပြီးခဲ့သည့် ကိုဗစ်-၁၉ ရောဂါ နှစ်နှစ်ခန့်ကာလအတွင်း လက်ဖက်ခြောက်များကို ဝယ်သူမရှိသလောက် အခြေအနေဖြစ်ပေါ်ခဲ့သော်လည်း ယခုအခါ ခရီးသွားဧည့်သည် များပြားလာခြင်းနှင့်အတူ ဝယ်လိုအားပြန်လည်တိုးလာသောကြောင့် လက်ဖက်ခြောက်များကို ပြန်လည်ထုတ်လုပ် ရောင်းချနေကြရပြီဖြစ်ကြောင်း ၎င်းက ပြောသည်။

ယခုအခါ ပင်လောင်းမြို့နယ်တွင် လက်ဖက်စိုက်ခင်းများအတွင်း လက်ဖက်ရွက်ခူးလုပ်ငန်းအတွက် လုပ်အားခနှုန်းထားမှာ တစ်ပိဿာလျှင် ကျပ် ၅၀၀ ဖြစ်ပြီး လက်ဖက်ပေါက်စျေးမှာ လက်ဖက်ရွက်အစို တစ်ပိဿာလျှင် ကျပ် ၁၀၀၀၊ အခြောက် တစ်ပိဿာလျှင် ၅၀၀၀ မှ ၆၀၀၀ ဖြစ်ကြောင်း သိရသည်။

**ကြီးမြင့်နိုင် (လွိုင်ကော်)**

## မင်းဘူး(စကု)မြို့နယ်၌ စားသုံးဆီ ဖူလုံစေရေးအတွက် နှမ်းနှမ်း၂၀၂၇၄ ဧက လျာထားစိုက်ပျိုးမည်

**မင်းဘူး ဧပြီ ၂၀**

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု) မြို့နယ်တွင် စားသုံးဆီ ဖူလုံစေရေးအတွက် နှမ်းနှမ်း ၂၀၂၇၄ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထိုသို့ နှမ်းနှမ်းသီးနှံများ စိုက်ပျိုးရာတွင် ဆည်ရေနှင့် မြစ်ရေတင်စီမံကိန်းများမှ ရေပေးဝေ စိုက်ပျိုးမည်ဖြစ်ပြီး အိုင်းမဆည်မှ ဧက ၁၆၇၀၀၊ ကမ်းနီ မြစ်ရေတင်စီမံကိန်းမှ ဧက ၄၅၀၊ ကျောက်စံလျှပ်စစ်ရေတင် စီမံကိန်းမှ ဧက ၄၀၀၊ မြေအောက်ရေတူးဖော်ပေးဝေရေးမှ ၈၂၁ ဧကဖြင့် စုစုပေါင်း ၂၀၂၇၄ ဧက လျာထား စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ မင်းဘူး(စကု) မြို့နယ်အတွင်းမှာ အခုနှစ် မိုးစပါးသီးနှံအနေနဲ့ ၄၀၀၄၄ ဧက စိုက်ပျိုးထားပါတယ်။ နှမ်းနှမ်းသီးနှံကတော့ ၂၀၂၇၄ ဧက စိုက်ပျိုးမှာဖြစ်ပြီး လျာထားချက်ပြည့်မီရေးနှင့် မျိုးကောင်းမျိုးသန့်ဖြစ်စေရေး၊ စိုက်ပျိုးတဲ့ နည်းစနစ် မှန်ကန်စေရေး၊ သွင်းအားစုအလုံအလောက် ရရှိရေးတို့ အပြင် ပိုးမွှားရောဂါ ကာကွယ်ရေးလုပ်ငန်းတွေကို ကျွန်တော်တို့ ဝန်ထမ်းတွေက စိုက်ခင်းထဲအရောက် အသိပညာပေးပြီး လုပ်ဆောင်ပေးနေပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးဇော်မင်းသူက ပြောသည်။

**ဇေယျာထက်**
**(မင်းဘူး)**

## ကံမမြို့၌ ဆီထွက်သီးနှံ မိုးနေကြာ ၁၂၂၉ ဧက စိုက်ပျိုးရန်လျာထား

**ကံမ ဧပြီ ၂၀**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၉ နာရီက ၂၀၂၂-၂၀၂၃ သီးနှံနှစ်ဆီထွက်သီးနှံဖြစ်သည့် မိုးနေကြာ စီမံကိန်းတာဝန်ပေးအပ်ပွဲ ကျင်းပသည်။

